www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | မတ်လ၊ ၂၀၁၇ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | ရဲလေး |
| အဖုံး CTP | - | EAGLE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်စန္ဒာ (၀၁၁၂၁) |
| မျက်နှာဖုံးပုံနှိပ် | | Happy Colour Printing<br>အမှတ် ၂၁(ဘီ)၊ ရန်ပြေ(၁၂)လမ်း<br>သာကေတမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (၀၀၁၇၈)<br>အမှတ် ၄၄-ဘီ၊ မြေညီထပ်၊<br>ရေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

မိုးစက်ဖိုင်

ဘာလာ၊ / မိုးစက်ဖိုင် - ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၇။

၁၄၉ - စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


www.burmeseclassic.com

www.burmeseclassic.com

သို့

ကိုညီအတွက်

အမှတ်တရ

ကျွန်တော်

မိုးစက်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်သိမ်းခန်းရောက်တိုင်း
နာကျင်ရမယ်ဆိုရင်
အကြိမ်ကြိမ်ပြန်ပြနေတဲ့
အဲဒီရုပ်ရှင်ထဲက ဇာတ်ကောင်အဖို့
ထပ်ခါတလဲလဲခံနေရတဲ့ ဝဋ်ဆင်းရဲပဲ။

www.burmeseclassic.com

www.burmeseclassic.com

# (၁)

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာဖြစ်ချင်နေတဲ့ ကောင်မလေး တစ်ယောက်နဲ့ ရည်းစားတော်ရတာ သိပ်လွယ်လှတယ်လို့တော့ မထင်နဲ့။ အဲဒီကောင်မလေးနဲ့ ရည်းစားဖြစ်ကတည်းက သာမန်သမီး ရည်းစားတွေ မရောက်ဖြစ်ကြတဲ့ နေရာမှန်သမျှ သူရ အကုန်ရောက် ဖူးသွားတယ်။

ဒီလိုပြောလို့ တည်းခိုခန်းတို့လို၊ ဟိုတယ်တို့လို . . . ပြီးတော့ တစ်ချို့ပန်းခြံတွေထဲက တဲလေးတွေတို့လို နေရာမျိုးတွေလို့လည်း သောက်ရမ်းတွေ စွတ်မထင်လိုက်နဲ့ဦး။ ပြောပြမယ်။

ခုနကပြောတဲ့ သာမန်သမီးရည်းစားတွေ မရောက်တဲ့နေရာ မျိုးတွေဆိုတာက ခုတလော ဘာစီမံချက်၊ ညာစီမံချက်နဲ့ဆိုပြီး ခဏ ခဏ ဖျက်သိမ်းနေတဲ့ ကျူးကျော်ရပ်ကွက်လိုနေရာမျိုးတွေ၊ မီးလောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုတဲ့ နေရာတွေ၊ သဲရဲခြောက်တယ်ဆိုတဲ့အိမ်တွေ၊ နောက်ဆုံး ခေါင်းလောင်းကြီးဖော်တဲ့ နေရာတွေတောင် သူ့ရည်းစား နှင်းဦးခေါ် လို့ သူရောက်ဖြစ်သွားတယ်။

နှင်းဦးရဲ့အကြောင်းပြချက်ကလည်း ခိုင်လုံတယ်။ စာရေး ဆရာ၊ ဇာတ်ညွှန်းရေးဆရာဖြစ်ချင်တဲ့ လူတစ်ယောက်ဟာ အဲဒီလို နေရာတွေကို ကိုယ်တိုင်သွားလေ့လာသင့်တယ်ဆိုပဲ။ သူ့အတွက် ကုန်ကြမ်းလည်း ရတယ်ဆိုပဲ။ သူရအဖို့မှာတော့ ကိုယ့်အတွက် ဘာ ကုန်ကြမ်းမှမရဘဲ လျှောက်လိုက်နေရတာ။ သူ့မှာကလည်း ရည်းစား ဆိုလို့ နှင်းဦးလို ကောင်မလေးတစ်ယောက်ကိုပဲ ဆုလာဘ်ကြီးတစ်ခု လို ပိုင်ဆိုင်ထားတာဆိုတော့ ရှားရှားပါပါး ရည်းစားလေး မငြိုငြင် အောင် အဖော်လျှောက်လိုက်ပေးရတယ်။

ခုတော့ နှင်းဦးတစ်ယောက် စိတ်နည်းနည်းပြောင်းလာပြန် ပြီ။ အပျော်ဖတ်လို့ ပြောနေကြတဲ့ လူငယ်ကြိုက်စာရေးဆရာဘဝဟာ ရပ်တည်ဖို့ သိပ်မလွယ်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ရှင်းပြတယ်။

"စာအုပ်ဈေးကွက်တွေက သိပ်မကောင်းဘူးလေ၊ လူဦးရေ သန်းငါးဆယ်လောက်ကျော်ရှိတဲ့ နိုင်ငံမှာ စာအုပ်ရေတစ်ထောင် ရောင်းဖို့ သိပ်မလွယ်တော့ဘူး။ ဖြစ်နေတာက လူငယ်တွေ သိပ်စာ မဖတ်ကြဘဲ အင်တာနက်တွေနဲ့ အချိန်ကုန်နေကြတာ၊ တိုင်းပြည် အတွက် ရင်လေးစရာပဲ"

နှင်းဦးဆိုတဲ့ ကောင်မလေးက အဲလိုလည်း ကြီးကြီးကျယ် ကျယ်ပြောပြီး သောက်ကျိုးနည်း စိုးရိမ်နေသေးတယ်။ ခုကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ စာမရေးချင်တာ စျေးကွက်မကောင်းလို့ပါ။ အဲဒီမှာတင် ဇာတ်ညွှန်းရေးဆရာလုပ်ဖို့ ရည်ရွယ်ချက်က ပိုခိုင်မာလာတယ်။

"နှင် စဉ်းစားကြည့်လေ . . . ဒီထုတ်လုပ်သူတွေ၊ ဒီမင်းသားမင်းသမီးတွေ၊ ဒီဒါရိုက်တာတွေက မသေမချင်း ဇာတ်ကားတွေ ရိုက်နေကြမှာပဲ၊ ပြီးတော့ . . . ငါလေ့လာမိသလောက် နောက်ပိုင်းရုပ်ရှင်ရုံတွေ ထပ်ဖွင့်တော့မှာဆိုတော့ ရုပ်ရှင်က ခေတ်ကောင်းလာနိုင်တယ်ဟ"

အံမယ် . . . အဲလိုလည်း စျေးကွက်ကို တွက်ထားသေးတယ်။ နှင်းဦးရဲ့ဆုံးဖြတ်ချက်အတိုင်းဆိုရင်တော့ တောက်ပလာမယ့်ကြယ်တစ်ပွင့်အတွက် စာပေလောကအတွက် နစ်နာဖွယ်ရာဖြစ်ပြီးရုပ်ရှင်လောကအတွက် အားတက်စရာ ဖြစ်လာနိုင်တယ်။ စာရေးဆရာမလုပ်ဘဲ ဇာတ်ညွှန်းရေးဆရာပဲ လုပ်တော့မယ် ပြောတာကိုး။

ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်လို့ သူရ တွေးမိတယ်။ မကောင်းဘူးပြောရအောင်လည်း သူ့အနေနဲ့ ဘာမှနားမလည်ဘူးလေ။ နှင်းဦး လုပ်ချင်တာလုပ် ကိစ္စမရှိဘူး။ နှင်းဦးနဲ့အတူရှိနေရင်ပဲ သူ့ဘဝဟာ ပြည့်စုံပြီလို့ ထင်ထားတာကိုး။ သနားစရာ သူရဘဝပဲ။

ခုလည်း သူရခမျာလေးမှာ နှင်းဦး သွားချင်တဲ့နေရာကို လျှောက်လိုက်နေရပြန်တယ်။ တခြားနေရာတော့ မဟုတ်ဘူး။ မြို့ထဲမှာရှိတဲ့ ရုပ်ရှင်ရုံတစ်ရုံကို။ အဲဒီရုံမှာပြနေတဲ့ "အချစ်ချင်းမတူ" ရုပ်ရှင်ဇာတ်ကားကို ကြည့်ဖို့ သွားနေတာ။

အဲဒီရုပ်ရှင်ကားကို နှင်းဦးနဲ့အတူပဲ အရင်ရက်တွေက နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တိတိကြည့်ပြီးပြီမို့ သူရ နည်းနည်းတော့ အထွန့်တက်လိုက်မိတယ်။

"နှင်းဦးရယ် . . . ကြည့်ပြီးသား ဇာတ်ကားကို ဘာဖြစ်လို့ ထပ်ပြီး ကြည့်နေတာလဲ၊ ဇာတ်လမ်းကလည်း လွတ်လပ်ရေးမရခင်က တော်လှန်ရေးဇာတ်လမ်းကြီး"

နှင်းဦးက နှုတ်သီးကောင်းလှ့ပါး . . . ပက်ခနဲ ပြန်ပြောလာတယ်။ ပေစောင်းစောင်းနဲ့။

"ဟဲ့ . . . ငါ ထပ်ကာထပ်ကာ ကြည့်နေတယ်ဆိုတာက ဇာတ်လမ်းကို နားမလည်လို့ မဟုတ်ဘူး။ ဒီဇာတ်ကားရဲ့ဇာတ်ညွှန်းနဲ့ ဒါရိုက်တာရဲ့ အယူအဆတွေကို လေ့လာချင်လို့ ကြည့်တာ၊ တစ်ခုတော့ ရှိတာပေါ့၊ ဒီဇာတ်ကားရဲ့ သရုပ်ဆောင်မင်းထက်ကို ကြိုက်တာလည်း ပါတယ်"

"အဲဒါတွေတော့ ငါ မသိဘူးဟာ၊ ငါက ဇာတ်လမ်းပဲ ကြည့်တတ်တာလေ၊ ပြီးတော့ . . . ဒီဇာတ်လမ်းက တော်လှန်ရေးဇာတ်လမ်းဆိုတော့ ပျင်းစရာကြီး၊ ဒီခေတ်မှာက အဲလိုတော်လှန်ရေးတွေ မရှိတော့ဘူးလေ"

စကားအဆုံးမှာပဲ နှင်းဦးက ဆတ်ခနဲ ခပ်တင်းတင်းပြန်ကြည့်လာတယ်။ ဒီတစ်ခါတော့ လေသံက မာဆတ်ဆတ်ဖြစ်လာပြီ။

"ဒီမှာ သူရ . . . တော်လှန်ရေးကို ပျင်းစရာလို့ပြောရင် နင်နဲ့ငါ အကြီးအကျယ် ကွိုင်တက်မယ်နော်၊ အရင်ခေတ်မှာမှ မဟုတ်ဘူး၊ ခေတ်တိုင်းမှာ တော်လှန်ရေးရှိတယ်၊ နားလည်လား၊ ရှင်းအောင်ထပ်ပြောရရင် ခေတ်ရဲ့စနစ်ကို မကြိုက်လို့ ပြုပြင်ဖို့၊ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ တောင်းဆိုဆန္ဒပြနေကြတာလည်း တော်လှန်ရေးပဲ၊ တော်လှန်ရေးကို ပျင်းစရာလို့ နင် ငါ့ရှေ့မှာ ဘယ်တော့မှ မပြောမိစေနဲ့ . . . ဒါပဲ"

နှင်းဦးရဲ့ ပြတ်သားတဲ့ စကားအဆုံးမှာ သူရ အိခနဲ ဇက်ပုသွားရတယ်။ တစ်ဆက်တည်းပဲ ဒီခေတ်ဟာ တချို့လူကြီးတွေလို စကားကို ရှေ့မကြည့်၊ နောက်မကြည့် သောက်ရမ်းစွတ်ပြောလို့ မရဘူးဆိုတာလည်း နားလည်သွားတယ်။

ဟုတ်တယ်လေ။ မာန်တက်ပြီး ထွက်ပြောကြည့်ပါလား။ ခွေးတွေ၊ ဝက်တွေလို Online မှာ အဆဲခံရတာ။ ဟက် . . . ဟက်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

ငွေမိုးဟာ ဘယ်သွားသွား၊ ဘယ်လာလာ မျက်စိဖွင့်၊ နားစွင့်ထားတတ်တယ်။ ဒါ သူ့အလုပ်ပဲ။ သူ့ကို သူ့ရဲ့မာတာမိခင်က ပီတာဖခင်နဲ့ ပေါင်းစပ်ပြီး ကိုးလလွယ်၊ ဆယ်လမွေးဖွားခဲ့ပေမယ့် သူကိုယ်တိုင်ကတော့ သတင်းထောက်တစ်ယောက်အဖြစ် ဘုရားသခင်က ဒီကမ္ဘာလောကကို စေလွှတ်လိုက်တာလို့ ခံယူထားသူပဲ။ ကိုယ့်စိတ်နဲ့ကိုယ် ကြီးကျယ်ခမ်းနားထားတယ်။

ပြောရရင် သတင်းထောက်တစ်ယောက်အဖြစ် ငွေမိုးရပ်တည်နေတာ အတော်လေးကြာပြီ။ ဒါပေမယ့် . . . နိုင်ငံရေးအနေအထားအရ ခုချိန်မှာ နိုင်ငံရေးသတင်းဂျာနယ်တွေ ရောင်းအားကောင်းနေပေမယ့် အဲဒီနိုင်ငံရေးသတင်းလောကထဲကို လှမ်းမခြေ ပြောင်းမသွားဘူး။ သူ စလုပ်ခဲ့တဲ့ ရုပ်ရှင်၊ ဂီတနဲ့ စာပေအနုပညာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပဲ သီးသန့်ဖော်ပြတဲ့ ဂျာနယ်တစ်ခုမှာပဲ ဆက်လက်တာဝန် ထမ်းဆောင်နေတယ်။

နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံရေးကို စိတ်မဝင်စား လို့ မဟုတ်ဘူး။ စိတ်ဝင်စားတယ်။ ဒါပေမယ့် . . . နိုင်ငံရေးသတင်း လောကမှာ ကိုယ့်ထက်နိုင်ငံရေးကျွမ်းတဲ့ သတင်းထောက်ဆရာကောင်း တွေ အများကြီးပဲ။ သူတို့ ရေးကြလိမ့်မယ်။ သူ့အနေနဲ့ကတော့ နိုင်ငံရေးအမြင် မတောက်တခေါက်လေးနဲ့၊ နိုင်ငံရေးမှုကြုံလောက် အသိနဲ့ ဒီခေတ်၊ ဒီအချိန်မှာ သတင်းရလွယ်တယ်ဆိုပြီး တချို့စုန်းပြူး တွေလို အဲဒီလောကထဲ တောပြောင်းမသွားချင်ဘူး။ ဒီဘက်က စာပေ၊ အနုပညာလောကကိုပဲ တာဝန်ကျေဖို့ ဆုံးဖြတ်ထားတယ်။

နိုင်ငံရေးအခြေအနေက အပြောင်းအလဲတွေ အများကြီး ဖြစ်လာနိုင်တာမို့ ခုချိန်မှာ လူတွေကလည်း နိုင်ငံရေးသတင်းတွေပဲ စိတ်ဝင်စားနေကြတယ်။ နိုင်ငံရေး သတင်းစာ၊ ဂျာနယ်တွေပဲ ရောင်း အားကောင်း 'ပေါက်' နေတယ်။ အဲဒါကိုလည်း ငွေမိုးအနေနဲ့ မနာ လိုတိုရှည် မဖြစ်မိဘူး။ ခု သူဆန္ဒရှိနေတာက မှေးမှိန်သလိုဖြစ်နေတဲ့ အနုပညာဂျာနယ်လောကကို လှုပ်လှုပ်ခတ်ခတ် ဖြစ်စေချင်တယ်။

မင်းသား၊ မင်းသမီးတွေရဲ့ အတွင်းရေးတွေကို လိုက်စုံစမ်း ပြီး စာမျက်နှာပေါ်မှာ မဖွချင်ဘူး။ သူတို့ရဲ့အိမ်ထောင်ရေးဇာတ်လမ်း တွေကိုလည်း အင်တာဗျူးလုပ်ပြီး ပြည်သူလူထုသိအောင် ချမပြချင် ဘူး။ အဲလိုသတင်းတွေကို မုန်းတယ်။ အဲဒီလို တီဗွီအစီအစဉ်အင်တာ ဗျူးတွေဆိုရင် ငွေမိုး သောက်မြင်ကတ်မှကတ်ပဲ။ ဘယ့်နှယ်ဗျာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုများ 'လာရီကင်း' လို့ ထင်နေလား မသိဘူး။ ဆရာကြီးပုံစံနဲ့ တီဗွီဖန်သားပြင်ပေါ်ကနေ အနုပညာရှင်တွေရဲ့ အိမ်ထောင်ရေး အကွဲအပြဲဇာတ်လမ်းတွေကို နှိုက်နှိုက်ချွတ်ချွတ်မေးပြီး တင်ဆက်နေတာကိုက အံ့သြစရာပဲ။

ပြည်သူလူထုသိချင်တာ သူတို့ရဲ့အတွင်းရေးတွေ မဟုတ်ဘူးဗျ။ သူတို့ရဲ့အနုပညာဖန်တီးမှုတွေကို နားထောင်ချင်တာ။ ခေတ်က ပြောင်းနေပြီ။ တစ်လောကလုံးသိအောင် တီဗွီပေါ်ကနေ အတင်းပြောသလို ပြောမနေတော့နဲ့။ ဖေ့စဘုတ် တစ်ချက်ဖွင့်ကြည့်လိုက်ရုံနဲ့ လူတိုင်း သိနိုင်နေပြီ . . . ဟက် . . . ဟက်။

ထားတော့ . . . အဲဒီလိုလူတွေနဲ့ ငွေမိုးကတော့ ပြဒါးတစ်လမ်း၊ ရွှေတစ်လမ်းပဲ။ သူ့အနေနဲ့က အနုပညာလောကကို လှုပ်ခတ်သွားစေမယ့် သတင်းတစ်ပုဒ် လိုချင်နေတာ။ ပြည်သူလူထု ဟာခနဲ ဟင်ခနဲ ဖြစ်သွားစေမယ့် ရုပ်ရှင်လောကရဲ့သတင်းတစ်ပုဒ်ကို ပြည်သူလူထုဆီ ပို့ပေးချင်တာ။ အဲလိုသတင်းမျိုးပဲ ငွေမိုးလိုက်ချင်တယ်။

ဒီနေ့လည်း မင်းသားသစ်တစ်ယောက်ကို အင်တာဗျူးပြီး မြို့ထဲထွက်လာခဲ့တယ်။ ခုတလော သတင်းရေးရတာ တယ်လက်မတွေ့ပေဘူး။ သူရေးချင်နေတဲ့ သတင်းမျိုးလည်း မရသေးလို့ ဖြစ်မယ်။

မြို့ထဲလျှောက်လာရင်း ရုပ်ရှင်ရုံတွေရှေ့က ဖြတ်အလျှောက်မှာ ရုံတစ်ရုံမှာ တင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပိုစတာကြီးကို လှမ်းကြည့်မိတယ်။ 'အချစ်ချင်းမတူ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ဇာတ်ကားကတော့ ခေတ်ဟောင်းတော်လှန်ရေး ဇာတ်ကားပဲ။ ဒီဇာတ်ကားအညွှန်းကို သူများတွေရေးလို့ ဂျာနယ်တစ်စောင်မှာ ဖတ်ဖူးတယ်။ သူ့အနေနဲ့ကတော့ ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးကို မကြည့်ရသေးဘဲ လေဖမ်း ဒါန်းစီးပြီး ဂျာနယ်ပေါ် မရေးချင်ဘူး။

ဒီတော့ မြို့ထဲရောက်နေတဲ့အတူတူ ရုပ်ရှင်ဝင်ကြည့်ရင် သတင်းတစ်ပုဒ်တော့ ရလိမ့်မယ်လို့ ငွေမိုး တွက်လိုက်မိတယ်။ အဲဒီအတွေးလေးနဲ့ပဲ ရုပ်ရှင်ဝင်ကြည့်ဖို့ ဆုံးဖြတ်ခဲ့တာ။ တစ်ခုတော့ရှိတယ်။ ဒီရုပ်ရှင်ဇာတ်ကားရဲ့ အဓိကဇာတ်ကောင်မင်းသားမင်းထက်နဲ့ အပြင်မှာ လူချင်းရင်းနှီးတာလည်း ပါတာပေါ့လေ။

ငွေမိုး လက်မှတ်ဝယ်ပြီး ရုံထဲဝင်လာတော့ ရုပ်ရှင်ပြဖို့ ဆယ်မိနစ်လောက်တောင် လိုသေးတယ်။ ဒီတော့ အလကားနေ အလကားပဲဆိုပြီး သူ ရုပ်ရှင်သတင်းရေးလို့ရအောင် ရုပ်ရှင်ဝင်ကြည့်နေကြောင်း ဂျာနယ်တိုက်က အယ်ဒီတာချုပ်ဆီ ဖုန်းလှမ်းထိုးထားလိုက်တယ်။

ရုံထဲဝင်လာကြတဲ့ ပရိသတ်တွေကို ဝေ့ကြည့်ရင်း . . . မြန်မာရုပ်ရှင်တွေကိုလည်း မြန်မာပရိသတ်တွေ ပြန်စိတ်ဝင်စားလာကြပြီပဲလို့ မှတ်ချက်ချမိသေးရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

သူရနဲ့နှင်းဦး ရုပ်ရှင်ရုံထဲရောက်ပြီး သိပ်မကြာဘူး . . . ရုပ်ရှင်ပြဖို့အတွက် မီးမှောင်ချလိုက်ပြီ။ ဖွင့်ထားတဲ့ သီချင်းသံကို ပိတ်လိုက်ပြီ။ ဒီအခြေအနေမျိုးမှာတော့ သူရအတွက် ဂွင်ပဲလို့ သောက်ရမ်းတွေ မထင်လိုက်နဲ့ဦး။ သူရအနေနဲ့ မှောင်နေတဲ့ ရုပ်ရှင်ရုံထဲမှာ နှင်းဦးကို ဟိုကိုင်ဒီကိုင် လုပ်လို့မရတာ ရည်းစားစဖြစ်ကတည်းက။

နှင်းဦးပြောထားတာကလည်း ရှင်းတယ်။ လန်းတယ်။ ပြီးတော့ ထိတယ်။ အိုင်းစ် . . . ။

"လူတွေ စောင့်ကြည့်ပြီး မြင်ရနိုင်တဲ့ နေရာမျိုးတွေမှာ ပွတ်သီးပွတ်သပ် မလုပ်စမ်းပါနဲ့ဟာ၊ သမီးရည်းစားအချင်းချင်း ဆန္ဒရှိတာကို ငါနားလည်တယ်၊ လုံခြုံစိတ်ချရတဲ့နေရာဆို ငါမပြောဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလည်း မငြင်းဘူး . . . ဟုတ်ပြီလား သူရ၊ အလကားနေရင်း ဘာအရသာမှမရှိဘဲ လက်မသရမ်းနဲ့"

ရှင်းရောပဲ။ နှင်းဦးက အဲဒီလို စွာတေးလန်ဇတ်ဇတ်ကျဲ သောက်ကောင်မလေး။

ဒါပေမယ့် ခုချိန်မှာတော့ သူရလည်း ရုပ်ရှင်ရုံမှောင်မှောင် မဲမဲထဲမှာ ငြိမ်ပြီးထိုင်နေတယ်လို့ မထင်နဲ့။ လက်နှစ်ဖက်စလုံးက ကိုယ့်ပစ္စည်းနဲ့ကိုယ် သောက်လုပ်တွေ ရှုပ်နေတယ်။ အဲလိုပြောလို့ တစ်မျိုးမထင်နဲ့ဦး။ နှင်းဦးကို ဖားယားပြီး ကျွေးဖို့ နေကြာစေ့တွေ ဝယ်လာတာလေ။ အဲဒါကို အခွံနွှာနေရတယ်။

မကြာဘူး။ ရုပ်ရှင်ပိတ်ကားပေါ် မီးလင်းလာပြီ။ နိုင်ငံတော် သီချင်းသံနဲ့အတူ နိုင်ငံတော်အလံလည်း ရုပ်ရှင်ပိတ်ကားပေါ်မှာ ပျံ့လွင့်နေပြီ။

ရုပ်ရှင်ကြည့်ပရိသတ်တွေ ထရပ်ကြတယ်။ နိုင်ငံသားတစ် ယောက်အနေနဲ့ နိုင်ငံတော်အလံကို အလေးပြုဖို့ အသိရှိတဲ့လူတွေ ထရပ်ဦးညွှတ်ကြတယ်။ နိုင်ငံမြေပေါ်မှာနေ၊ နိုင်ငံရေသောက်ပြီး နိုင်ငံတော်အလံကို အလေးပြုဖို့လောက်တောင် အားမစိုက်၊ အသိ မရှိတဲ့ လူ့သောက်တလွဲတချို့သာ ပေကပ်ကပ်ထိုင်နေကြတာပါ။ သောက်ရှက်လည်း မရှိကြဘူး။ ဒီသောက်ချိုးတွေနဲ့ ဒီမိုကရေစီကျ လိုချင်ကြသေးတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းချင်ကြသေးတယ်။ ဟိုလူကြီးပြောသလို စက်ာပူလောက်တောင် ဖြစ်လာမှာ မဟုတ်ဘူး။ သေတောင် မဖြစ်ဘူး . . . ယုံ။ ဟက် . . . ဟက်။



www.burmeseclassic.com

www.burmeseclassic.com



သူရကတော့ နှင်းဦးအကြောင်း နောကျေနေပြီမို့ ထရပ်တယ်။ နိုင်ငံတော်သီချင်းဆုံးတဲ့အထိ နှင်းဦးနဲ့အတူ ဦးညွှတ်ငြိမ်သက်တယ်။ နှင်းဦးနဲ့ ရည်းစားဖြစ်ကတည်းက သူရ လူပိုပီသလာတယ်။

နိုင်ငံတော်သီချင်းဆုံးတော့ 'ခေတ်သားကောင်း ရုပ်ရှင်ထုတ်လုပ်ရေး' ဆိုပြီး စာတန်းထိုးပြီ။ ရုပ်ရှင်အဖွင့်က လှတယ်။ တောထဲတစ်နေရာမှာ နယ်ချဲ့ကို တော်လှန်ဖို့ တော်လှန်ရေးတပ်သားတွေ ဓားသိုင်းလေ့ကျင့်ခန်း လုပ်နေကြတာ။ တော်လှန်ရေးခေါင်းဆောင် ကိုအောင်သာအဖြစ် မင်းသားမင်းထက်က သရုပ်ဆောင်ထားတယ်။ ဝါရင့်မင်းသားဆိုတော့ သရုပ်ဆောင်လည်း ကောင်းပ။

ဇာတ်ကောင် ကိုအောင်သာက သူ့ရဲဘော်တွေရှေ့မှာ မားမားမတ်မတ်ရပ်လိုက်ရင်း စကားတစ်ခွန်းပြောတယ်။

"ငါတို့ မျှားမျှားလေ့ကျင့်နိုင်မှဖြစ်မယ် ညီအစ်ကိုတို့၊ ငါတို့မှာ ဟိုအယုတ်တမာကောင်တွေလို သေနတ်မရှိဘူး၊ လက်နက်ခဲယမ်း မပြည့်စုံဘူး၊ ငါတို့မှာရှိတာက တိုင်းပြည်ကို ချစ်တဲ့စိတ်နဲ့ ရဲရဲနီတဲ့ မြန်မာ့သွေးပဲ"

ပြောရင်း ကိုအောင်သာက လက်ထဲက ဓားရှည်နဲ့ အနီးမှာရှိတဲ့ ငှက်ပျောပင်ကို တိခနဲ ပြတ်သွားအောင် ပိုင်းချလိုက်တယ်။ ဒါပဲ။

သူရ စဉ်းစားတယ်။ အင်း . . . အဲဒီခေတ်က သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်ဆိုတဲ့ ဥပဒေမရှိလို့ပေါ့ဆိုပြီး သောက်တလွဲတွေးတယ်။ တစ်ဆက်တည်း ဆက်တွေးတယ်။ ထောင်သုံးနှစ်ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခရိုနီတွေ သစ်ခုတ်တာ အကုန်ပြောင်နေပြီ။ သူတို့ကျ ဘာမှ မဖြစ်ဘူး။ ဘာလဲဟ . . . ဥပဒေက။ အိုင်းစ် . . . ။

နှင်းဦး စဉ်းစားနေတာကျတော့ တစ်မျိုး။ သူ တွေးနေတာက ရုပ်ရှင်ရဲ့အယူအဆ။ ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်ကွက်တစ်ခုမှာ မလိုအပ်ဘဲ စကားတွေအများကြီးပြောတာ မကြိုက်ဘူး။ ခု ဒီရုပ်ရှင်မှာ ဒါရိုက်တာက လိုအပ်သလောက်ပဲ ပြောခိုင်းတယ်။ အဲဒါကို ကြိုက်တာ။

ခု ရုပ်ရှင်လောကမှ အယူအဆသစ်တွေနဲ့ ဒါရိုက်တာအသစ်၊ ဇာတ်ညွှန်းဆရာအသစ်တွေ အများကြီး ပေါ်လာပြီ။ အဲဒါ မိုက်တယ်။ အဲဒီလိုဖြစ်လာမှ ရုပ်ရှင်လောက,က တိုးတက်ပြောင်းလဲလာမှာ။

ရှေးရိုးစွဲတွေကျန်ခဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ရုပ်ရှင်ရဲ့ဒုတိယပြကွက်က ဖျတ်ခနဲ ပြောင်းသွားတယ်။ တောထဲမှာ မဟုတ်တော့ဘူး။ ရွာတစ်ရွာရဲ့သာယာတဲ့ လမ်းလေးကို အရင်ပြတယ်။ အချိန်က ညနေရီဆည်းဆာ။ တိမ်တွေ လက်ကုန်ပွင့်ဝေနေတဲ့အချိန်ကို ဒါရိုက်တာက အမိအရ ယူထားတယ်။ ကောင်းလိုက်တဲ့ စိတ်ကူး။

ရွာရဲ့သာယာတဲ့ လမ်းလေးအတိုင်း ဇာတ်ကောင်ကိုအောင်သာနဲ့ မင်းသမီး သူဇာတင်တို့ လျှောက်လာကြတယ်။ လေ့လာနေတဲ့နှင်းဦး သိလိုက်ပြီ။ ရုပ်ရှင်သဘောအရ ဒါရိုက်တာက မင်းသားရဲ့ ကာရိုက်တာကို မိတ်ဆက်ပြီး ခု မင်းသမီးကို ထပ်မိတ်ဆက်ပြီ။ လှော လောဆယ် မင်းသမီးကိုပဲ ပြထားသေးတယ်။ သူ့ကာရိုက်တာ ရုပ်တည်မှုတွေ မပါသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟော . . . လာပြီ။ ဘယ်လိုမိတ်ဆက်မလဲဆိုတာ။

သူဇာတင်က ကိုအောင်သာရဲ့လက်မောင်းကို ကိုင်လိုက်ရင်း ခပ်လေးလေး ပြောတယ်။ အကြည့်က စိုးရိမ်ပူပန်နေတဲ့ အကြည့်လေးနဲ့။

"ဒါဆိုရင် အစ်ကိုတို့ ခရီးထွက်ရဦးမှာပေါ့နော်"

ဇာတ်ကောင် ကိုအောင်သာက ပင့်သက်ကို အရင်ရှိုက်တယ်။ ပြီးတော့မှ မာန်တင်းပြီး ထပ်ပြောလိုက်တယ်။

"ဟုတ်တယ် သူဇာ၊ တော်လှန်ရေးကြီး မပြီးမချင်းတော့ ခုလို ခရီးတွေ ထွက်နေရဦးမှာပဲ၊ အဲဒါကလည်း ကိုယ်တို့နိုင်ငံကြီး စစ်မှန်တဲ့ လွတ်လပ်ရေးရဖို့အတွက်ပဲလေ"

သူဇာတင် သက်ပြင်းကို မှုင်းချလိုက်ရတယ်။

"သူဇာ နားလည်ပါတယ် အစ်ကို၊ အစ်ကိုရဲ့စိတ်ဓာတ်နဲ့ နှလုံးသားကို သူဇာ လေးစားမြတ်နိုးပြီးသားပါ၊ အစ်ကိုတို့ တော်လှန်ရေးကြီး အောင်မြင်လိမ့်မယ်လို့လည်း ယုံကြည်တယ်၊ ကိုယ့်ကိုယ်ကို တော့ ဂရုစိုက်ပါနော် အစ်ကို"

သူဇာတင်စကားအဆုံးမှာ ကိုအောင်သာဟာ ပန်းကို အသာ သိုင်းဖက်လိုက်ရင်း . . .

"ဟုတ်ပါပြီ သူဇာရယ် . . . ကိုယ် ဂရုစိုက်ပါ့မယ်၊ ဒါနဲ့ ကိုယ်လည်း သူဇာ့ကို ပြောရဦးမယ်"

သူဇာတင်က ဖျတ်ခနဲ ပြန်ကြည့်လိုက်တယ်။ ပြောလေဆို တဲ့ အကြည့်မျိုး။ ဒီနေရာမှာ ဘာစကားလုံးမှ ထည့်ပြောစရာမလို



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။ အကြည့်နဲ့တင် ပြီးတယ်။ ကိုအောင်သာကပဲ ဆက်ပြော တယ်။

"သူဇာလည်း မြန်မာမိန်းကလေးပဲ သူဇာရယ်၊ တစ်ခါတလေ ကိုယ့်အမျိုးသားအင်္ကျီဖြစ်တဲ့ ပင်နီရင်ဖုံးလေး ဝတ်ပါလား၊ သူဇာကို ပင်နီရင်ဖုံးလေးနဲ့ သိပ်မြင်ချင်တာပဲ"

ကိုအောင်သာက မချင့်မရဲပုံစံနဲ့ ပြောလိုက်တာပါ။ သူဇာတင် သက်ပြင်းထပ်ချတယ်။

"သူဇာလည်း ဝတ်ချင်တာပေါ့ အစ်ကိုရယ်၊ မြတ်မြတ်နိုးနိုး နဲ့ကို ဝတ်ချင်တာပါ၊ ဒါပေမယ့် . . . ဖေဖေက အရေးပိုင်မင်းဖြစ် နေတော့ ကုလားဖြူတွေမြင်ရင် ငြိုငြင်မှာစိုးလို့ဆိုပြီး သူဇာ့ကို ပေး မဝတ်တာလေ"

ကဲ . . . အဲဒီ ဒိုင်ယာလော့နဲ့တင် ဒါရိုက်တာက သူဇာတင် ဟာ အရေးပိုင်မင်းရဲ့သမီးဖြစ်တယ်ဆိုတာကို မိတ်ဆက်လိုက်ပြီ။ တစ်ဖက်က ချစ်သူကလည်း တော်လှန်ရေးသမားဆိုတော့ သူဇာတင် ရဲ့ဘေးကျပ်နံကျပ် အခြေအနေကို ပရိသတ်ကို သိစေလိုက်တယ်။ ဝတ္ထုရေးသလို 'သူဇာတင်သည် အရေးပိုင်မင်းသမီးတစ်ယောက်ဖြစ် သည်။ သူမ၏ချစ်သူ ကိုအောင်သာကလည်း တော်လှန်ရေးသမား ဖြစ်နေသောကြောင့် သူကျောင်းမှာ ဖခင်က တစ်ဖက်၊ ချစ်သူက တစ်ဖက်' . . . စသဖြင့် စကားပြေတွေ ရေးပြနေစရာမလိုဘူး။ စကား တစ်ခွန်းနဲ့ အခြေအနေကို ပေါ်လွင်စေတယ်။ အဲဒါ ဇာတ်ညွှန်းပဲ။

ဝတ္ထုဆိုတာမျိုးက စာဖတ်သူရဲ့မျက်စိထဲ ရုပ်ပုံတွေ မြင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားမိလာအောင် အနုပညာနဲ့ ရက်ဖောက်တာ။ ဇာတ်ညွှန်းကျတော့ ဇာတ်ညွှန်းရေးသူက ပရိသတ်ကို မြင်စေချင်တဲ့ အရုပ်ကို အရင်မြင်အောင် စိတ်ကူးပြီးမှ ဒါရိုက်တာ ရိုက်လို့အဆင်ပြေအောင် ပုံစံချရေးရတာ။ ဇာတ်ညွှန်းတစ်ပုဒ်ကို သာမန်ဝတ္ထုဖတ်သူ ဖတ်လို့ ဘာမှ မမြင်နိုင်ဘူး။ ဇာတ်လမ်းဇာတ်ကွက်ကို မြင်ယောင်လို့မရဘူး။

ဝတ္ထုနဲ့ဇာတ်ညွှန်းက တူမလိုနဲ့ အတော်ကွာပါလားလို့ နှင်းဦးခင် ရုပ်ရှင်ကြည့်နေရင်းက တွေးလိုက်မိသေးတယ်။ ပြီးမှ အာရုံက ရုပ်ရှင်ပိတ်ကားဆီ ပြန်ရောက်တယ်။

ဇာတ်ကောင် ကိုအောင်သာ ပြန်ပြောပြီ။

"အင်း . . . သူဇာ့ဖေဖေနဲ့ ကိုယ်နဲ့ကတော့ ဆန့်ကျင်ဘက်ဖြစ်မှန်းမသိ ဖြစ်နေပြီ သူဇာ"

"သူဇာလည်း အဲဒါကိုပဲ တွေးပြီး တစ်နေ့တစ်နေ့ စိတ်ညစ်နေတာ၊ ဖေဖေက အစ်ကို့ကို တော်လှန်ရေးထဲ မပါစေချင်ဘူးလေ"

ကိုအောင်သာကလည်း ဆတ်ဆတ်ထိမခံပုံစံနဲ့ ချက်ချင်းပြန်ပြောလိုက်တယ်။

"ကိုယ်ကလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး လွတ်လပ်ဖို့အတွက် တော်လှန်ရေးမှ မဆင်နွှဲရရင် ရှက်လို့ သေမှာပဲ သူဇာ"

သူဇာတင် သက်ပြင်းပဲ ထပ်ချလိုက်ရတယ်။ ညှိုးနေတဲ့ မျက်နှာပေးလေးနဲ့ ဆက်ပြောပြန်တယ်။

"ကဲပါ . . . အစ်ကိုနဲ့သူဇာ အငြင်းအခုံမလုပ်ချင်ဘူး။ ဒါပေမယ့် တစ်ခုတော့ ပြောထားမယ်နော် အစ်ကို၊ ဖေဖေနဲ့မေမေ



www.burmeseclassic.com

www.burmeseclassic.com



က အစ်ကို့ကို တွေ့ချင်လို့ဆိုပြီး အိမ်ခေါ်ထားတယ်မလား၊ အဲဒီအခါ ကျရင်သာ သူဇာ့မျက်နှာကို ထောက်ထားပြီး ဖေဖေနဲ့ အဆင်ပြေအောင် စကားပြောပါနော် အစ်ကို"

ကိုအောင်သာရဲ့မျက်နှာပေါ်မှာ ချစ်သူအတွက် စိတ်မကောင်းတဲ့ပုံစံ အထင်းသားပေါ်သွားတယ်။ လမ်းလျှောက်နေရာကနေ ဆတ်ခနဲ ရပ်လိုက်ရင်း သူဇာတင်ပခုံးကို လက်နှစ်ဖက်နဲ့ စုံကိုင်ပြီး သူနဲ့ မျက်နှာချင်းဆိုင်အောင် ဆွဲလှည့်လိုက်တယ်။

"ကောင်းပါပြီ သူဇာရယ် . . . သူဇာ့စကားကို ကိုယ် အလေးအနက်ထားပါ့မယ်"

ရပ်ရှင်ပိတ်ကားထက်မှာ သူဇာတင် မျက်နှာလေး ပြုံးသွားပုံကို အနီးကပ် အမိအရပြတယ်။ ပြီးမှ မြင်ကွင်းက ကောင်းကင်မှာ ဆည်းဆာတိမ်တွေ တောက်ပြောင်နေပုံကို ဒါရိုက်တာက ကြားညှပ်ပြကွက်အနေနဲ့ ထပ်ပြလိုက်တယ်။ ဒါဟာ တစ်နေ့ကုန်သွားပြီဆိုတဲ့ သဘောလည်း ဖြစ်တယ်။

စိတ်နစ်ပြီး ကြည့်နေတဲ့ နှင်းဦးခင်အဖို့ လေ့လာစရာတွေ အများကြီး တွေ့ရပါတယ်။ နံဘေးက ရည်းစားဖြစ်သူ သူ့ရကို တစ်ချက်အကဲခတ်လိုက်တော့ သောက်ကောင်လေးက အိပ်ချင်တဲ့ပုံစံနဲ့ တဝါးဝါးသန်းဝေနေပြန်တယ်။

ရည်းစားတော့ ရည်းစားပေါ့။ လောလောဆယ်တော့ သောက်ဖတ်လုပ်မနေတော့ဘဲ ရုပ်ရှင်ပိတ်ကားဆီပဲ အကြည့်ကို ပြန်ပို့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

မြင်ကွင်းကျယ်ပိတ်ကားထက်မှာ ရေနံချေးသုတ်ထားလို့ ည်းနေတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံး ပေါ်လာတယ်။ အိမ် ကြီးရဲ့အောက်ထပ် မြေပြင်ပေါ်မှာ ထိပ်တုံးတစ်ခုကို ချထားတယ်။ ပ်လှမ်းလှမ်းမှာတော့ ချိတ်ဆွဲထားတဲ့ မောင်းကြီးတစ်ခု။

အဲဒီလောက်ဆို ဒီအိမ်ဟာ အရေးပိုင်မင်းရဲ့အိမ်တော်ဆို ာ ပရိသတ် သိလောက်ပြီ။ ရုပ်ရှင်က ဒါပဲ။ အပြော မဟုတ်ဘူး။ အပြနဲ့တင် တော်တော်များများ အလုပ်ဖြစ်တယ်။ အပြောနဲ့အပြဆို ို့ အပြောဆိုတာကို စဉ်းစားမိသေးတယ်။ 'မိဘပြည်သူများခင်ဗျာ' ဆိုတဲ့ စကားပဲ ကြားယောင်မိတယ်။ ပြောပဲ ပြောတာ။ ထိထိရောက် ရောက် လုပ်ပေးတာ ဘာမှမရှိဘူး။ သိမှာပါ။ ဟက် . . . ဟက်။ ိုင်းစ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီးလည်း ကြည့်ဖူးကြမှာပါ။ ကိုရီးယားဇာတ်လမ်းတွဲတွေမှာဆို ကုမ္ပဏီအဆောက်အဦကြီးတစ်ခုလုံးကို ဖျတ်ခနဲ ရိုက်ပြတယ်။ ပြီးတာနဲ့ ကုမ္ပဏီရုံးခန်းထဲကို ထပ်ပြတယ်။ ဒါဆိုရင် ပရိသတ်သိတာက ဒီရုံးခန်းဟာ ခုနက ပြတဲ့ အဆောက်အဦထဲက ရုံးခန်းတစ်ခန်းပေ့ါ။ ဒါပေမယ့် . . . တကယ်က ဟုတ်ချက်မှ ဟုတ်တာလေ။ လိမ်ရိုက်ပြလို့ ရတာပဲ။ ဘယ်အခန်းမှာ ရိုက်ရိုက်ပေ့ါ။ အဆောက်အဦနဲ့ တွဲပြလိုက်ရင် ရပြီ။ လိမ်တာလေ . . . ဟား ဟား။

ဒါပေသိ ခု ကြည့်နေရတဲ့ ရုပ်ရှင်ကတော့ အဲလိုမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကြီးကို ရိုက်ပြထားရင်းနဲ့ ကင်မရာကို အိမ်အပေါ်တက်တဲ့ လှေကားအတိုင်း ရိုက်သွားတယ်။ ကြည့်တဲ့ ပရိသတ်အဖို့ လူတစ်ယောက် တက်လာသလိုပေ့ါ။

အိမ်အပေါ်ထပ်ရောက်တာနဲ့ အိမ်ဦးခန်းကို ပြတယ်။ စမြင်ရတာက နံရံမှာ နှလုံးပြူးသေနတ်တစ်လက် ချိတ်ထားတဲ့ ပြကွက်ပဲ။

ဒီနေရာမှာ တစ်ခုပြောချင်သေးတယ်။ ဝတ္ထုရေးဆရာကြီး ချက်ကော့ဖ်ရဲ့ အယူအဆအရဆိုရင် နံရံမှာ သေနတ်ချိတ်ထားတာဟာ အရေးပိုင်မင်းဆိုတဲ့ အပြသက်သက်မဟုတ်ဘူး။ လိုအပ်လို့ ချိတ်ထားတာ။ ဆိုလိုချင်တာက ဒီရုပ်ရှင်မှာ ဒီသေနတ်ချိတ်ထားတာကို ပြထားရင် ဒီရုပ်ရှင်ထဲက တစ်နေရာရာမှာ ဒီသေနတ် ပစ်ကို ပစ်ရမယ်။ အဲဒီလို . . .။ ဒါပေမယ့် ဒီရုပ်ရှင်မှာတော့ အဲလို ဟုတ် မဟုတ် စောင့်ကြည့်ကြပေ့ါ။

နံရံပေါ်က သေနတ်ကို ပြပြီးတာနဲ့ ဧည့်ခန်းထဲမှာ အခန်း



www.burmeseclassic.com

www.burmeseclassic.com



သားထိုင်နေတဲ့ အရေးပိုင်မင်းနဲ့ သူ့မိန်းမကို ပြတယ်။ ပြီးတာနဲ့ . .

"ဦးလေးနဲ့ အဒေါ် . . . ကျွန်တော် ရောက်ပါပြီ ခင်ဗျ"

စကားသံအဆုံးမှာပဲ ကိုအောင်သာဟာ ဧည့်ခန်းထဲက အရေးပိုင်မင်းနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်တယ်။ အဲဒီအချိန်မှာပဲ အိမ်ထဲကနေ သူဇာတင် ခပ်ရှိန့်ရှိန့်လေး ထွက်လာပြီး မိဘနှစ်ပါးနဲ့ ကိုအောင်သာတို့ရဲ့ ကြားနေရာမှာ ထိုင်လိုက်တယ်။ စကားစပြောတာက အရေးပိုင်မင်း။

"ငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ် အောင်သာ၊ မင်းနဲ့ငါ့သမီး မေတ္တာမျှနေကြတဲ့ကိစ္စကို တစ်ရွာလုံးလည်း သိနေကြပြီ၊ ငါ့အနေနဲ့ကတော့ ငါ့သမီးကို စိတ်မဆင်းရဲစေချင်တာ အမှန်ပဲ၊ ဒါပေမယ့် . . . ခက်နေတာက ငါက အရေးပိုင်ဖြစ်နေသလို မင်းကလည်း တော်လှန်ရေးခေါင်းဆောင် ဖြစ်နေတာပဲ"

လေသံကတော့ ဒီဘက်ခေတ်မှာဆိုရင် အာဏာရှင်လေသံမျိုးပဲ။ ကိုအောင်သာကလည်း လူထုဘက်တော်သားဆိုတော့ ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်။

"အဲဆိုတော့ ဦးလေးက ဘာလိုဖြစ်ချင်လို့လဲဗျ"

အရေးပိုင်မင်း တင်းသွားတယ်။ ဟုတ်တယ်လေ။ သူက လောလောဆယ် အာဏာရှိနေတာ။ ပြီးတော့ သမီးရှင်။ သူလိုလူမျိုးကို မလောက်လေး မလောက်စား အောင်သာလို သောက်ကောင်လေးက ခပ်တည်တည် လာပြောနေတာကိုး။

အာဏာရှင်ဆိုတော့ သေရင် အဲဒီအာဏာမပါမှန်း သိပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အဲဒီအာဏာကိုပဲ လက်ကိုင်ထားပြီး ပြန်ပြောတာပေါ့။

"ဘယ်လိုဖြစ်ချင်လဲဆိုတော့ ဒီအခြေအနေမျိုးမှာ မင်းနဲ့ ငါ့သမီးကို လက်ထပ်ပေးလိုက်ရင် ငါ့အတွက် အခက်အခဲတွေ အများကြီးကြုံလာနိုင်တယ်၊ အရေးပိုင်မင်းရဲ့သားမက်က တော်လှန်ရေးခေါင်းဆောင်ဆိုတော့ မင်းကြီးတွေဆီမှာ ငါငြိုငြင်ခံရမှာ အမှန်ပဲ၊ လက်ရှိရာထူးလေးတောင် ပြုတ်သွားနိုင်တယ်ကွ၊ နောက်တစ်ချက်က မင်းတို့လို တော်လှန်ရေးသမားတွေကို စစ်တပ်က လိုက်ဖမ်းရင် မင်းတို့ ထွက်ပြေးရမယ်၊ ဒါမှမဟုတ် အသတ်တောင် ခံရနိုင်တယ်၊ အဲဒီခါကျရင် ငါ့သမီးက လက်ကွဲသားကွဲနဲ့ မုဆိုးမဖြစ်မှာပေါ့ကွ၊ မင်း အဲဒါကိုတော့ စဉ်းစားမိရဲ့လား"

ကိုအောင်သာ မျက်နှာပေးကလည်း တစ်ရွေးသားမှ လျော့မလာဘူး။ ချက်ချင်း ပြန်ခံပြောလိုက်တယ်။

"အဲဒါတွေ ကျွန်တော် နားလည်ပြီးသားပါ၊ ဒါပေမယ့် . . . နိုင်ငံနဲ့လူမျိုး လွတ်မြောက်ဖို့အတွက် ကျွန်တော့်ဘက်ကတော့ လုံးဝ နောက်မဆုတ် . . ."

အရေးပိုင်မင်း လက်ကာပြလိုက်လို့ ကိုအောင်သာ စကားခဏရပ်သွားတယ်။ အရေးပိုင်မင်းက ဖြတ်ပြောတယ်။

"ခဏလေး အောင်သာ . . . ငါပြောဦးမယ်၊ ငါလည်း အခြေအနေအရ အရေးပိုင်မင်းလုပ်နေပေမယ့် တိုင်းပြည်ကို ချစ်ပါတယ်ကွ၊ တော်လှန်ရေးအတွက်လည်း နောက်ကွယ်ကနေ အတတ်နိုင်ဆုံး ကူညီမှာပဲ၊ ဒီတော့ ငါတောင်းဆိုချင်တာက မင်း တော်



www.burmeseclassic.com

www.burmeseclassic.com



လှန်ရှေးမလုပ်နဲ့ . . . မဟုတ်ဘူးလုပ်၊ ဒါပေမယ့် နောက်ကွယ်ကပဲ လုပ်ပေးစမ်းပါကွာ၊ အဲဒီလိုဆိုရင်တော့ မင်းကို ငါ့သမီးနဲ့ လက်ထပ်ပေးမယ်"

အဘိုးကြီး ချုပ်ပြီ။ ဒါဟာ အချိုသတ်တာများလား။ ယုံစားလိုက်ရင် သောက်ကျိုးတွေ နည်းကုန်မလား။ ကိုအောင်သာ စဉ်းစားရတယ်။ ယောက္ခမတော်ရမယ့်လူဆိုပေမယ့် ဒင်းကြီးတို့လို လက်ကိုင်တုတ်တွေက သောက်ရမ်းစွတ်ယုံလို့ မရဘူးလေ။ အာဏာရှင်တွေရဲ့ လှည့်ကွက်က ပိုလို့တောင် ကြောက်ဖို့ကောင်းသေးတယ်။ ကျွတ်စကီးပဲ။ အိုင်းစ် . . . ။

ကိုအောင်သာ စဉ်းစားနေချိန်မှာပဲ အဘိုးကြီးမိန်းမက ဝင်ပြောလာတယ်။

"ဟုတ်သားပဲ မောင်အောင်သာရယ်၊ ကိုယ်တိုင် ရှေ့တန်းတက်ပြီး ဓားနဲ့ခုတ်တာကမှ တော်လှန်ရေးမဟုတ်ပါဘူး၊ ကိုယ့်အိမ်မှာ ဟန်မပျက်နေပြီး နောက်ကွယ်ကနေလည်း လုပ်လို့ရတာပဲ၊ ဒေါ်ဒေါ့် သမီးလေးအတွက် ထည့်စဉ်းစားပါဦးကွယ်"

သူ့သမီးကို ရှေ့တန်းတင်ပြီး အဘွားကြီးကလည်း ပျားရည်နဲ့ ဝမ်းချပြန်ပြီ။ ကိုအောင်သာက သူဇာတင်ကို လှည့်ကြည့်လိုက်တယ်။ သူဇာတင်မျက်ဝန်းတွေက မျှော်လင့်တဲ့အရောင်တွေနဲ့ ဖျတ်ဖျတ်လူးနေတယ်။ ကိုအောင်သာ အဖြေတစ်ခုပေးရတော့မယ်။ ဆုံးဖြတ်ရတော့မယ်။ ကိုယ့်အတ္တကို ရှေ့တန်းတင်မလား။ တိုင်းပြည်နဲ့ လူမျိုးဘက်ကပဲ ရပ်တည်မလား။ Deal or No Deal ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ငြိမ်သက်ပြီး စိတ်လှုပ်ရှားစရာကောင်းနေတဲ့ အခြေအနေကို ဒါရိုက်တာက ဇာတ်ကောင်တွေရဲ့ အကြည့်တွေနဲ့ အသက်ဝင်စေတယ်။

ဘယ်လိုဆက်ဖြစ်မှာလဲ . . . ?. . . ။

အဲဒီအချိန်မှာပဲ သူဇာတင်အမေ အရေးပိုင်မင်းကတော်က ဆက်ခနဲ ထရပ်ပြီး ဘာမပြော ညာမပြောနဲ့ အိမ်ခန်းထဲ ဝင်သွားတယ်။ ခဏပဲ . . . ။ ပြန်ထွက်လာတော့ လက်ထဲမှာ ရတနာပစ္စည်းမျိုးတွေ ထည့်တဲ့ ယွန်းဘူးလေးတစ်ဘူး ပါလာတယ်။ အဘွားကြီးက ကိုအောင်သာရှေ့မှာပဲ အဲဒီယွန်းဘူးလေးရဲ့အဖုံးကိုဖွင့်ပြီး လက်စွပ်တစ်ကွင်းကို ထုတ်လိုက်တယ်။ ခေါင်းလုံးကို ကြေးနဲ့ကွပ်ထားတဲ့ ရှေးဟောင်းလက်စွပ်မျိုးပဲ။

“ရော့ . . . မောင်အောင်သာ . . . ဒီလက်စွပ်က ဒေါ်ဒေါ်တို့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ရှေးဟောင်းကာလယန္တရားလက်စွပ်ပဲ၊ ဝတ်ကြည့်လိုက်ပါဦး”

ကိုအောင်သာ ယောင်နနနဲ့ လှမ်းယူလိုက်တယ်။ နားမလည်လို့ ပြန်မေးလိုက်သေးရဲ့။

“ကာလယန္တရားလက်စွပ် ဟုတ်လား အဒေါ်၊ ဘာအတွက်ပေးတာလဲ . . . ဗျ”

အဘွားကြီးက ပြုံးတယ်။ ပြီးမှ . . .

“ဒေါ်ဒေါ့်သမီးနဲ့ လက်ထပ်ပြီး မင်း နောက်ကြောင်းကနေ တော်လှန်ရေးလုပ်မယ်ဆိုရင် ဒီလက်စွပ်က အသုံးဝင်လာလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်သာ၊ အဲဒီကာလယန္တရားလက်စွပ်က စွမ်းတယ်၊ လက်စွပ်ကိုဝတ်ပြီး သုံးကြိမ်တိတိ ဆုတောင်းလိုက်ရင် ကိုယ်သွားချင်တဲ့ အချိန်ကာလတစ်ခုကို ချက်ချင်းသွားနိုင်တယ်ကွဲ့"

ကိုအောင်သာ အံ့ဩသွားတယ်။ ယုံတစ်ဝက် မယုံတစ်ဝက် ပုံစံနဲ့ လက်စွပ်ကို ကိုင်ကြည့်နေတယ်။ ဟုတ်ပါ့မလား။ ဘွားတော်ကြီးက ဖြီးနေတာလား။ တစ်ခုရှိတာကတော့ ဒီလိုလက်ဖွဲ့အဆောင်မျိုးတွေ ဆရာစံတို့ဆီမှာလည်း ရှိတယ်လို့ ကြားဖူးနေတယ်။

"ဒါ . . . ဒါက တကယ်ပဲ အစွမ်းထက်တာလားဗျ"

ကိုအောင်သာမေးလို့ အရေးပိုင်မင်းက ခေါင်းတဆတ်ဆတ် ညိတ်ပြီး ဖြေတယ်။

"တကယ်ပေါ့ကွ . . . ဒါပေမယ့် တစ်ခုရှိတာက ငါ့တို့စကားနားထောင်ပြီး ငါ့သမီးနဲ့ လက်ထပ်မှ မင်းကို အမွေပေးမှာနော်"

ဘိုးတော်ကြီးက နောက်ဆုံးအကွက်ကို ထုတ်သုံးလိုက်ပြီ၊ သူဇာတင်ကလည်း မျှော်လင့်တဲ့လေသံလေးနဲ့ ဝင်ပြောလာတယ်။

"အစ်ကို . . . ဖေဖေတို့စကားကို နားထောင်ပြီး ဒီလက်စွပ်ကို လက်ခံမယ် မဟုတ်လားဟင်"

ကိုအောင်သာ နဖူးကြောတွေ ရှုံ့နေအောင် စဉ်းစားနေတယ်။ ဝေခွဲမရဖြစ်နေတဲ့ မျက်နှာပေးက အထင်းသားပေါ်နေတယ်။ ကိုအောင်သာက တစ်ခုခုကို ဆုံးဖြတ်လိုက်တဲ့ဟန်နဲ့ လက်စွပ်ကို ညာဘက်လက်ညှိုးမှာ ဝတ်ကြည့်လိုက်တယ်။ သူဇာတင်မျက်နှာခိုတာ အပျော်ရိပ်တွေနဲ့ ရွှဲရွှဲစိုသွားတာပဲ။ ချက်ချင်းဆိုသလို ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



သာဟာ ဆတ်ခနဲ ထရပ်လိုက်တယ်။

အားလုံးဟာ ကိုအောင်သာ ဘာလုပ်မှာလဲ၊ ဘာပြောမှာလဲ ဆိုပြီး လှမ်းကြည့်လိုက်ကြတယ်။ (ပရိသတ်ကလည်း စိတ်ဝင်စားနေကြပြီ)

ကိုအောင်သာက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ သူဇာတင်ဆီမှာ အကြည့်က ဆုံးသွားတယ်။

"သူဇာ ခဏ . . . ကိုယ်နဲ့ စကားပြောရအောင်"

နှစ်ယောက်တည်း ပြောဆိုတိုင်ပင်ချင်တဲ့ပုံစံနဲ့ ခေါ်လိုက်တာပဲ။ ခပ်ရိုင်းရိုင်းပြောရရင် အရေးပိုင်မင်းနဲ့ အဘွားကြီးတို့ကို သောက်ဖက်မလုပ်တဲ့ သဘောလည်း ဆောင်နေတယ်။

သူဇာတင်ကတော့ သူ့အဖေနဲ့အမေကို အားနာတဲ့ပုံစံနဲ့ ခဏလှမ်းကြည့်တယ်။ ပြီးမှ ကိုအောင်သာဆီကို ထသွားလိုက်တယ်။

ကိုအောင်သာဟာ အရေးပိုင်မင်းရဲ့အိမ်ပေါ်မှာ ဖြစ်လင့်ကစား ဂရုမစိုက်တဲ့ပုံစံနဲ့ ချစ်သူလက်ကိုဆွဲပြီး အိမ်ဧည့်ခန်းဆီက အပြင်ထွက်တဲ့ အပေါက်နားဆီကို ခေါ်သွားလိုက်တယ်။ အပေါက်ဝနားရောက်တော့ သူဇာတင့်ပခုံးနှစ်ဖက်ကို စုံကိုင်လိုက်တယ်။

သူတို့နှစ်ယောက်ကို အရေးပိုင်မင်းနဲ့ သူ့မိန်းမကလည်း မသိမသာ လှမ်းကြည့်နေကြတယ်။

ရုပ်ရှင်ကြည့်ပရိသတ်အနေနဲ့ကြည့်ရင် ပိတ်ကားမြင်ကွင်းထဲမှာ အရေးပိုင်မင်းတို့လင်မယားက အလယ်လောက်မှာရှိနေပြီး ကိုအောင်သာနဲ့ သူဇာတင်တို့ကတော့ ရုပ်ရှင်ပိတ်ကားရဲ့ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ထောင့်စွန်းလောက်မှာ ရှိနေတယ်။

ကိုအောင်သာက အပေါက်ဝနားရောက်တော့ သူဇာတင်ကို လေးနက်တဲ့ပုံစံနဲ့ ပြောလိုက်တယ်။

"သူဇာ . . . ကိုယ်ပြောတာကို သေချာနားထောင်ပါနော်"

သူဇာတင် ခေါင်းလေးညိတ်ပြလိုက်တော့ ကိုအောင်သာက ဆက်ပြောတယ်။

"ကိုယ်တို့နှစ်ယောက်အတွက် အရေးကြီးတဲ့ . . . အရမ်းအရေးကြီးတဲ့ ဆုံးဖြတ်ချက် ချရမယ့်အချိန်ကို ရောက်နေပြီ သူဇာ၊ ပြီးတော့ ဒီလက်စွပ်က သူဇာ့မိဘတွေ ပြောသလို ကိုယ်သွားချင်တဲ့ အချိန်ကာလတစ်ခုကို သွားလို့ရနိုင်တဲ့ အစွမ်းရှိလား၊ မရှိလား ဆိုတာလည်း ကိုယ်မသိဘူး"

"ဒီ . . . ဒီတော့ အစ်ကိုက ဘယ်လိုလုပ်ချင်လို့လဲဟင်"

သူဇာတင်စကားအဆုံးမှာ ကိုအောင်သာက ဆုံးဖြတ်ပြီးသားပုံစံနဲ့ ထပ်ပြောလိုက်တယ်။

"ကိုယ် ရှင်းရှင်းပဲ ပြောမယ် သူဇာ၊ ကိုယ် သူဇာကို အသည်းထဲနင့်နေအောင် ချစ်ပါတယ်၊ ဒါပေမယ့် . . . တော်လှန်ရေးအတွက်လည်း ကိုယ်အလုပ်တွေ လုပ်ရဦးမယ် . . . သူဇာ"

မျက်လုံးလေး ကလယ်ကလယ်နဲ့ ပြန်ကြည့်ရင်း သူဇာတင် ပြန်ပြောလိုက်တယ်။

"လုပ်လေ အစ်ကို . . . ဒါပေမယ့် ဖေဖေပြောသလို နောက်ကွယ်ကနေ"



www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးခင်မှာပဲ ကိုအောင်သာက သူဇာတင်ရဲ့ပါးစပ်ကလေးကို လက်နဲ့ လှမ်းပိတ်လိုက်တယ်။

"အဲလိုမဖြစ်ဘူး သူဇာ . . . နောက်ကွယ်ကနေ သူရဲဘောကြောင်တဲ့လူလိုတော့ ဒီတော်လှန်ရေးကို မဆင်နွှဲချင်ဘူး၊ ကိုယ်ရှက်တယ်၊ ဒီတော့ ကိုယ် သူဇာ့ကို တစ်ခုမေးမယ်၊ တော်လှန်ရေးဆိုတာတိုင်းပြည်ကိုချစ်တဲ့ ယောက်ျား,မိန်းမ မှန်သမျှ လုပ်လို့ရပါတယ်၊ သူဇာ ကိုယ်နဲ့ တောထဲလိုက်ရဲလား"

သူဇာတင် ဘာမှပြန်မဖြေနိုင်သေးဘဲ ဆွံ့အငြိမ်သက်နေတယ်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာပြီး တစ်ခုခုပြန်ပြောဖို့လည်း အားယူနေရဲ့။

"အစ် . . . အစ်ကို"

"ဆက်ပြောလေ သူဇာ၊ ကိုယ်တို့အတွက် အချိန်သိပ်မရှိတော့ဘူးနော်"

သူဇာတင် ဆက်မပြောနိုင်သေးဘူး။ အဲဒီအချိန်မှာပဲ ကိုအောင်သာက သူ့ညာလက်က ကာလယန္တရားလက်စွပ်ကို ကြည့်ပြီး ပွတ်လိုက်တယ်။

ရုပ်ရှင်ရုံထဲက ပရိသတ်တွေလည်း ဘာဆက်ဖြစ်မလဲဆိုတာကို မျက်တောင်မခတ် စိုက်ကြည့်နေကြတယ်။

အဲဒီအချိန်မှာပဲ . . .

အချိန်ကိုက်ဆိုသလို . . .

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

"အမယ်လေး . . . လုပ်ကြပါဦး၊ ကြွက် . . . ကြွက်ကြီး ထင်တယ်၊ ပျော့စိစိနဲ့ ဘေးမှာလည်း အမွေးတွေနဲ့ . . . လုပ်ကြပါဦး"

ရုပ်ရှင်ရုံထဲတစ်နေရာက အလန့်တကြား ထွက်လာတဲ့ မိန်းမ တစ်ယောက်အော်သံကြောင့် ရုံထဲကလူတွေ အသံလာရာဆီ ဝုန်းခနဲ လှမ်းကြည့်လိုက်ကြတယ်။

အဲဒီအထဲမှာ နှင်းဦးခင်လည်း ပါတယ်။

အဲဒီမိန်းမကြီးအသံကြောင့် ကြည့်နေတဲ့ ရုပ်ရှင်တောင် ဘယ်နားရောက်သွားမှန်း မသိဘူး။

လူတွေ ဝိုင်းကြည့်ကြတော့မှ အဲဒီမိန်းမကြီးက ပြန်ပြော တယ်။

"ရပြီ . . . ရပြီ . . . ဘာမှမဟုတ်တော့ဘူး၊ ဘေးနားက



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟာကြီးကို သွားစမ်းမိတာ"

ပြောမှ ပိုဆိုးတော့တယ်။ ရုံထဲက လူတွေ တဟားဟား ရယ်ကြလေရဲ့။ သေချင်းဆိုးမကြီး။ သူ့ဟာသူ စမ်းချင်ရာ စမ်းမိပြီး အာရုံပျက်အောင်လုပ်တယ်။

နှင်းဦးခင်စိတ်ထဲက ကျိန်ဆဲလိုက်မိတယ်။ ပိတ်ကားဆီ ပြန်မကြည့်ခင် နံဘေးမှာ အိပ်ပျော်နေတဲ့ ရည်းစားဖြစ်သူ သူရကို တစ်ချက်ပြန်နှိုးလိုက်တယ်။ တော်တော်ချစ်ဖို့ကောင်းတဲ့ မသာ။ ဘေးနားမှာ ကုလားသေ ကုလားမောတောင် လာအိပ်နေသေးတယ်။

အဲဒီအချိန်မှာပဲ ရုံထဲက ပရိသတ်တစ်ယောက်ရဲ့ အလန့်တကြား အော်သံထွက်လာပြန်တယ်။ အဲဒီလူရဲ့အော်သံကတော့ တစ်ရုံလုံးက ကြည့်နေတဲ့ ပရိသတ်တွေကို အံ့ဩချောက်ချားစေတော့တာပဲ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဘယ်လိုဖြစ်တာလဲ၊ ရုပ်ရှင်ထဲက မင်းသား မရှိတော့ဘူး၊ ဘယ်လိုဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

(၇)

ဟုတ်တယ်။ အဲဒီလူအော်တာ မမှားဘူး။ ဒီဇာတ်ကားကို နှင်းဦးခင်လည်း ရှေ့က နှစ်ကြိမ်တိတိ ကြည့်ထားတယ်။ ခုတော့ ရုပ်ရှင်က ဒီအခန်းပြီးရင် ဆက်လာရမယ့် အခန်းမလာသေးဘဲ ရပ်နေတယ်။ ပိတ်ကားထဲက ကျန်တဲ့သရုပ်ဆောင်တွေလည်း နဝေတိမ်တောင်တွေနဲ့။

နှင်းဦးခင်လည်း ဘာရယ်မဟုတ်ဘဲ ပိတ်ကားဝဲယာဆီ ဝေ့ကြည့်မိတယ်။

အဲဒီမှာ အံ့သြမှုတွေက ဆွတ်ဆွတ်ဖြူသွားရတယ်။

ရုပ်ရှင်ထဲကဇာတ်ကောင် ကိုအောင်သာဟာ ရုပ်ရှင်ပိတ်ကားရဲ့ ထောင့်စွန်းနား အပြင်ဘက်မှာ ရုပ်ရှင်ထဲက အဝတ်အစားနဲ့ပဲ ကြောင်တောင်တောင်လေး ရပ်နေတယ်၊ ပြီး . . . အဲဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



ခပ်သုတ်သုတ်လေး ထွက်သွားလေရဲ့။

မယုံကြည်နိုင်စွာ မျက်စိကို ပွတ်ကြည့်ရင်းက နှင်းဦးခင် ထိုင်နေရာကနေ ဆတ်ခနဲ ထရပ်လိုက်မိတယ်။

ဒီအချိန်မှာ နံဘေးမှာ အိပ်ပျော်နေတဲ့ ရည်းစား သူရကို လည်း မသိတော့ဘူး။ ရုပ်ရှင်ထဲက ဇာတ်ကောင်ပျောက်သွားလို့ ပွစိပွစိ အော်နေကြတဲ့ ပရိသတ်တွေရဲ့အသံတွေကိုလည်း မကြား တော့ဘူး။ ခြေလှမ်းတွေက စုန်းပူးထားသလို ကိုအောင်သာနောက် ဆီ လိုက်သွားမိတယ်။

ရုပ်ရှင်ရုံထဲမှာတော့ ကမ္ဘာသေးသေးလေးတစ်ခု ပျက်ကျန် ခဲ့လေရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၈)

သူဟာ ထူးခြားဆန်းပြားပြီး ကြောက်မက်ဖွယ်ကောင်းလွန်းတဲ့ ကမ္ဘာသစ်တစ်ခုဆီ ရောက်နေပြီဆိုတာကို ကိုအောင်သာ ခံစားလိုက်ရတယ်။ အံ့သြထွေပြားမှုတွေနဲ့အတူ ကြောက်ရွံ့စိတ်ကလည်း ကျောရိုးတစ်လျှောက် စိမ့်တက်လာတယ်။

ဒါဟာ ကမ္ဘာသစ်လား။ အသံဗလံတွေ ဆူညံပွက်လောရိုက်လို့ မီးရောင်စုံတွေကလည်း နေရာအနှံ့ ယှက်ဖြာယိမ်းထိုးနေကြတယ်။ ဆူညံလင်းစူးပြီး ကြောက်မက်ဖွယ်ကောင်းလွန်းပါရဲ့။

ကမ္ဘာသစ်တစ်ခု . . . ။ ဒါမှမဟုတ် ငရဲပြည်တော် ဖြစ်ကောင်းဖြစ်နိုင်သေးတယ်။ နားပိတ်၊ မျက်စိ ခဏမှိတ်ထားလိုက်ပြီး ခပ်လှမ်းလှမ်းဆီ လှမ်းကြည့်မိတယ်။ ဘုတ်ပြားကြီးပေါ် မှာ ဆင်းနေအောင် ရေးထားတဲ့ စာတန်းကြီးတစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" တဲ့။ ဘာလဲ . . . ဒီမိုကရေစီဆိုတာကို စာကြောင်းတစ်ကြောင်းအနေနဲ့ပဲ သူသိသေးတယ်။ ဘာအဓိပ္ပာယ်လဲ၊ ဘယ်လိုဖွင့်ဆိုမလဲ၊ ဘယ်လိုခံစားရမလဲဆိုတာ သူ လုံးလုံးမသိသေးဘူး။

ဒီမိုကရေစီဆိုတဲ့ စာတန်းကို ဘာမှမသိနားမလည်တဲ့ ခွေးတစ်ကောင်လို သူ ရပ်ကြည့်နေမိသေးတယ်။

ပြီးတော့မှ အသက်ကို ဝဝရှူသွင်းပြီး ဆန်းပြားတဲ့ ရပ်ဝန်းဆီ တိုးဝင်ခဲ့လိုက်လေရဲ့။

လမ်းအူကြောင်းကြီးထဲမှာ ပုံစံဆန်းဆန်းနဲ့ ကားတွေ မီးရောင်စုံထိုးပြီး သွားလာနေကြတယ်။ သူတွေ့ဖူးတဲ့ ပုလိပ်မင်းကြီးစီးတဲ့ကားက ဒီပုံစံမျိုး မဟုတ်ဘူး။ သောက်ကျိုးနည်း မြန်လိုက်ကြတာ။ ကိုအောင်သာဟာ ဘယ်သွားလို့ သွားရမှန်းမသိတာမို့ လမ်းအူကြောင်းကြီးထဲပဲ တိုးဝင်လိုက်တယ်။

ကိုအောင်သာ လမ်းဖြတ်ကူးလိုက်တာနဲ့ ကားမီးရောင်တစ်ခုက စူးခနဲ မျက်နှာပေါ် ကျလာတယ်။ ချက်ချင်းဆိုသလို ကျွီခနဲ ကားဘရိတ်အုပ်သံကိုပါ ထပ်ကြားလိုက်ရတယ်။ နောက်ထပ် ကြားလိုက်တာက စကားသံတစ်ခွန်း။

"ဟာ . . . ဒီခွေးသူတောင်းစားတော့ သေချင်လို့လားကွ၊ ...င်းအဖေခင်းထားတဲ့လမ်းမို့ မကြည့်ဘဲ ဖြတ်ကူးနေတာလား"

ကားဘေးပြတင်းပေါက်ကနေ ခေါင်းထွက်ပြီး ဒေါသတကြီး ...ော်ပြောနေတာပါ။ ကိုအောင်သာကိုလည်း ရန်သူတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝါးဝါးကြည့်ပြီး ဆက်မောင်းသွားတယ်။

ကိုအောင်သာအနေနဲ့ ဘာမှနားမလည်လိုက်ဘူး။ တကယ် လည်း မသိနားမလည်လို့ ဒီအတိုင်း လမ်းဖြတ်ကူးလိုက်တာပ ခုတော့ ပျစ်ပျစ်နှစ်နှစ် အဆဲခံလိုက်ရတာပဲ အဖတ်တင်တယ်။ နိုင် စိုင်းလိုက်ကြတာ။ ပြောတော့ . . . စာတန်းကြီးရေးထားတော့ ဒီ ကရေစီနိုင်ငံတော်သစ်ဆီသို့ . . . ဆို။

ကားရှင်းတုန်း ခပ်သွက်သွက်လေး ဖြတ်ကူးလိုက်ရတယ် လမ်းတစ်ဖက်အခြမ်းကိုရောက်တော့ ကိုအောင်သာတစ်ကိုယ်လုံ ဇောချွေးတွေ ပြန်နေပြီ။

အဲဒီလို လမ်းဘေးမှာ ယောင်နန ရပ်နေတုန်းမှာပဲ ကိုအော သာ့ဘေးကို ကျွိခနဲ ကားတစ်စီး ထိုးရပ်လာပြန်တယ်။ သော ပလုတ်တုတ်။ တစ်ဆက်တည်းပဲ ကားထဲကနေ ကောင်မလေးတ ယောက်က ခေါင်းပြူကြည့်ပြီး . . .

"ကိုအောင်သာ . . . လာ . . . လာ . . . ကားထဲ အမြ ဝင်လိုက်"

ဘုရားရေ . . . သူ့နာမည်ကို ခေါ်နေတာပါလား။ ကိုအော သာ အံ့ဩသွားရတယ်။ ဒီလောက၊ ဒီကမ္ဘာမှာ သူ့ကို သိနေတဲ့ ရှိနေတာပေါ့။ ဘာမှစဉ်းစားမနေတော့ဘဲ ကားပြတင်းပေါက်က ခေါင်းတိုးပြီး ဝင်လိုက်တယ်။ ကုန်းကွကွကြီးနဲ့။

"အာ . . . အဲလိုဝင်လို့မရဘူးလေ ကိုအောင်သာရဲ့၊ ခ . . . ခဏ . . . ပြန်ထွက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကနေ ခေါင်းပြန်ထုတ်လိုက်တော့မှ . . . ကားထဲ
က ကောင်မလေးက ကားတံခါးကို ဖွင့်ပေးလိုက်တယ်။

"ကဲ . . . ဝင်လို့ရပြီ ကိုအောင်သာ"

ဒီတစ်ခါကျမှပဲ ဣန္ဒြေလေးနဲ့ ဝင်လို့ရတော့တာ။ ကားထဲ
ရောက်တော့ ကောင်မလေးက ပြောသေးတယ်။

"ကားတံခါးမှာ လက်ကိုင်ကွင်းလေးရှိတယ် . . . ဆွဲပိတ်
လိုက်ဦး"

ဒီလောက်တော့ ကိုအောင်သာလည်း သိပါတယ်။ ခပ်တည်
တည်ပဲ တံခါးကို ပြန်ဆွဲပိတ်လိုက်တယ်။

ကားလေးက မောင်းထွက်သွားတယ်။ တစ်ချိန်တည်းမှာပဲ
ကိုအောင်သာဘေး ကားတံခါးမှန်က အလိုလို အပေါ်ကို တက်လာ
တယ်။ မရှေးမနှောင်းမှာပဲ ကိုအောင်သာဆီကို လေနုအေးအေးလေး
တွေက တိုးဝှေ့ကျီစယ်လာတယ်။ ထူးဆန်းလိုက်တာ၊ အေးမြလတ်
ဆတ်လိုက်တာ၊ သောက်ကျိုးနည်း ခံလို့ကောင်းလိုက်တာ။

အဲဒီအချိန်ကျမှ ကားမောင်းလာတဲ့ ကောင်မလေးက
ကိုအောင်သာကိုကြည့်ပြီး ခပ်တည်တည်လေး မေးလာပါတော့တယ်။

"ကဲ . . . ကိုအောင်သာ ပြောစမ်းပါဦး . . . ရှင် ဘယ်လို
လုပ်ပြီး ရုပ်ရှင်ထဲက ထွက်လာတာလဲ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၉)

သိတော်မူကြတဲ့အတိုင်း ရုပ်ရှင်ရုံထဲမှာက ကမ္ဘာပျက်ဆဲပဲ။ ရုံထဲက ပရိသတ်တွေဟာ ဘယ်သူမှ မကြုံဖူးတဲ့ ထူးခြားဖြစ်စဉ်ကြောင့် အံ့သြဘနန်းတွေဖြစ်ပြီး ပွက်လောရိုက်နေတယ်။

"ဘာတွေဖြစ်ကုန်တာလဲဗျာ . . . ရုပ်ရှင်ထဲကလူ ဘယ်ပျောက်သွားတာလဲ"

ပြောစရာအဖြေမရှိဘူး။ ဝါရင့်သတင်းထောက်ဖြစ်တဲ့ ငွေမိုးကတော့ အံ့သြတစ်ဝက်၊ ပျော်တစ်ဝက် ဖြစ်နေတယ်။ အံ့သြတာက သူကိုယ်တိုင် ဒီထူးခြားဖြစ်စဉ်ကြီးကို ကြုံလိုက်ရလို့။ ပျော်တာကတော့ ရုပ်ရှင်လောကကြီးတစ်ခုလုံး လှုပ်ခတ်သွားစေမယ့် မဟာသတင်းကြီးရပြီဆိုပြီး တွေးမိလို့ပါ။ အဲဒါနဲ့ ဂျာနယ်တိုက်က အယ်ဒီတာဆီတောင် ဖုန်းလှမ်းဆက်ထားလိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သတင်းထူးတော့ရပြီ ကိုညီရေ . . . ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ကောင် ကိုအောင်သာ ပျောက်သွားလို့ဗျ၊ ဟာ . . . မသိဘူး . . . ပြီးမှ ဆက်ပြောမယ်ဗျာ၊ ခု ကျွန်တော် ရုံထဲမှာပဲ၊ ခဏလေး . . . ရုံထဲက လူတွေကို မေးကြည့်လိုက်ဦးမယ်"

ငွေမိုးဟာ ဖုန်းချလိုက်ပြီး ခပ်လှမ်းလှမ်းမှာရှိနေတဲ့ အမျိုးသမီးတစ်ယောက်ကို လှမ်းမေးလိုက်တယ်။

"ညီမလေး . . . ဒီရုပ်ရှင်ရုံထဲက မင်းသားက ဘယ်ကိုထွက်သွားတာလဲဟင်"

အမျိုးသမီးက သိပ်မကြည်သလို မျက်နှာပေးနဲ့ ပြန်ကြည့်တယ်။ ပြီးမှ . . .

"အို . . . ကျွန်မလည်း ဘယ်သိမှာလဲရှင့်၊ ရုံထဲမှာ ရှင့်လိုပဲ ထိုင်ကြည့်နေတာပဲလေ၊ ဒီလောက်သိချင်ရင် ပိတ်ကားထဲက ဇာတ်ကောင်တွေကို လှမ်းမေးကြည့်ပါလား"

အိုး . . . ဟုတ်တာပေါ့။ ဒီစော်လေးပြောတာ ဟုတ်သားပဲလို့ တွေးရင်း . . . ငွေမိုးလည်း ယောင်ပြီး ပိတ်ကားဆီ လှမ်းအော်မေးလိုက်တယ်။

"အင်း . . . ဟုတ်တယ်နော် ညီမလေး၊ မေးကြည့်လိုက်မယ်၊ ဟေ့ . . . ရုပ်ရှင်ထဲက လူတွေ . . . ခုနက ဇာတ်ကောင်ကိုအောင်သာ ဘယ်ရောက်သွားတာလဲဗျ"

ငွေမိုးရဲ့အမေးဟာ သဘာဝမကျပေမယ့်လည်း ရုံထဲက လူတွေက ပိတ်ကားဆီ ရောယောင်ပြီး ကြည့်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာပဲ သောက်ကျိုးနည်း ထူးဆန်းဖွယ်ရာကြီးကို အားလုံးတွေ့လိုက်ရတော့တယ်။

ရုပ်ရှင်ပိတ်ကားထဲမှာရှိနေတဲ့ ဇာတ်ကောင်တွေဖြစ်တဲ့ အရေးပိုင်မင်း၊ အရေးပိုင်မင်းမိန်းမနဲ့ သူဇာတင်တို့ဟာ ငွေမိုးရဲ့စကားကို ကြားလိုက်ရသလို လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ပိတ်ကားထဲကနေ ပြန်ကြည့်လာတယ်။

တစ်ချိန်တည်းမှာပဲ အရေးပိုင်မင်းမိန်းမ သူဇာတင်အမေဟာ ထိုင်နေရာကနေ ဆတ်ခနဲ ထလာပြီး ရုပ်ရှင်ကြည့်ပရိသတ်ဆီ မျက်နှာမူလိုက်တယ်။

ပြီး . . . အဲဒီမိန်းမကြီးပြောလာတဲ့စကားကို ရုံထဲက ပရိသတ်တွေအားလုံး နားနဲ့ဆတ်ဆတ် ကြားလိုက်ရလေရဲ့။

"ကျုပ်တို့လည်း မသိဘူးဟေ့ . . . ခုနကပဲ အောင်သာ လက်စွပ်ဝတ်ပြီး ထွက်သွားတာပဲ၊ ရှင်တို့ ကြည့်နေကြတာ မမြင်ဘူးလား"

"ဟာ"

"ဟင်"

"အို"

"ဟဲ့"

"ဘာကြီးလဲ . . . ဟ"

အာမေဍိတ်သံတွေဟာ ရုံထဲမှာ ပလူပျံသွားတယ်။ ထူးဆန်းတယ်ဆိုတဲ့အရာတောင် ဒီလောက်သောက်ရမ်းကာရော ထူးဆန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ရုပ်ရှင်ပိတ်ကားထဲက ဇာတ်ကောင်က ပရိသတ်တွေကို စကားပြန်လှမ်းပြောတာမျိုးလေ။

ပရိသတ်တွေ ငုတ်တုတ်မေ့ကုန်တယ်။ ငွေမိုးက သတင်းထောက်ဆိုတော့ ပက်ခနဲ ပြန်ပြောလိုက်မိတယ်။

"ဟာ . . . ရုပ်ရှင်ထဲက အဘွားကြီးက စကားပြန်ပြောတယ်ဟ"

စကားဆုံးဆုံးချင်းပဲ ရုပ်ရှင်ထဲက အရေးပိုင်မင်းဟာ ထိုင်နေရာက ဆတ်ခနဲ ထလာတယ်။ ငွေမိုးတို့ ပရိသတ်တွေဆီကို စူးစူးရဲရဲကြည့်ပြီး ခပ်တင်းတင်း ပြောလာတယ်။

"ခုနက ငါ့မိန်းမကို အဘွားကြီးလို့ပြောတာ ဘယ်ကောင်လဲကွ၊ ထိပ်တုံးစာမိသွားချင်လို့လား"

ငွေမိုး တင်းသွားတယ်။ ဒါမျိုး ခြိမ်းခြောက်လို့ကတော့ ငွေမိုးတို့ဟာ မကြောက်ရေးချ မကြောက်ဘဲ။

"အောင်မာ . . . အရေးထဲ ခင်ဗျားကြီးက ငစမန်လာထနေသေးတယ်၊ ခင်ဗျားမိန်းမကို ကျုပ်က ဘာလုပ်ရမှာလဲ၊ ကျုပ်က သတင်းထောက်ဗျ၊ သတင်းထောက်ကို ခြိမ်းခြောက်မှုနဲ့ တရားပြန်စွဲလိုက်မယ်၊ ဘာမှတ်နေလဲ"

ငွေမိုး ပြန်ဖြပြီ။ ရုပ်ရှင်ထဲက အာဏာရှင်ဘိုးတော်ကြီးကလည်း ငွေမိုးလို သတင်းထောက်ကို ဘောပဲထင်တယ်ဆိုတဲ့ ပုံစံမျိုးနဲ့-

"ဟေ့ကောင် . . . မင်းဟာမင်း သတင်းထောက်မက ဘာပဲဖြစ်ဖြစ် စိတ်မဝင်စားဘူး၊ မင်းကို ခုပစ်သတ်ပြီး အလောင်းပါ ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်လို့ ရတယ်ကွ၊ အရေးပိုင်မင်းကိုများ ဘာမှတ်နေလည်း မသိဘူး"

ပြောရင်းနဲ့ အရေးပိုင်မင်းက နံရံမှာ ချိတ်ထားတဲ့ သူ့နှစ်လုံးပြူးသေနတ်ကြီးကို ဆွဲယူလိုက်တယ်။

အဲဒါပဲ . . . အာဏာရှင်ဆိုတာ။ အာဏာလက်ထဲမှာရှိနေတော့ သေနတ်နဲ့ပဲ ဖြေရှင်းဖို့ ကြိုးစားတာ။ သေချင်းဆိုးကြီး။

သေရင် အဲဒီအာဏာ ပါလာမှာမဟုတ်ဘူးဆိုတာ သိသိလျက်နဲ့ မိုက်လုံးကြီးနေတာ။

ငွေမိုးကတော့ တဟားဟား ရယ်လိုက်တယ်။

"ဟား ဟား . . . အာဏာတွေ စွတ်ပြမနေနဲ့ဦး အရေးပိုင်မင်းရဲ့၊ ခင်ဗျား ခုရှိနေတာက ရုပ်ရှင်ထဲမှာလေ၊ သတ္တိရှိရင် အပြင်ထွက်လာခဲ့ပါလား"

"တောက် ! . . . ထွက်လာလို့ မရလို့ပေါ့ကွာ၊ မဟုတ်ရင်တော့ မင်းအသေပဲ"

အဲဒီလို ငွေမိုးနဲ့ အရေးပိုင်မင်းတို့ အပြင်နဲ့ရုပ်ရှင်ထဲ အချေအတင်ဖြစ်နေကြတုန်းမှာပဲ ပရိသတ်ထဲက အမျိုးသမီးတစ်ယောက်က ဝင်ပြောလာတယ်။

"ခဏနေကြပါဦးရှင်၊ ရှင်တို့တွေ ရန်ဖြစ်ချင်ရင်လည်း နောက်မှပဲ ဖြစ်ကြတော့၊ ခု . . . ရုပ်ရှင်က ဘယ်လိုလုပ်မှာလဲ ဆက်ပြမှာလား"

အမျိုးသမီးရဲ့စကားကြောင့် ရုပ်ရှင်ထဲက အရေးပိုင်မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမက ပြန်ပြောတယ်။

"အဲဒါတော့ ကျုပ်တို့လည်း ဘယ်လိုဆက်လုပ်ရမှန်း မသိဘူးတော်ရေ၊ အောင်သာက လက်စွပ်ဝတ်ပြီး ရုပ်ရှင်ထဲက ထွက်သွားတော့ ဒီမှာလည်း ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူး။ အောင်သာပြန်လာမှပဲ ကျုပ်တို့က လုပ်စရာရှိတာကို ဆက်လုပ်ရမှာ၊ ရှင်တို့လည်း ရုပ်ရှင်ဆက်ကြည့်ချင်ရင် အောင်သာ ပြန်လာတာကိုပဲ စောင့်ပေတော့"

ပရိသတ်တွေ ငြိမ်သွားတယ်။ ဒီဘွားတော်ကြီး ပြောတာကလည်း သဘာဝကျနေတာကိုး။ ဟုတ်တယ်လေ။ အောင်သာ ပြန်လာမှပဲ ရပ်နေတဲ့ ဒီရုပ်ရှင်က ဆက်သွားရမလို ဖြစ်နေတယ်။

ခု ဇာတ်ကောင်အောင်သာ ရုပ်ရှင်ထဲက ထွက်သွားတော့ ရုပ်ရှင်လည်း တန်းလန်းကြီးနဲ့ ရပ်နေပြီ။

သူဇာတင်ကတော့ ဘာဝင်ပြောလို့ ပြောရမှန်းမသိတဲ့ပုံစံနဲ့ ရုပ်ရှင်ထဲမှာ ငိုနေတယ်။ သနားစရာ။

သတင်းထောက် ငွေမိုးက တစ်ချက်စဉ်းစားလိုက်ပြီး အော်ပြောလိုက်တယ်။

"စောင့်မှာ . . . အောင်သာ ပြန်လာတဲ့အထိ စောင့်ဦးမှာ၊ ကျုပ်လို့ သတင်းထောက်အတွက်တော့ ဒီသတင်းမျိုးက ရေငတ်တုန်း ရေတွင်းထဲကျသလိုပဲဗျ၊ ဒီမှာ ကြီးဒေါ် . . . ကြီးဒေါ်ရဲ့ယောက်ျား အရေးပိုင်မင်းဆိုတာကြီးကို ခဏထိန်းထားဗျာ၊ ကျုပ်လည်း ရုပ်ရှင်ထဲဝင်လာလို့ မရလို့ပေါ့၊ နို့မို့ဆိုရင်တော့ ပွဲကြီးပွဲကောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီကောင်တော့"

အရေးပိုင်မင်းက လက်ထဲက နှစ်လုံးပြူးနဲ့ ရှပ်ရှင်ထဲကနေ လှမ်းချိန်တယ်။ အဘွားကြီးက ဘေးကနေ လှမ်းဆွဲလိုက်လို့ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်တယ်။

ရုံထဲက ပရိသတ်တွေလည်း သူတို့ကိုကြည့်ပြီး ရယ်လိုက်ကြတာ။

တဝါးဝါးရယ်သံတွေကြောင့် အိပ်မောကျနေတဲ့ သူရဟာ နိုးလာပြီး မျက်စိကို ပွတ်ရင်း ပတ်ဝန်းကျင်ကို ကြိုးတီးကျားတား လှမ်းကြည့်လိုက်တယ်။

ဘာတွေဖြစ်နေကြတာလဲပေါ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

မြို့ထဲကနေ ခပ်လှမ်းလှမ်းဝေးတဲ့နေရာရောက်မှ ကားလေးကို လမ်းဘေးချပြီး ရပ်လိုက်တယ်။ ကိုအောင်သာကတော့ ကားထဲကနေ မြင်မြင်သမျှ ထူးဆန်းသလို လိုက်ကြည့်နေတယ်။

ထူးဆန်းလွန်းနေတဲ့ အခြေအနေကြောင့် ဘယ်ကစပြောရမလဲဆိုတာ ခဏစဉ်းစားပြီးမှ နှင်းဦးခင် မေးလိုက်တယ်။ စိတ်လည်း လှုပ်ရှားနေတယ်။

“ဘယ်က စမေးရမှန်းမသိပေမယ့် သိချင်တာပဲ အရင်မေးတော့မယ်၊ ရှင် ဘယ်လိုလုပ်ပြီး ရုပ်ရှင်ထဲကနေ အပြင်ထွက်လာတာလဲ ကိုအောင်သာ”

ကိုအောင်သာဟာ နှင်းဦးခင်ကို ဆတ်ခနဲ လှည့်ကြည့်လာတယ်။ ကြောင်တက်တက် မျက်ဝန်းတွေနဲ့ အမေးကို မဖြေသေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးခွန်းထုတ်လာတယ်။

"ကျုပ် . . . ကျုပ် ခု ဘယ်နေရာကို ရောက်နေတာလဲဗျ . . . ဘိလပ်ကို ရောက်နေတာများလား"

နှင်းဦးခင် ပြုံးရင်း ခေါင်းခါလိုက်တယ်။

"ဘယ်ဘိလပ်မှ မရောက်ပါဘူး ကိုအောင်သာရယ်၊ ရှင် ခုရောက်နေတဲ့အနေရာက ရှင်တို့ရုပ်ရှင်ထဲက မြန်မာနိုင်ငံပါပဲ၊ ခေတ်ချင်းပဲ မတူတော့တာ"

"ဗျာ"

ကိုအောင်သာ အံ့ဩပြီး ပါးစပ်ဟောင်းလောင်း ဖြစ်နေသေးတယ်။ မယုံကြည်နိုင်လွန်းတဲ့ လေသံနဲ့ ပြန်မေးလာပြန်ရဲ့။

"ဟင် . . . တ . . . တကယ်လားဗျ၊ ဒါ . . . ဒါနဲ့ ကျုပ်တို့ နိုင်ငံကြီးက ခုထိ လွတ်လပ်ရေးမရသေးတာလားဗျာ၊ လမ်းမှာလည်း မျက်နှာဖြူတွေ့ခဲ့တယ်နော်"

ဒီတစ်ခါတော့ နှင်းဦးခင် တခစ်ခစ်ရယ်မိတော့တယ်။ ရယ်ရင်းနဲ့ပဲ ပြန်ဖြေပေးလိုက်တယ်။

"မဟုတ်ပါဘူး ကိုအောင်သာရယ်၊ အဲဒီလူတွေက ကျွန်မတို့နိုင်ငံကို တရားဝင်လာလည်ပတ်ကြတဲ့ နိုင်ငံခြားဧည့်သည်တွေပါ၊ ကျွန်မတို့နိုင်ငံကြီးက လွတ်လပ်ရေးရတာ ကြာခဲ့ပါပြီ"

"ဟာ"

ပျော်ရွှင်မှုတွေက ကိုအောင်သာ့မျက်နှာပေါ်မှာ ဖြိုးဝင်း လှုပ်သွားတယ်။ ချက်ချင်းပဲ ဝမ်းသာအားရ ပြန်ပြောလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဝမ်းသာလိုက်တာဗျာ၊ လွတ်ကို ပျော်ပဲဗျို့၊ ဒါဆို . . . ကျုပ်တို့ တိုက်ပွဲမဝင်ရတော့ဘူးပေါ့၊ တော်လှန်ရေးကြီး ပြီးဆုံးသွားပြီပေါ့"

နှင်းဦးခင်က ကိုအောင်သာကို အားနာဟန်လေးနဲ့ ပြုံးလိုက်ရင်း . . .

"ဟုတ်ပါတယ် ကိုအောင်သာ၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရခဲ့တာ ကြာခဲ့ပါပြီ၊ ဒါပေမယ့် . . . ရှင်တို့လို လွတ်လပ်ရေးမရသေးတဲ့ ရုပ်ရှင်၊ ဗွီဒီယိုတွေကတော့ ခုထိ ထွက်နေကြသေးတယ်"

ကိုအောင်သာ့မျက်နှာက တည်သွားတယ်။

"ဒါဆိုရင် . . . ကျုပ်တို့လို ဇာတ်ကောင်တွေက ရုပ်ရှင်ထဲမှာ အကြိမ်ကြိမ် သေနေရသေးတာပေါ့"

စကားအဆုံးမှာ နှင်းဦးခင် သက်ပြင်းခိုးချလိုက်မိတယ်။ ကိုအောင်သာ့စကားအတွက် ဘာပြန်ပြောပေးရမှန်း မသိဘူး။ ဒါနဲ့ပဲ သိချင်တာကိုပဲ ပြန်မေးလိုက်တယ်။

"အဲဒါကို ခဏထားပါဦး ကိုအောင်သာ၊ ခုလောလောဆယ် . . . ကြုံနေရတဲ့ ရှင့်အဖြစ်က တော်တော်ထူးဆန်းနေတယ်၊ ကျွန်မတောင် မျက်စိနဲ့ ကိုယ်တွေ့မြင်လို့ယုံတာ၊ ဒါနဲ့ . . . ရှင် ရုပ်ရှင်ထဲကနေ ဘယ်လိုထွက်လာတာလဲ၊ ဘာကြောင့် ထွက်လာတာလဲ၊ အဲဒါကို ကျွန်မသိချင်နေတာ"

ကိုအောင်သာက သက်ပြင်းကို အရင်ချတယ်။ တကယ့်ကို မောပန်းလှိုက်မောစွာချတဲ့ သက်ပြင်းမျိုးပဲ။ ပြီးမှ လေသံခပ်လေး



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ပြန်ဖြေလာတယ်။

"အမှန်အတိုင်း ပြောရရင်တော့ ကျုပ် ဒီရုပ်ရှင်ထဲမှာ နေရ တဲ့ဘဝကြီးကို တော်တော်စိတ်ကုန်လာပြီဗျ၊ ဒါနဲ့ နှမလေး . . . နှမလေးကို မေးကြည့်မယ်၊ ဒီရုပ်ရှင်ကားကို နှမလေး ဘယ်နှကြိမ် လောက် ကြည့်ဖူးလဲ နှမလေး"

"ဒီတစ်ကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်ရှိပြီ၊ ခုတစ်ကြိမ်ကျမှ ခုလို ထူးထူးဆန်းဆန်း ကြုံရတာ ကိုအောင်သာ"

ကိုအောင်သာက ခေါင်းညိတ်လိုက်ရင်း ပြန်ပြောလာတယ်။

"အင်း . . . နှမလေးက သုံးကြိမ်တည်း ကြည့်ဖူးသေးတာ ပါ၊ ကျုပ်ဘဝကြီးကို စဉ်းစားကြည့်စမ်းပါဗျာ၊ ဒီရုပ်ရှင်ဇာတ်ကားထဲ မှာ သတ်ရ၊ ဖြတ်ရ၊ ချစ်တဲ့သူနဲ့ ကွေကွင်းရနဲ့ အဲဒါတွေပါ ထပ်ခါ တလဲလဲ ကြုံနေရတာ အကြိမ်ပေါင်းကို မနည်းတော့ဘူး၊ ကျုပ်ရဲ့ အဲဒီဘဝကြီးကို စိတ်ကုန်လာတာနဲ့ ဒီရုပ်ရှင်ထဲကနေ လွတ်ရင်ပြီး ရော၊ ရောက်ချင်တာရောက်ဆိုပြီး ထွက်လာခဲ့လိုက်တာ၊ ကျုပ်ယောကျ္ာ လောင်းပေးတဲ့ ကာလယန္တရားလက်စွပ်က တကယ်စွမ်းတာပဲဗျ"

နောက်ဆုံးစကားကြောင့် နှင်းဦးခင် မျက်မှောင်ကြုတ်လိုက် တယ်။

"ဟင် . . . ဒါဆို ကိုအောင်သာက အဲဒီကာလယန္တရား လက်စွပ်ကိုပွတ်ပြီး ဆုတောင်းခဲ့တာပေါ့ . . . အဲလိုလား"

"ဟုတ်တယ် နှမလေး . . . ဇာတ်လမ်းအရဆိုရင် ကျုပ် ချစ်သူကိုထားခဲ့ပြီး တော်လှန်ရေးလုပ်ဖို့ ထွက်လာရမှာလေ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



. . . ကျုပ်လည်း ဒီတစ်ကြိမ်တော့ ဖြစ်ချင်တာဖြစ်ဆိုပြီး လက်စွပ်ကို …တ်ပြီး တောင်းပြီး ထွက်လာခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ဘဝကြီးက …ဆို လွတ်လပ်သွားပြီဗျာ . . . ဟား ဟား ကောင်းလိုက်တာ"

ကိုယ့်ဘာသာ ကျေနပ်အားရတဲ့ပုံစံနဲ့ ကိုအောင်သာ သဘော …ျသလို ရယ်လိုက်တယ်။ ရှေ့ရေးအတွက် ဘာမှစဉ်းစားထားပုံ …ရဘူး။ နှင်းဦးခင် တွေးမိတာမို့ မေးလိုက်တယ်။

"အင်း . . . ကိုအောင်သာ့ဘဝက လောလောဆယ်တော့ …ွတ်လပ်သွားတာ အမှန်ပဲ၊ ဒါပေမယ့် စဉ်းစားဦးနော် ကိုအောင် …သာ၊ ရှင် ရှေ့ဆက်ဘယ်လိုလုပ်မှာလဲ၊ နေတာကော ဘယ်လိုနေမှာ …ဲ၊ အဲဒါကိုကော စဉ်းစားမိရဲ့လား"

အဲဒီမေးခွန်းကိုတော့ ကိုအောင်သာ ချက်ချင်းပဲ ပြန်ဖြေ …ာတယ်။ ကြည့်ရတာ ပေါ့ပေါ့ပါးပါးပဲ။ ခေတ်ကာလအခြေအနေ …ည်း မသိသေးဘဲကိုး။

"အဲဒါများ ဘာပူစရာရှိလဲ နှမလေးရယ်၊ မြန်မာနိုင်ငံဆိုတာ …ာ ဗုဒ္ဓဘာသာနိုင်ငံလေ၊ ဒီတော့ ဘုန်းကြီးကျောင်းတွေ ရှိမှာပဲ၊ …ျုပ်လည်း ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းမှာ ခွင့်တောင်းပြီး …နေရုံပေါ့ဗျာ၊ ဘာခက်လို့လဲ"

နှင်းဦးခင် ပြုံးရင်းက ခေါင်းခါလိုက်တယ်။

"မဖြစ်ဘူး ကိုအောင်သာ . . . ရှင်တွေးထားသလို မလွယ် …ားရှင့်၊ ဒီခေတ်မှာ မြို့ပေါ်က ဘုန်းကြီးကျောင်းတွေက ကိုအောင်သာ …ရုပ်ရှင်ထဲက ခေတ်လိုမဟုတ်ဘူး၊ ဝင်ချင်တိုင်း ဝင်လို့မရဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သာက အူတူတူဖြစ်သွားတဲ့ပုံစံနဲ့ . . .

"ဟင် . . . အဲလိုကြီးလားဗျ"

"ဟုတ်တယ် ကိုအောင်သာ၊ အားလုံးကို ခြုံငုံပြီး ပြောရရင် ရယ်စရာတောင် ဖြစ်နေမလား မသိဘူး"

ကိုအောင်သာ နားထောင်နေတာမို့ နှင်းဦးခင် ဆက်ပြော လိုက်တယ်။

"ဒီလိုရှိတယ် ကိုအောင်သာ၊ အခု ကိုအောင်သာ ရောက် နေတဲ့ခေတ်က လွတ်လပ်ရေးရပြီးပြီဆိုပေမယ့် ကိုအောင်သာတို့ လွတ်လပ်ရေးမရခင်က ခေတ်လောက် မလွတ်လပ်ဘူးရှင့်"

"ဘယ်လို . . . ဘယ်လို . . . ကျုပ်တော့ ဘာမှနားမလည် နိုင်တော့ဘူးဗျာ"

"အင်း . . . ကိုအောင်သာ လက်ကလော သဘောပေါက် အောင် ရှင်းပြရရင်တော့ ဒီနေ့ ဒီအချိန် ကျွန်မတို့နိုင်ငံမှာ နိုင်ငံရေး စီးပွားရေးနဲ့ ပညာရေးအစ အားလုံးဟာ ရှုပ်ထွေးနေကြတယ် ပြောရရင် စနစ်တစ်ခုကနေ နောက်စနစ်တစ်ခုကို ကူးပြောင်းနေတဲ့ ကာလကြီးပဲ ဆိုပါတော့"

ကိုအောင်သာ နားထောင်နေရင်းက မျက်မှောင်ကြုတ်ပြီး ပြန်မေးလာတယ်။

"စနစ်တစ်ခုကနေ စနစ်တစ်ခု ဟုတ်လား"

နှင်းဦးခင်က ခေါင်းညိတ်ကာ သက်ပြင်းငွေ့ငွေ့ချလိုက် ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုအောင်သာ၊ ဒီအချိန်ကနေ နောက်ပြန်ရေတွက်ကြည့်ရင် နှစ်ငါးဆယ်ကျော်, ခြောက်ဆယ်လောက် ကျွန်မတို့ ပြည်သူပြည်သားတွေဟာ အာဏာရှင်စနစ်၊ စစ်အစိုးရစနစ်ရဲ့ အုပ်ချုပ်မှုအောက်မှာ မွဲပြာကျလုသည်အထိ အလူးအလဲ ခံခဲ့ရတယ်၊ အဲဒီကာလတွေမှာ အာဏာရှင်တွေရဲ့ ဖိနှိပ်မှုဒဏ်ကို မခံနိုင်လို့ ပြည်သူတွေက ဆန္ဒတွေ ပြခဲ့ကြတယ်၊ သပိတ်တွေ မှောက်ခဲ့ကြတယ်၊ တော်လှန်ရေးတွေ လုပ်ခဲ့ကြတယ်၊ ပြည်သူလူထုနဲ့ ကျောင်းသားတွေရဲ့ သွေးမြေကျခဲ့ရတယ်"

"ဆိုးလိုက်တာဗျာ"

"ဟုတ်တယ် ကိုအောင်သာ၊ ရင်ကိုယ်တိုင် ဖြတ်သန်းခဲ့ရရင်လည်း ခံနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် . . . ခေတ်အဆက်ဆက် ကျောင်းသားနဲ့ပြည်သူ လက်တွဲပြီး ကြိုးစားတွန်းလှန်ခဲ့ကြလို့ ခုချိန်ဆိုရင် အရပ်သားအစိုးရတက်လာပြီး စနစ်ဆိုးကနေ စနစ်သစ်တစ်ခုဆီ ကူးပြောင်းနေကြပြီ"

"အဲဒီစနစ်က"

"ဒီမိုကရေစီစနစ်ပဲ ကိုအောင်သာ"

"ဒီမိုကရေစီ ဟုတ်လား၊ ကျုပ် အဲဒီဆိုင်းဘုတ်ကြီးကိုတော့ ခုနက မြင်လိုက်တယ်ဗျ၊ ဒါနဲ့ ဒီမိုကရေစီဆိုတာက"

"အလွယ်ဆုံးပြောရရင်တော့ လူသားအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိတဲ့ စနစ်ပေါ့ ကိုအောင်သာ၊ ခုတော့ . . . ကူးပြောင်းနေဆဲကာလပဲ ရှိပါသေးတယ်၊ အဲဒါကြောင့်လည်း နိုင်ငံရေးကချုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေးနေတာပါ"

"အေးဗျာ . . . ခေတ်ကတော့ ခပ်ဆိုးဆိုးပဲ၊ ဒါနဲ့ . . . ပြည်သူတွေလိုလားနေတဲ့ နိုင်ငံ့ခေါင်းဆောင်မျိုးကော မရှိဘူးလားဗျ"

နှင်းဦးခင် ပြုံးရင်း ခေါင်းညိတ်လိုက်တယ်။ ပြီး . . . ယုံကြည်ကိုးစားတဲ့အသံ၊ မာန်အပြည့်နဲ့ ပြန်ဖြေလိုက်တယ်။

"သိပ်ကိုရှိတာပေါ့ ကိုအောင်သာ၊ သံမဏိလို ရဲရင့်ခက်မာတဲ့ စိတ်ဓာတ်နဲ့ ပြည်သူတွေရဲ့အကျိုးစီးပွားကို ဦးဆောင်လမ်းညွှန်ပြနိုင်တဲ့ နူးညံ့တဲ့ နှလုံးသားပိုင်ရှင် အမျိုးသမီးတစ်ယောက် ရှိပါတယ်၊ ကမ္ဘာကကို အသိအမှတ်ပြုလေးစားကြတဲ့ အမျိုးသမီးခေါင်းဆောင်တစ်ယောက်ပါ"

"အေးဗျာ . . . စစ်မှန်တဲ့အစိုးရ၊ စစ်မှန်တဲ့ ခေါင်းဆောင်မျိုး ကျုပ်တို့နိုင်ငံကို ဦးဆောင်နိုင်ပါစေလို့ မျှော်လင့်ရတော့မှာပဲ"

"ကဲပါ . . . ပြောရင်းနဲ့ စကားတွေက နိုင်ငံရေးဘက် ရောက်ကုန်ပြီ၊ ခုလောလောဆယ် အရေးကြီးတာက ဘုန်းကြီးကျောင်းကလည်း ကိုအောင်သာအတွက် အဆင်မပြေနိုင်ဘူးဆိုတော့ ဒီညရှင်နေဖို့ ထိုင်ဖို့အတွက် ကျွန်မပဲ တာဝန်ယူစီစဉ်ပေးပါ့မယ်၊ ခုတော့ တစ်ခုခုသွားစားရအောင်၊ ကိုအောင်သာလည်း ဗိုက်ဆာနေရောပေါ့"

ပြောလိုက်တော့မှပဲ ကိုအောင်သာလည်း အစာအိမ်ကိုရှ . . . သတိရသွားတယ်။ ထူးဆန်းလွန်းတဲ့ အခြေအနေတစ်ခုကြောင့်သာ စားဖို့သောက်ဖို့ကို သတိမရတာ။ ဗိုက်က တဂွီဂွီ အသံတွေမြည်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



"နှမလေး ပြောတော့မှပဲ ဗိုက်က ပိုဟာလာတယ်ဗျို့၊ ဒီအချိန် ထမင်းကြမ်းလေး လွေးလိုက်ရရင် လွှတ်ကောင်းမှာပဲ"

နှင်းဦးခင် ရယ်လိုက်တယ်။

"ထမင်းကြမ်းတော့ ခုချိန်မရနိုင်ဘူး ကိုအောင်သာ၊ အဆင်ပြေတာ တစ်ခုခုသွားစားကြတာပေါ့၊ ဗိုက်ပြည့်မှ ဘာလုပ်ရမယ်ဆိုတာ ဆက်စဉ်းစားကြမယ်လေ"

"ကောင်းပါပြီ နှမလေး . . . ကျေးဇူးတင်ပါတယ်"

စကားအဆုံးမှာပဲ နှင်းဦးခင် ကားကို မောင်းထွက်လိုက်တယ်။ အဲဒီအချိန်လေးမှာ ဖျတ်ခနဲ စဉ်းစားမိလိုက်တာက သူ့ရည်းစား ဒေသူရတစ်ယောက် ရုပ်ရှင်ရုံထဲမှာ တိုင်ပတ်နေလောက်ပြီ . . . လို့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

သူရ အိပ်ပျော်နေရာကနေ နိုးလာတော့ ရုပ်ရှင်ရုံထဲမှာ ပွက်လောရိုက်နေကြပြီ။ ဘေးနားမှာလည်း နှင်းဦးခင်ကို မတွေ့တာမို့ ထူပူသွားတယ်။

ရုံထဲဝင့်ပြီး ရှာကြည့်တော့လည်း သောက်ကောင်မလေးကို အရိပ်အရောင်မှ မတွေ့ရဘူး။ ဘယ်ခြေရှည်သွားပါလိမ့်။

ရုံထဲက အခြေအနေကို မေးစမ်းကြည့်တော့ ထပ်ပြီး မျက်လုံးပြူးသွားရတယ်။ ရုပ်ရှင်က ပြနေရင်း ဇာတ်ကားထဲက မင်းသားဖြစ်တဲ့ ဇာတ်ကောင်အောင်သာ အပြင်လောကကို ထွက်သွားလို့တဲ့။ ရုပ်ရှင်လည်း ဆက်မပြနိုင်ဘဲ ရပ်နေတယ်။

ရုပ်ရှင်ထဲက လူတွေနဲ့ ပရိသတ်တွေလည်း အပြန်အလှန် စကားပြောနေကြတယ်။ ထူးဆန်းလွန်းတဲ့ အခြေအနေကြောင့် သူရ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ရူးသွားပြီလားလို့တောင် ထင်မိတယ်။ တကယ်ကြီး ဖြစ်တာပဲဆိုတာကို အတင်းလက်ခံနေရတယ်။

အနီးနားမှာရှိတဲ့ သတင်းထောက် ငွေမိုးဆိုတဲ့လူ ဖုန်းပြောနေတဲ့အသံကြောင့် ပိုသေချာသွားတယ်။

ငွေမိုးက သတင်းထောက်ဆိုတော့ သရုပ်ဆောင်တွေနဲ့ ရင်းနှီးတယ်လေ။ ခုလည်း ဒီရုပ်ရှင်ထဲက ထွက်သွားတဲ့ ဇာတ်ကောင် အောင်သာနေရာကို သရုပ်ဆောင်ခဲ့တဲ့ သရုပ်ဆောင်အကယ်ဒမီ မင်းထက်နဲ့ စကားပြောနေတာ။

ငွေမိုး ဖုန်းခေါ်လိုက်တော့ တစ်ဖက်က မင်းထက်က သူ့ဖုန်းနံပါတ်ကို မှတ်ထားတာမို့ ချက်ချင်းပြန်ပြောတယ်။

"ဟုတ်ကဲ့ ကိုငွေမိုး ပြောဗျာ . . . ဘာကိစ္စလဲ၊ အင်တာဗျူးဖို့ဆိုရင်တော့ နောက်တော့မှပဲ ချိန်းလိုက်တော့ဗျာ၊ ကျွန်တော် ခုပဲ ခရီးက ပြန်ရောက်တာဗျ၊ ပြိုင်းနေလို့"

မင်းသားမင်းထက်ရဲ့ စကားသံအဆုံးမှာ ငွေမိုး ဘာစပြောရမှန်းမသိ ဖြစ်သွားသေးတယ်။ ဒီမှာ ကြုံနေရတာက ထူးခြားဖြစ်စဉ်ကြီး။ ယုံယုံမယုံယုံ ပြောရတော့မှာပဲ။

"ဟာ . . . အင်တာဗျူးကိစ္စ မဟုတ်ဘူးဗျ ကိုမင်းထက်၊ ဒီလိုဗျာ . . . ခု ကျွန်တော်က ခင်ဗျားအဓိကသရုပ်ဆောင်ခဲ့တဲ့ 'အချစ်ချင်းမတူ' ရုပ်ရှင်ဇာတ်ကားကြည့်ဖို့ ရုံထဲရောက်နေတာ"

"အဲဒါများ ဖုန်းဆက်လှမ်းပြောစရာလားဗျာ၊ ပရက်ရှိုးတုန်းက ခင်ဗျားကို ဖိတ်စာပို့လိုက်သေးတယ်လေ၊ လာမှမကြည့်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ပြောချင်တာ မဟုတ်ဘူးဗျ၊ ခုက ရုပ်ရှင်ပြနေရင်းနဲ့ ရုပ်ရှင်ထဲကဇာတ်ကောင် ကိုအောင်သာ အပြင်ထွက်သွားလို့ဗျ ရုပ်ရှင်လည်း ဆက်ပြလို့မရဘဲ ရပ်နေတယ်၊ ရုံထဲက လူတွေလည်း အံ့သြနေကြတယ်"

တစ်ဖက်က မင်းသားမင်းထက်ရဲ့အသံ ခဏတိတ်သွားသေးတယ်။ ပြီးမှ တဟားဟားရယ်သံနဲ့အတူ . . .

"ကိုငွေမိုး . . . ခင်ဗျား တော်တော်နောက်တဲ့လူဗျာ၊ ရုပ်ရှင်ထဲက ဇာတ်ကောင်က အပြင်ကို ထွက်စရာလား၊ ကြံကြံဖန်ဖန်တွေ မနောက်နဲ့ဗျ၊ နောက်မှတွေ့မယ်ဗျ၊ တွေ့မှပဲ ပုလင်းလက်ဆောင်ပေးမယ်၊ ဆီးယူ . . . ဆီးယူ"

ဆီးယူ . . . ဆီးယူလို့ ပြောပြီး မင်းထက် ဖုန်းချသွားတယ်။ ဆီးယူရအောင် ကိုယ်ဝန်ရှိ,မရှိ စစ်မှာမှ မဟုတ်ဘဲ။ ကြည့်ရတာ မင်းထက်လည်း ယုံပုံမပေါ်ဘူး။

အင်းလေ . . . ဘယ်သူ့သွားပြောပြော ယုံချင်စရာကိစ္စမှ မဟုတ်တာ။ ဒါပေမယ့် . . . ဟုတ်ရင်တော့ ကျော်မှာပဲ။ ပုပ်ရင်တော့ ပေါ်မှာပဲလေ။

တစ်ဖက်က မင်းသားမင်းထက် မယုံပေမယ့် ရုံထဲမှာရှိနေတဲ့ သူရကတော့ ငွေမိုးစကားသံတွေကြောင့် ဒီထူးခြားဖြစ်စဉ်ကြီးကို လုံးဝဥဿုံယုံသွားတယ်။ ခက်နေတာက မင်းသားပျောက်သွားတာထက် လောလောဆယ် ကိုယ့်ဘယ်ဘက်နံရိုးလေး နှင်းဦးခင် ပျောက်နေတာက ပိုအရေးကြီးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုံပြင်ထွက်ပြီး လိုက်ရှာမယ်လို့ စဉ်းစားရင်း မတ်တပ်ထရပ်လိုက်တယ်။

ပြီးမှ နှင်းဦးခင် အိမ်သာသွားတာလည်း ဖြစ်နိုင်တာပဲလို့ တွေးပြီး ပြန်ထိုင်နေလိုက်တယ်။

လှမ်းကြည့်လိုက်တော့ သတင်းထောက်ငွေမိုးဆိုတဲ့လူဟာ ရုပ်ရှင်ရုံထဲကအဖြစ်ကို လက်လှမ်းမီသလောက် ဖုန်းဆက်ပြီး ဖွနေတာ တွေ့နေရတာပဲ။

ရုပ်ရှင်ပိတ်ကားထက်မှာလည်း မင်းသားပျောက်ဆုံးသွားတဲ့ ရုပ်ရှင်ဟာ တန်းလန်းတစ်လစ်ကြီး ဖြစ်နေတယ်။

ဘာတွေဆက်ဖြစ်လာဦးမယ်ဆိုတာကိုတော့ သူရလည်း သူ့ရဲ့မဟာရွှေဉာဏ်တော် တစ်ထွာတစ်မိုက်ကလေးနဲ့ စဉ်းစားလို့ကို လိုက်မမီတော့ဘူး။

ခေတ်ကြီးကိုက မထင်မှတ်ထားတာတွေ ဖြစ်နေတာလေ။

လက်ပံတောင်းတောင် အရေးခင်းတုန်းက ဆန္ဒထုတ်ဖော်တဲ့ သံဃာတော်တွေကို မီးလောင်ဗုံးနဲ့ ခွင်းမယ်လို့ ဘယ်သူက ထင်ကြမှာလဲ။

လက်ပံတန်းမြို့မှာ ပညာရေးဥပဒေပြင်ဆင်ဖို့အတွက် လှုပ်ရှားနေကြတဲ့ ကျောင်းသားတွေကို အကြမ်းဖက်ရိုက်နှက်ဖြိုခွင်းလိမ့်မယ်လို့ ဘယ်သူတွေက ထင်ကြမှာလဲ။

ဒါပေမယ့် . . . ဖြစ်ခဲ့တယ်။ အဲလို မထင်မှတ်ထားတာတွေက အံ့သြဖွယ် မယုံစရာဘဲ မြန်မာနိုင်ငံမှာ ဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကတောင် အံ့ဩယူရတဲ့အထိပဲ။ ပြောတော့ ဒီမို ကရေစီနိုင်ငံတော်သစ်ဆီသို့ . . . ဆို။

ခုလည်း ဒီဖြစ်ရပ်ဟာ နိုင်ငံရေးမပါပေမယ့် မြန်မာနိုင်ငံ က အံ့ဩစရာတစ်ခု ဖြစ်နိုင်တာပဲ။ ဖြစ်နေခဲ့ပြီ။

စောင့်ကြည့်ရဖို့ပဲ ရှိတော့တယ်လို့ သူရ တွေးလိုက်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

နှင်းဦးခင် သေသေချာချာ စဉ်းစားပြီးမှ လောလောဆယ် ကိုအောင်သာ အနေအထားကြောင့် ဆိုင်ကြီးဆိုင်ကောင်းမှာ ကျွေးမွေး ချင်ပေမယ့်လည်း လမ်းဘေးအသုတ်ဆိုင်ကိုပဲ ရွေးချယ်လိုက်တယ်။

ဗိုက်ဆာနေလို့လား မသိဘူး။ ကိုအောင်သာတစ်ယောက် အသုတ်တစ်ပန်းကန်ကုန်လို့ နောက်တစ်ပန်းကန်တောင် ဆွဲနေပြီ။ ဆွဲလည်း ဆွဲနိုင်တဲ့ တောသား။ အိုင်းစ် . . . ။

အသုတ်သည် မိန်းမကြီးကလည်း ကိုအောင်သာကို မင်းသား မင်းထက်နဲ့ တူနေလို့လား မသိဘူး။ ကွက်ကြည့်ကွက်ကြည့် လုပ် နေတယ်။ ဘာမှတော့ မမေးသေးဘူး။

နှင်းဦးခင်က ကိုအောင်သာ စားနေတဲ့အရှိန် လျော့သွား တော့မှ စကားလှမ်းပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်စဉ်းစားကြည့်ရင်တော့ ကိုအောင်သာ ရုပ်ရှင်ထဲက ထွက်လာတာ ဘယ်လိုမှ ဖြစ်နိုင်တဲ့ကိစ္စတော့ မဟုတ်ဘူး။ ကျွန်မတောင် ခုလို ကိုယ်တိုင်ကြုံနေရလို့ ယုံရတာ"

ကိုအောင်သာက ပြန်လှမ်းကြည့်လာပြီး . . .

"ကျုပ်အတွက်လည်း အံ့သြစရာတွေချည်းပါပဲ နှမလေးရယ်၊ ခုလို နှမလေး ကူညီနေတာကိုလည်း ကျေးဇူးတင်ပါတယ်၊ နှမလေးသာ မကူညီရင် ကျုပ် ဘာလုပ်လို့ လုပ်ရမှန်းတောင် သိမှာ မဟုတ်ဘူး"

နှင်းဦးခင် ပြုံးလိုက်တယ်။

"အဲလောက်လည်း ကျေးဇူးတင်မနေပါနဲ့ရှင်၊ ကျွန်မက မင်းသားမင်းထက်ကို ကြိုက်သလို ဒီရုပ်ရှင်ထဲကို ကိုအောင်သာရဲ့ စရိုက်ကိုလည်း သဘောကျတယ်လေ၊ အဲဒါကြောင့်ပဲ ဒီဇာတ်ကားကို နှစ်ခါသုံးခါ ပြန်ကြည့်ဖြစ်တာပေါ့၊ ခုလို ကူညီခွင့်ရတာကလည်း ကျွန်မအတွက် အမှတ်တရ ဖြစ်စေပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် စိတ်ထားကောင်းတဲ့ နှမလေးကိုတော့ ကျေးဇူးပြန်ဆပ်ချင်သေးတယ်ဗျာ၊ ဒါနဲ့ နှမလေးရဲ့နာမည်တောင် ကျုပ်မသိရသေးဘူး"

"ဩော် . . . ဟုတ်သားပဲ၊ ကျွန်မနာမည်က နှင်းဦးခင်ပါ၊ ကျွန်မက ဝတ္ထုဇာတ်ညွှန်းတွေရေးဖို့ ကြိုးစားနေတာရှင့်၊ အဲဒါကြောင့် လည်း ဒီဇာတ်ကားကို လေ့လာတဲ့အနေနဲ့ ထပ်ထပ်ကြည့်နေတာပေါ့"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



နားလည်၊ မလည်တော့ မသိဘူး။ ကိုအောင်သာက ခပ်တိုးတိုးပဲ ရေရွတ်လိုက်တယ်။

"ညီမလေး . . . ဒီက မောင်လေးက မင်းသားမင်းထက်နဲ့ အတော်ဆင်တယ်နော်၊ သူက မင်းသားများလားဟင်"

နှင်းဦးခင်စိတ်ထဲမှာ ဒိန်းခနဲဖြစ်ပြီး မျက်နှာလည်း ပျက်သွားတယ်။ ချက်ချင်းပဲ ခေါင်းခါပြီး ပြန်ဖြေလိုက်တယ်။

"အာ . . . မဟုတ်ပါဘူး အစ်မကြီးရဲ့၊ ရုပ်ချင်း နည်းနည်းလေး ဆင်တာပါ၊ မင်းသားမင်းထက်က ကျွန်မနဲ့အတူထိုင်ပြီး အသုတ်စားမလားရှင့်"

အသုတ်သည် မိန်းမကြီးက ကိုအောင်သာကို အူတူတူထပ်ကြည့်လိုက်ပြီးမှ . . .

"ဩော် . . . အင်း . . . ဟုတ်တာပေါ့နော်၊ မင်းသားက ဒီဆိုင်မျိုးမှာ အသုတ်ဘယ်စားပါ့မလဲ"

ပြောပြီး မိန်းမကြီးက သူ့ပိုက်ဆံအိတ်ထဲက ဖုန်းကိုထုတ်ရင်းက ကလိနေတယ်။ စပ်စုမကြီး စိအိုစိ ဆော့မလို့လား မသိဘူး။

ထပ်တော့ မမေးတော့ဘူး။

နှင်းဦးခင်ကတော့ ဒီနေရာက သွားဖို့ ကောင်းနေပြီဆိုတာ တွေးမိလို့ ကိုအောင်သာကို ကပ်ပြောလိုက်တယ်။

"ကိုအောင်သာ . . . ကျွန်မတို့ သွားရအောင်၊ ရှင့်ပုံစံက မင်းသားမင်းထက်နဲ့ တူနေတော့ . . . အဲဒီကိစ္စကို အရင်သွားရှင်းသားမှ ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . သွားမယ်လေ နှမလေး"

နှင်းဦးခင်က အသုတ်သည်ကိုကြည့်ပြီး မေးလိုက်တယ်။

"အစ်မကြီး . . . ကျွန်မတို့ ဘယ်လောက်ကျလဲရှင့်"

အသုတ်သည်မိန်းမကြီး ပြန်မဖြေခင်မှာပဲ ကိုအောင်သာက သူ့အိတ်ကပ်ထဲက ငွေဒင်္ဂါးနှစ်ပြားကို ထုတ်ပေးလာတယ်။

"ရော့ နှမလေး . . . ကျုပ်မှာ ငွေစပါလာတယ်၊ ပေးလိုက်ပါ"

နှင်းဦးခင် ရုတ်တရက် ကြောင်သွားသေးတယ်။ ပြီးမှ ကိုအောင်သာ့လက်ကို ပြန်တွန်းလိုက်ပြီး . . .

"အဲဒီ ငွေဒင်္ဂါးကို ပေးလို့မရဘူး ကိုအောင်သာရဲ့၊ ဒီဘက်ခေတ်မှာက တခြားငွေတစ်မျိုး သုံးနေကြပြီ၊ ပြန်သိမ်းထားလိုက်တော့၊ ငွေဒင်္ဂါးဆိုတာက တန်ဖိုးရှိတယ်"

ကိုအောင်သာက ပြန်မမေးတော့ဘဲ ငွေဒင်္ဂါးနှစ်ပြားကို သူ့အိတ်ကပ်ထဲ ပြန်ထည့်လိုက်တယ်။

နှင်းဦးခင် အသုတ်ဖိုးပေးပြီး ထွက်လာတော့ သူ့ရခဏ ခဏ ဆက်နေမှာစိုးတာနဲ့ ဖုန်းကိုထုတ်ပြီး ပါဝါပိတ်ထားလိုက်တယ်။

အဲဒီအချိန်မှာပဲ အသုတ်သည်မိန်းမကြီးဟာ သူ့ဖုန်းနဲ့ခိုးရိုက်ထားလိုက်တဲ့ နှင်းဦးခင်နဲ့ ကိုအောင်သာတို့ရဲ့ဓာတ်ပုံကို သူ့ရဲ့ ဖေ့စဘုတ်မှာ တင်လိုက်ပါတော့တယ်။

"ကျွန်မ အသုတ်ဆိုင်မှာ အသုတ်လာစားတဲ့ ရုပ်ဖျက်ထားတဲ့ မင်းသားမင်းထက်နဲ့ ကောင်မလေး"

ဆိုပြီး ငဖွမကြီးက စာတောင် ရေးလိုက်သေးရဲ့။ ပြီးရော



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ရုပ်ရှင်ရုံထဲမှာ နာရီဝက်လောက် ထပ်ကြာလာတော့ သူရ မရိုးမရွဖြစ်လာတယ်။ ထိုင်ခုံတွေက ကြမ်းပိုးထိုးလို့တော့ မဟုတ်ဘူး။ နှင်းဦးခင်ကို စောင့်နေရင်း ငြိမ်ငြိမ်နေလို့ မရတော့တာ။

ဒီလောက် အချိန်ကြာနေရင် နှင်းဦးခင်ဟာ အိမ်သာသွားတာတော့ မဖြစ်နိုင်တော့ဘူး။ မသာကာ အီးပါလို့ လွန်ရောကျွံရော ကြာရင် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ပေါ့။ နောက်ဆုံး ဝမ်းချုပ်လို့ ညှစ်နေရရင်တောင် နာရီဝက်ထက် ပိုစရာမရှိဘူး။ ခုတော့ တော်တော်ကြာနေပြီ။

ဒါဆို နှင်းဦးခင် ဘယ်ထွက်သွားတာလဲ။

အဲဒီအချိန်မှာတော့ အမှောင်ချထားတဲ့ ရုပ်ရှင်ရုံထဲမှာ မီးတွေ ပြန်ဖွင့်ထားလို့ လင်းနေပါပြီ။ သပ်သပ်ရပ်ရပ်ဝတ်စားထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ ပိတ်ကားရှေ့နားကို လျှောက်လာပြီး ပရိသတ်တွေဆီဘက်ကို မျက်နှာမူလိုက်တယ်။ အားလုံးမြင်သာအောင် လက်မြှောက်ပြလိုက်ပြီးမှ . . .

"အားလုံးပဲ ခဏလောက် နားထောင်ပေးကြပါခင်ဗျာ၊ ကျွန်တော်က ဒီရုပ်ရှင်ရုံရဲ့မန်နေဂျာပါ"

ပရိသတ်တွေ အသံငြိမ်သွားတယ်။ သတင်းထောက်ငွေမိုးက သူ့ဖုန်းနဲ့ မန်နေဂျာဆိုတဲ့လူကို ဓာတ်ပုံလှမ်းရိုက်ထားလိုက်တယ်။ ကျွန်းတိစ် . . . ငနဲက လျှင်လိုက်တာ။ သူရလည်း ဘာပြောမှာလဲဆိုပြီး နားစိုက်ထောင်လိုက်တယ်။

မန်နေဂျာက ဝေ့ကြည့်လိုက်ပြီးမှ . . .

"မိဘပြည်သူများခင်ဗျာ . . . အားလုံးကို တောင်းပန်ပါတယ်လို့ ပဏာမနှုတ်ခွန်းဆက်သလိုပါတယ်"

လုပ်လာပြန်ပြီ ဒီအချိုး။ လုပ်ချင်တာလုပ်ပြီးမှ မိဘပြည်သူများခင်ဗျာ . . . မိဘပြည်သူများခင်ဗျာ . . . ဆိုပြီး တောင်းပန်တာလေ။ မိဘပြည်သူတွေကလည်း မိဘပြည်သူများခင်ဗျာဆိုရင် လန့်နေကြပြီ။ အယုံအကြည်ကို မရှိတော့ဘူး။ နားစမ်းပါကွာ။

မန်နေဂျာဟာ ကြီးကြီးကျယ်ကျယ် စကားစထားပြီး ဆက်ပြောတယ်။

"ဒီကနေ့ ဒီအချိန်မှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ဟာ အရမ်းကို ထူးဆန်းပြီး ပဥ္စလက်ဆန်လွန်းပါတယ်၊ ကျွန်တော် မန်နေဂျာလုပ်တဲ့ သက်တမ်းတစ်လျှောက်မှာလည်း ဒီလိုဖြစ်စဉ်မျိုး တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မကြုံဖူးပါဘူး၊ ဒါကြောင့် . . . ကျွန်တော်တို့ ဒီဖြစ်စဉ်ကို စဉ်းစား ကြည့်တယ်၊ ပြောရရင် ဒီဖြစ်စဉ်မှာ နောက်ကွယ်က ကြိုးကိုင်ဖန်တီး မှုတွေ ရှိနေလား၊ အကွက်ကျကျ ဖန်တီးတာလားဆိုတာကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်၊ တကယ်လို့သာ အဲဒီလို ရည်ရွယ် ချက်ရှိရှိ ကြိုးကိုင်ဖန်တီးတယ်ဆိုရင်တော့ နောက်ကွယ်ကနေ ကြိုး ကိုင်ဖန်တီးသူတွေကို အချိန်နဲ့တပြေးညီ စုံစမ်းဖော်ထုတ်သွားမှာ လည်း ဖြစ်ပါတယ်၊ မိဘပြည်သူများအနေနဲ့ကလည်း ကျွန်တော်တို့နဲ့ အတူ ဝိုင်းဝန်းကူညီကြဖို့ ပြောကြားလိုပါတယ်"

ရုပ်ရှင်ရုံမန်နေဂျာဟာ ကြားဖူးနားဝ စကားလုံးတွေနဲ့ ကိုယ့် စကားဘယ်ရောက်လို့ ရောက်မှန်းမသိဘဲ လျှောက်ပြောနေပုံရတယ်။ ဒါမျိုးကိုတော့ မီဒီယာလောကသားဖြစ်. ငွေမိုးတစ်ယောက် ဘယ်လို မှ သည်းမခံနိုင်တော့ပါဘူး။ ဒီကိစ္စဟာ ပြောစမ်း ပေါက်ကရတွေ ဆိုပြီး လွှတ်ထားပေးလို့လည်း ရတာမဟုတ်ဘူးလေ။ ငွေမိုး ရဲရင့် ပြတ်သားစွာပဲ လှမ်းအော်ပြောလိုက်တယ်။

"ဒီမှာ မန်နေဂျာကြီး . . . မိဘပြည်သူများ, မိဘပြည်သူများ ဆိုပြီး လုပ်မပေးနိုင်ဘဲ ပြောမနေနဲ့ဗျာ၊ နောက်ကွယ်က ကြိုးကိုင် တာတွေ၊ အကွက်ကျကျ လှုံ့ဆော်ဖန်တီးတာတွေဆိုတာက ကြားရ ခန်များလို့ ရိုးတောင်နေပြီ၊ ခုဖြစ်စေချင်တာက မန်နေဂျာကြီး ဒီကိစ္စ ကို ဘယ်လိုလုပ်ပေးမှာလဲ၊ ဒါ့ပဲပြောဗျာ"

ငွေမိုး ဖြလိုက်တော့မှ မန်နေဂျာကြီး ဝပ်သွားတယ်။ မျက် လုံးလေး ပေကလပ် ပေကလပ်နဲ့ ပြန်ကြည့်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အဲဒါကိုပဲ မေးချင်တာပါ၊ ခုလို ခင်ဗျား တို့ ထိုင်စောင့်နေမယ့်အစား ရုပ်ရှင်နောက်တစ်ကား အစားထိုးပြီး ပြပေးရမလားလို့ လာညှိတာ"

ပရိသတ်တွေဆီက သဘောမတူတဲ့အသံတွေ ညံစီစီထွက် လာတယ်။ ရုံထဲက လူအုပ်ကြီးကို ငွေမိုး ဦးဆောင်ပြီ။

"မဖြစ်နိုင်ဘူးဗျ . . . ခင်ဗျားတို့ဘက်က ပြီးပြီးရောဆိုပြီး အပေါ်ယံလာမညှိနဲ့၊ ကျုပ်တို့က ဒီကားပဲ ကြည့်ချင်တာ၊ ရုပ်ရှင်ထဲက ဇာတ်ကောင်အောင်သာ ပြန်လာတဲ့အထိ စောင့်မယ်၊ ဒီလိုမှမဟုတ် ဘဲ ခင်ဗျားတို့သဘောနဲ့ လုပ်ချင်တာ လုပ်မယ်ဆိုရင်တော့ ဒေါသ ထွက်နေတဲ့ လူအုပ်ကြီးနဲ့ ရင်ဆိုင်ရလိမ့်မယ် . . . ဒါပဲ"

ရုံထဲက ပရိသတ်တွေက ငွေမိုးစကားကို ထောက်ခံတဲ့အနေ နဲ့ လက်ခုပ်လက်ဝါးတီးပြီး အားပေးကြတော့မယ်။ မိဒီယာသမား သူရဲကောင်းငွေမိုးဟာ သူ့ကိုယ်သူ ပိုထင်ရှားအောင်ဆိုပြီး ဒီအတိုင်း ရပ်နေရာကနေ ထိုင်ခုံပေါ် တက်ရပ်လိုက်တယ်။

မန်နေဂျာကြီးလည်း လူအုပ်ကြီးနဲ့ ငွေမိုးကိုကြည့်ပြီး ဖြူသွား တယ်။ ပြောမရတဲ့အဆုံး ညောင်နာနာ လေသံလေးနဲ့ ပြန်ပြောလာ တယ်။

"ဟုတ်ပါပြီဗျာ . . . ကျွန်တော်တို့ဘက်ကလည်း တာဝန် အရ လာမေးတာပါ"

တာဝန်ဆိုတဲ့စကားကြောင့် ငွေမိုး နားထင်ကြော ထောင်းသွား တယ်။ ဟိုတလောကပဲ ကျောင်းသားတွေကို တာဝန်ကျေပတ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ လူတွေက 'သမ' သွားတာလေ။

"ဒီမှာ မန်နေဂျာကြီး . . . တာဝန်အရဆိုတဲ့စကားကို ခင်ဗျား တကယ်ပဲ တာဝန်ယူနိုင်မှ သုံးပါ။ ကျုပ်တို့ဘက်ကတော့ ကျုပ်တို့ တာဝန် ကျုပ်တို့ ယူတယ်၊ ခင်ဗျားရဲ့ရုပ်ရှင်ရုံကို ဖျက်စီးအောင် ဘာမှ မလုပ်ဘူး၊ ဇာတ်ကောင်အောင်သာ ပြန်လာတဲ့အထိ ငြိမ်းချမ်းစွာ ထိုင်စောင့်မယ်ဗျာ . . . ဟုတ်ပြီလား"

ငွေမိုးတစ်ယောက်ကတော့ သောက်ရမ်းတွေ စွတ်ဖြဲနေပြီ။ ဒါပေမယ့် . . . မှန်နေတာမို့ မန်နေဂျာလည်း ခင်ဗျားတို့ တာဝန်ယူနိုင်ရင်တော့ ခင်ဗျားတို့သဘောပဲဗျာဆိုပြီး ရုံထဲက ပြန်ထွက်သွားတယ်။

ငွေမိုးက ရုပ်ရှင်ပိတ်ကားဘက်ကို လှမ်းကြည့်ပြီး အော်ပြောလိုက်သေးတယ်။

"ရုပ်ရှင်ထဲက ကျန်တဲ့ဇာတ်ကောင်တွေလည်း ဘာမှမပူနဲ့တော့၊ ခင်ဗျားတို့နဲ့အတူ ကျုပ်တို့အားလုံး ဇာတ်ကောင်အောင်သာကို ပြန်စောင့်ပေးမယ်"

လက်ခုပ်တီးသံတွေ ထပ်ထွက်လာတယ်။ သူရလည်း လက်ခုပ်လိုက်တီးနေရင်း နှင်းဦးခင်ကို ပြန်သတိရလာတယ်။ ခုချိန်ထိ ရောက်မလာသေးပုံထောက်ရင် အီးပါ၊ သေးပေါက် သွားတာတော့ ဖြစ်နိုင်တော့ဘူး။ အပြင်ထွက်ပြီး ရှာကြည့်ဦးမှဆိုတဲ့ အတွေးနဲ့ ရုပ်ရှင်ရုံထဲက ထွက်လာခဲ့တယ်။

ရုပ်ရှင်ရုံအပြင်ဘက်ရောက်ရောက်ချင်းမှာပဲ သူရအဖို့ နှင်းဦးကို ရှာမတွေ့ဘဲ အံ့သြစရာတစ်ခု ထပ်ကြုံလိုက်ရပြန်လေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"ကဲ . . . သတင်းထူးတွေနော်၊ သတင်းထူးတွေ၊ ညနေ
ခင်းစာစောင်မှာ 'အချစ်ချင်းမတူ' ရုပ်ရှင်ကားထဲက ဇာတ်ကောင်
အပြင်လောကထဲကို ထွက်သွားတဲ့အကြောင်း ပါလာပြီ"

ရုံအပြင်ရောက်ရောက်ချင်း ဂျာနယ်ရောင်းသူတစ်ယောက်
ရဲ့အော်သံကြောင့် သူရ အံ့ဩသွားတယ်။

သတင်းက မြန်လိုက်တာ။ ကြည့်ရတာ ရုံထဲက သတင်း
ထောက်ငွေမိုးဆီက ထွက်သွားတာ ဖြစ်ရမယ်။

အဲဒီအချိန်မှာပဲ ရုပ်ရှင်ရုံထဲကို အပြင်လူတွေ ထပ်ပြီး ဝင်
လာလို့မရအောင် လုံခြုံရေး တိုးမြှင့်နေတာကို တွေ့လိုက်ရပြန်တယ်။
သတင်းက အပြင်မှာ ပွနေပြီကိုး။

ဂျာနယ်ရောင်းသူက ထပ်အော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သတင်းပါတာမှ ခေတ်ပုံနဲ့တကွ ပါလာတာနော်၊ ရှပ်ရှင်ထဲက ဇာတ်ကောင်နဲ့ ကောင်မလေးတစ်ယောက် လမ်းဘေးအသုတ်ဆိုင်မှာ အသုတ်စားနေတာကို ချစ်တတ်သူလေး ဖေ့စဘုတ်အကောင့်ပိုင်ရှင် အသုတ်သည်အဒေါ်ကြီးက တင်လိုက်တာခင်ဗျ၊ ဟောဒီမှာ တစ်စောင်မှ သုံးရာထဲ"

ဂျာနယ်သမားဆီ လူတွေဝိုင်းအုံသွားတယ်။ အလုအယက်ပဲ ဝယ်ကြလေရဲ့။

ဒီဖြစ်စဉ်ဖြစ်နေတဲ့ ရုပ်ရှင်ရုံရှေ့မှာ ဒီသတင်းပါတဲ့ဂျာနယ်လာရောင်းတာကိုး။ အကွက်မြင်လွန်းပ ဂျာနယ်သမားတွေ။

သူရလည်း စဉ်းစားတယ်။ ငါလည်း တစ်စောင်လောက်ဝယ်ထားဦးမှ။

ဒီသတင်းမျိုး နှင်းဦးခင်လည်း ဖတ်ချင်မှာပဲဆိုပြီး ဂျာနယ်တစ်စောင် သွားဝယ်လိုက်တယ်။

နှင်းဦးနဲ့တွေ့ရင် မျက်နှာလို မျက်နှာရလုပ်ပြီး ဒီဂျာနယ်ကိုပေးမယ်ပေါ့။

ဒါပေမယ့် . . . ဂျာနယ်မျက်နှာဖုံးကို ကြည့်လိုက်ချိန်မှာပဲ ဒီဂျာနယ် နှင်းဦးကို ပေးစရာမလိုဘူးဆိုတာ သူ့ရဲ့ သဘောပေါက်လိုက်လေရဲ့။

ဘာဖြစ်လို့လဲဆိုတော့ ဂျာနယ်ထဲမှာ ဇာတ်ကောင်အောင်သာနဲ့အတူ တစ်ပုံတည်းပါလာတာက သူ့ရဲ့ချစ်လှစွာသော သောက်ကောင်မလေး နှင်းဦး ဖြစ်နေလို့ပါပဲ။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူရ ခေါင်းထဲမှာ ချာချာလည်ပြီး ဘာလုပ်ရမယ်ဆိုတာ စဉ်းစားမရဘဲ ငုတ်တုတ်ကြီး မှေ့သွားလေရဲ့။

ပွဲကတော့ လှပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ဂျာနယ်ထဲက သတင်းကို ဖတ်ပြီးချိန်မှာတော့ မင်းသား မင်းထက်တစ်ယောက် နဂိုရှိရင်းစွဲ ခေါင်းကနေ သုံးဆလောက် ကြီး သွားသလို ခံစားလိုက်ရတယ်။

ဘာတွေလဲ။ ဘာတွေဖြစ်ကုန်တာလဲ။ ဒီလိုအဖြစ်မျိုး ကမ္ဘာ မှာလည်း ဖြစ်တာမကြားဖူးဘူး။ သောက်ဆန်းကြီးပဲ။

ပထမတော့ မင်းထက်လည်း ငါတော့ နာမည်ထပ်ကြီးပြီ ဆိုပြီး ပျော်သလိုလို ဖြစ်သွားသေးတယ်။ သေသေချာချာ ထပ်စဉ်းစား ကြည့်တော့မှ ဒါပျော်ရမယ့်ကိစ္စမဟုတ်ဘူး။ ဒီကိစ္စဟာ ကွိုင်အကြီး ကြီးရှိတယ်။ သောက်ပြဿနာအကြီးကြီးတက်မယ့်ကိစ္စ။ သောက် ဖယားကပ်မယ့်အနေအထားပဲ။

သတင်းထောက်ငွေမိုး ဖုန်းဆက်ပြောတုန်းက မယုံခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဒီသတင်းက Online မှာတင် ပွစိုမကတော့ဘဲ ဂျာနယ်စာမျက်နှာပေါ်မှာတောင် ဓာတ်ပုံနဲ့တကွ ပါလာပြီ။ ဒီသောက်ပြဿနာကို ရှင်းရမယ့်သူဟာ ငါပါလားလို့ တွေးရင်း ကြက်သီးတောင် ထသွားတယ်။

ဒီအတိုင်း မသိသလို လုပ်နေလို့တော့ မဖြစ်ချေဘူး။ ဒီကိစ္စကို ရှင်းမှဖြစ်မယ်။ ဒီဇာတ်ကားက အကယ်ဒမီစာရင်းဝင်နေတာ။ တော်ကြာ ဒီသောက်အထုပ်ရှုပ်ကြောင့် ဆန်ကာတင်စာရင်းကနေ ပယ်ချလိုက်ရင် ဒုက္ခ။

ချက်ချင်းပဲ ဒီရုပ်ရှင်ရဲ့ထုတ်လုပ်သူ ဦးမိုးအောင်ဆီကို ဖုန်းဆက်လိုက်တယ်။

"ဦးမိုးအောင်လည်း ရုပ်ရှင်နဲ့ပတ်သက်တဲ့ သတင်းတွေ ကြားထားရောပေါ့။ အဲဒီကိစ္စ တိုင်ပင်ရအောင် ကျွန်တော် ခုပဲ ထွက်လာခဲ့မယ်ဗျာ . . . ဒါပဲ"

တစ်ဖက်က ဦးမိုးအောင် ပြန်ပြောတာကို နားထောင်မနေတော့ဘူး။ အဝတ်အစားတောင်မလဲဘဲ ကားနဲ့ ထွက်ခဲ့လိုက်တယ်။

သူ မင်းသားဖြစ်ပြီးကတည်းက ကိစ္စတစ်ခုအတွက် မြန်မြန်ဆန်ဆန်သွားဖြစ်တာ ဒီကိစ္စက ပထမဆုံးပါ။

မသွားလို့လည်း မရဘူး။ သောက်ပြဿနာက အကြီးကြီးလေး

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ဂျာနယ်ကို စားပွဲပေါ် ဖြန်းခနဲ မြည်အောင် ပစ်ချလိုက်ရင်း ခေါင်းဆောင်ကြီး ကျော်သာက တဟက်ဟက် ရယ်လိုက်တယ်။

"ဟက် . . . ဟက် . . . သံသရာတစ်ပတ်လည်တယ်ဆိုတာ သိပ်မှန်တာပဲကွာ၊ ဟော့ကောင်တွေ . . . မင်းတို့ကော ဘယ်လိုထင်လဲ"

ဘောစိဖြစ်သူရဲ့စကားသံကြောင့် ရှေ့မှာရှိနေတဲ့ လူမိုက်ပေါက်စသုံးယောက် ကြောင်တောင်တောင် ဖြစ်သွားတယ်။ သံသရာဆိုတာ တစ်ပတ်မကလို့ လေးဆယ့်ငါးပတ်ပဲ လည်လည် သူတို့က ဘာထင်ရမှာတုန်း။ ကိုယ့်သောက်ပူမှမဟုတ်ဘဲ။ ဒါပေမယ့် မေးနေတာက ဘောစိဆိုတော့ သူတို့သုံးယောက်ထဲက နည်းနည်းလျှာသွက် ဟာသွက်ရှိတဲ့ ဂျပန်ကြီးက ထဖြေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မထင်ပါဘူး ဘောစိ၊ ဘောစိက တစ်ပတ်ဆို လည်း တစ်ပတ်ပေါ့ဗျာ၊ ဘယ်သူကမှ နှစ်ပတ်လို့ အထွန့်မတက်ပါဘူး"

ဖြောင်းခနဲမြည်သံနဲ့အတူ ဂျပန်ကြီး ဇက်ပိုးဟာ ထူပူသွား တယ်။ ဦးကျော်သာ ဆော်ပလော်တီးလိုက်တာလေ။ ဂျပန်ကြီး ဘာမှ ပြန်မပြောရဲဘူး။ သေချင်းဆိုးကြီး ဖြေလည်း ဖြေရသေးတယ်ဆိုပြီး စိတ်ထဲကပဲ ကျိန်ဆဲလိုက်တယ်။

ဦးကျော်သာက . . .

"ဟေ့ကောင် . . . သောက်တလွဲတွေ လျှောက်ပြောမနေနဲ့၊ သံသရာတစ်ပတ်လည်တယ်ဆိုတာက ငါ့အဘိုးလက်ထက်တုန်းက လုယူခံလိုက်ရတဲ့ ကာလယန္တရားလက်စွပ် ငါ့ဆီ ပြန်ရောက်လာဖို့ အချိန်တန်ပြီလို့ပြောတာ"

လူမိုက်ပေါက်စ နောက်တစ်ယောက်ဖြစ်တဲ့ အောင်သိန်းက တော့ နည်းနည်းအထာနပ်တယ်။ ဂျာနယ်ကို ယူဖတ်လိုက်ပြီးမှ လေ ပြေထိုးလိုက်တယ်။

"ဘောစိပြောတဲ့အတိုင်းဆိုရင် ရုပ်ရှင်ထဲကဇာတ်ကောင် အသုံးပြုပြီး ထွက်သွားတာ ဘောစိအဘိုးပိုင်ခဲ့တဲ့ လက်စွပ်ပေါ့"

"အမှန်ပေါ့ကွ"

ဘောစိက ထောက်ခံလိုက်လို့ အောင်သိန်း အားတက်ပြီး ဆက်ပြောလိုက်တယ်။

"ဒါနဲ့ . . . ကျွန်တော် မရှင်းတာတစ်ခုက ဒီလက်စွပ်က ရုပ်ရှင်ထဲမှာ ပါတာနော် ဘောစိ၊ အဲဒါကကော ဘယ်လိုဖြစ်တာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



မေးတာက မငုံမရဲမေးရတာ၊ တော်ကြာ မပြောမဆို ဆောင့်ကန်လိုက်ရင် ခံရဦးမယ်။ ဦးကျော်သာကတော့ ဘာမှမလုပ်ဘဲ ပြန်ဖြေပါတယ်။

"ဒီလိုကွာ . . . မင်းတို့ နားလည်အောင် ပြောရရင်တော့ အဲဒီကာလယန္တရားလက်စွပ်က အင်္ဂလိပ်ခေတ်က ငါ့အဘိုးပိုင်ခဲ့တာကွ၊ အဲဒီတုန်းကပဲ အဲဒီလက်စွပ်ဟာ လုယူခံလိုက်ရပြီး စုံးစုံးမြုပ်သွားတယ်၊ ဖြစ်နိုင်တာကတော့ ခု အဲဒီလက်စွပ်ကို ပိုင်နေတဲ့ လူတစ်ယောက်က ရုပ်ရှင်ထဲမှာသုံးဖို့ ဘုမသိဘမသိ ငှားလိုက်တာဖြစ်မယ်၊ ရုပ်ရှင်ထဲမှာတော့ ကာလယန္တရားလက်စွပ်ဆိုပြီး ထည့်ရိုက်တာပဲ၊ ဒါပေမယ့် . . . လက်စွပ်က တကယ့်ကာလယန္တရားလက်စွပ်ဆိုတော့ ဇာတ်ကောင်က အပြင်ကို တကယ်ထွက်သွားတာပေါ့"

ဂျပန်ကြီး ခေါင်းထောင်လာတယ်။

"ဒါဆို ဘောစိပြောချင်တဲ့သဘောက အဲဒီလက်စွပ်ဟာ ခုရုပ်ရှင်ထဲကနေ အပြင်ထွက်သွားတဲ့ ဇာတ်ကောင်အောင်သာဆီမှာ ပေါ့နော်၊ ဒါပေမယ့် . . . ပြန်လုယူဖို့ဆိုတာက လွယ်ပါ့မလား ဘောစိ"

ဒုတိယမို့ ဖြောင်းခနဲပဲ။ သောက်လိုက်ကမ်းဆိုးမသိ ဝင်ပြောတဲ့ ဂျပန်ကြီး အီစလံဝေသွားရပြန်တယ်။

"မင်းကွာ . . . စစ်မတိုက်ခင်က မြားကုန်နေတဲ့ကောင်ပဲ ဂျပန်ကြီး၊ နည်းနည်းပါးပါး စဉ်းစားလေကွာ၊ ရုပ်ရှင်ထဲက ထွက်လာတဲ့ကောင်ဆိုတော့ ဒီကောင် ဘယ်မှသွားလို့ရမှာ မဟုတ်ဘူး၊ မှတ်ပုံတင်မှမရှိတာ၊ ပြီးတော့ . . . ဇာတ်ကောင်ရဲ့ရုပ်က မင်းသားမင်းထက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တစ်ပုံစံတည်းလေ၊ ဘယ်လိုဖြစ်ပြီး ရှာရခက်တော့မှာလဲ"

"ကျွန်တော်လည်း ဘောစိလိုပဲ စဉ်းစားမိပါတယ် ဘောစိ၊ ဘောစိက ဘောစိမို့လို့ ကျော်ပြီး ဘောစိကို မပြောတာပါ၊ ဂျပန်ကြီးက ပေါက်ကရတွေ ဝင်ပြောနေတယ်"

အောင်သိန်းက ပဏာဝင်ယူလိုက်တယ်။ ဂျပန်ကြီးက အောင်သိန်းကို မာန်ဖီသလို အံကြိတ်ပြီး ကြည့်တယ်။ မအေဃိုးလေး မင်း ဆေးထိုးထားဦးပေါ့ဆိုတဲ့ အကြည့်မျိုး။

ဦးကျော်သာကပဲ ဆက်ပြောတယ်။ ပြောတယ်ဆိုတာထက် အမိန့်ပေးတာ။ သူ့မှာလည်း ခိုင်းစရာဆိုလို့ ဒီတပည့်သုံးကောင်ပဲ ရှိတယ်။

"ဒီတော့ကွာ . . . မင်းတို့သုံးယောက် ခုချိန်ကစပြီး မင်းသား မင်းထက်နဲ့ ရုပ်တူတဲ့ ဇာတ်ကောင်အောင်သာ့ကို ရန်ကုန်မှာ မြေလှန် ရှာပေတော့၊ ဂျာနယ်ထဲမှာ အဲဒီကောင်နဲ့အတူရှိနေတဲ့ ကောင်မလေး ရဲ့ဓာတ်ပုံလည်း ပါတယ်၊ ဖမ်းမိရင် ငါ့ဆီသာ ခေါ်လာခဲ့၊ အဲဒီကောင် သေရင်သေပါစေ လက်စွပ်တော့ ပါအောင်ယူလာခဲ့ . . . ဒါပဲ"

ပြောတာတော့ လွယ်လိုက်တာ။ မင်းမဲ့တိုင်းပြည်ကျနေတာ ပဲလို့ ဂျပန်ကြီး တွေးဖြစ်အောင် တွေးလိုက်သေးတယ်။ အမှုအခင်း ဖြစ်လို့ကတော့ ကိုယ်တွေပဲ ထောင်ထဲဝင်ရမှာ။ ဒီသေချင်းဆိုးကြီးက ရှောင်ထွက်သွားမှာ သိသားပဲ။ လောလောဆယ်တော့ ဒင်းကြီး ကျွေး ထားတဲ့ သေစာရှင်စာလေး စားနေရတော့ မလုပ်ပေးလို့လည်း မဖြစ် ပြန်ဘူး။ ငြင်းလိုက်ရင် နားကားသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ခိုင်းတဲ့အတိုင်းလုပ်ဖို့ သုံးယောက်သား ထရပ်လိုက်ကြတယ်။

ဘောစိဦးကျော်သာကတော့ နံရံမှာ ချိတ်ဆွဲထားတဲ့ သူ့အဘိုးဓာတ်ပုံကိုကြည့်ပြီး အိမ်ထဲက မထွက်ဘဲ ကြိမ်းဝါးလိုက်သေးရဲ့။

"အဘိုးအတွက် ကျွန်တော် သွေးကလဲ့စား ပြန်ချေပြီး လက်စွပ်ပြန်ရအောင် ယူပေးပါ့မယ် အဘိုး"

လှည့်မထွက်ခင်မှာ ဘောစိကို တစ်ချက်ကြည့်ပြီး ဂျပန်ကြီးတွေးဖြစ်အောင် ထပ်တွေးလိုက်သေးတယ်။

"ဆုတောင်းပုံကိုက သူ့ကိုယ်သူ ကိုရီးယားဇာတ်လမ်းတွဲထဲက မင်းသားများ မှတ်နေလား မသိဘူး . . . ငိုးမထားကျိုး"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

ဒီဘက်ရုပ်ရှင်ကုမ္ပဏီရုံးခန်းထဲမှာလည်း မင်းသားမင်းထက်နဲ့ ထုတ်လုပ်သူ ဦးမိုးအောင်တို့ မျက်နှာချင်းဆိုင် ဆွေးနွေးနေတာ တစ်နာရီလောက် ရှိနေပြီ။ နောက်ဆုံးမှာ အဖြေတစ်ခုပဲ ရတယ်။

အဓိကတရားခံကတော့ ရုပ်ရှင်ရိုက်တုန်းက ခဏငှားသုံးခဲ့တဲ့ လက်စွပ်ကြောင့်ပဲ။ ကုမ္ပဏီပိုင်ရှင် ဦးမိုးအောင်ဟာ ဒီရုပ်ရှင်ကားရိုက်တုန်းက ဇာတ်ဝင်ခန်းအတွက် ရှေးဟောင်းလက်စွပ်ပုံစံ လက်စွပ်တစ်ကွင်းလိုလို့ သူ့မိတ်ဆွေတစ်ယောက်ဆီက ငှားခဲ့တာ။ သူ့မိတ်ဆွေကလည်း ဒီလက်စွပ်ဟာ အစွမ်းရှိမှန်းမသိဘူး။ ဘိုးဘွားပိုင်ပစ္စည်းမို့လို့သာ သိမ်းထားတာ။ ရွှေထည်လည်း မဟုတ်တော့ ရုပ်ရှင်ထဲ ထည့်သုံးဖို့ ငှားလိုက်တယ်။

ရုပ်ရှင်ထဲကျတော့လည်း ဇာတ်လမ်းအရ အရေးပိုင်မင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော်က ကိုအောင်သာကို တော်လှန်ရေးမလုပ်စေချင်လို့ ဒီလက်စွပ်ဟာ အစွမ်းရှိတဲ့ ကာလယန္တရားလက်စွပ်ဆိုပြီး ညာပြောလိုက်တယ်။ ဇာတ်ကောင်ကိုအောင်သာကလည်း ဇာတ်လမ်းအတိုင်း လက်စွပ်ကို မယူဘဲ ချစ်သူကို ထားခဲ့ပြီး ထွက်သွားရမှာ။ ဒါပေမယ့် ဒီတစ်ကြိမ်ကျမှ ကိုအောင်သာက ဘာစိတ်ကူးပေါက်တယ် မသိဘူး။ ဖျင်ယားပြီး လက်စွပ်ကို ပွတ်ဆုတောင်းလိုက်တာ လက်စွပ်က စွမ်းနေတော့ အပြင်လောကကို ရောက်သွားပြီး ကမောက်ကမတွေ ဖြစ်ကုန်ရော။ ပိုဆိုးတာက လက်စွပ်က ခု ကိုအောင်သာဆီမှာ ရှိနေတယ်။

မင်းသားမင်းထက်က မေ့နေတာတစ်ခုကို ထပ်စဉ်းစားမိတယ်။

"ဒါနဲ့ . . . ဦးမိုးအောင် ရုပ်ရှင်ရိုက်ပြီးတော့ အဲဒီလက်စွပ်ကို ပိုင်ရှင်ဆီ ပြန်ပေးခဲ့သေးလားဗျ"

ဦးမိုးအောင်က ခေါင်းညိတ်တယ်။

"ပြန်ပေးလိုက်တယ် ကိုမင်းထက်၊ ကျွန်တော်လည်း ခင်ဗျားလို တွေးမိလို့ ကျုပ်မိတ်ဆွေဆီကို ဖုန်းဆက်မေးပြီးပြီ၊ လက်စွပ်က သူ သိမ်းထားတဲ့နေရာမှာ မရှိတော့ဘဲ ပျောက်နေတယ်တဲ့"

အခြေအနေတွေကတော့ ရှုပ်ထွေးလာပြီ။ ကြားထားတဲ့ သတင်းအရ ဒီကိစ္စကလည်း ဟိုးလေးတကျော်ဖြစ်လာပြီ။ လုပ်စရာ တစ်ခုပဲ ရှိတော့တယ်။ ကိုအောင်သာဆိုတာ သူ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်မို့ တာဝန်အရှိဆုံးလူက သူပဲလို့ မင်းထက် ခံစားနေရတယ်။ ဇာတ်ကောင်အောင်သာက သူနဲ့ရုပ်ရည်က တင်ဆိပ်



www.burmeseclassic.com

www.burmeseclassic.com



တည်းဆိုတော့ ဇာတ်ကောင်အောင်သာ အပြင်မှာ သောက်တလွဲတွေ လျှောက်လုပ်ရင် ခံရမှာ ကိုယ်ပဲ။

"ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ အဲဒီဇာတ်ကောင်အောင်သာကို တွေ့အောင် လိုက်ရှာမှဖြစ်တော့မယ်ဗျ၊ ရုပ်ရှင်ရုံထဲမှာလည်း ဇာတ်ကောင်ပြန်လာမယ်ဆိုပြီး စောင့်နေကြတာ၊ ရုပ်ရှင်ကလည်း တန်းလန်းကြီး ရပ်ထားရတယ်၊ တော်ကြာ . . . ရှုတ်ရှုတ်ရှုတ်ရှုတ်ဖြစ်လာရင် မကောင်းဘူးဗျ"

"ဒါဆိုလည်း မြန်မြန်လိုက်ရှာကြတာပေါ့ဗျာ၊ ကျုပ်လူတွေဆီလည်း လက်လှမ်းမီသလောက် ဖုန်းဆက်ထားလိုက်မယ်၊ ခင်ဗျားနဲ့ တစ်ပုံစံတည်းဆိုတော့ ရှာရလွယ်မှာပါ"

စကားအဆုံး မင်းထက်ကလည်း သူ့တပည့်ကောင်လေးတွေဆီ ဖုန်းထုတ်ပြီး ဆက်လိုက်ပါတယ်။

အရေးကြီးနေပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ရုပ်ရှင်ရုံထဲက သတင်းထောက်ငွေမိုး ဦးဆောင်တဲ့ ပရိသတ်တွေကလည်း ဇာတ်ကောင်အောင်သာ ပြန်မလာမချင်း ဒီရုံထဲကနေ တစ်လက်မတောင် မရွေ့ဘူးလို့ သံမဏိဌာန်ချထားကြတယ်။ သူတို့အားလုံး ဒီရုပ်ရှင်ဇာတ်ကား ဘယ်လိုဆက်ဖြစ်မယ်ဆိုတာ သိချင်နေကြတယ်။

ရုပ်ရှင်ရုံမန်နေဂျာကတော့ ငွေမိုးတို့ကို ရုံထဲက မောင်းထုတ်လို့မဖြစ်နိုင်တော့တာမို့ အပြင်က တခြားလူတွေ ထပ်မဝင်လာအောင် လုံခြုံရေးကို တိုးမြှင့်လိုက်ပြီ။ အပြင်မှာ ရုံးစုရုံးစုဖြစ်နေတဲ့လူအုပ်ကြီး မျက်စိစပါးမွေးစူးမှာစိုးလို့ သူ့လုံခြုံရေးဝန်ထမ်းတွေကိုတော့ 'တာဝန်' ဆိုတဲ့ လက်ပတ်နီမပတ်ခိုင်းဘူး။ တော်ကြာ ဒေါသထွက်နေတဲ့ လူအုပ်ကြီးက သူ့ကိုပါ ရောကြိတ်လိုက်ရင် ဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် သူ့အနေနဲ့ ဒီရုပ်ရှင်နဲ့ ပတ်သက်နေတဲ့ ထုတ်လုပ်သူ၊ မင်းသား စသဖြင့် တာဝန်ရှိသူတွေကို ဖုန်းဆက်ပြီး သတင်းပေးထားပြီ။ သူ့အနေကတော့ ရုပ်ရှင်ရုံရှေ့မှာ လာစပ်စုနေကြတဲ့ လူအုပ်ကြီးကိုပဲ ထိုင်ကြည့်နေရတော့တယ်။ ဒါ ဇာတ်ကောင် အောင်သာဆိုတဲ့ကောင် သောက်တလွဲတွေလုပ်လို့ ငါတို့မှာ သောက်လုပ်တွေ ရှုပ်ကုန်တာဆိုပြီး ဇာတ်ကောင်အောင်သာကိုပဲ မေတ္တာပို့နေမိတယ်။ ဖင်ယားတဲ့အမှု အံ့မခံမရဆိုတာ ဒါမျိုးပဲ။

မန်နေဂျာကြီး ပို့သတဲ့မေတ္တာကြောင့် ကိုအောင်သာဟာ နှင်းဦးခင်ရဲ့ကားလေးထဲမှာ အဲကွန်းနဲ့ ငြိမ့်ပြီး လိုက်ပါလာတယ်။ နှင်းဦးခင်က ကားကို သူ့အိမ်ဆီ မောင်းလာတာ။ ဒီတစ်ညတော့ ကိုအောင်သာ နေစရာမရှိတာမို့ အိမ်မှာ ခဏခေါ်ထားမယ်ဆိုတဲ့ အတွေးနဲ့ပေါ့။

ဒါပေမယ့် လမ်းထဲမောင်းဝင်လာပြီး အိမ်ရှေ့ဆီ လှမ်းကြည့်လိုက်မိတာနဲ့ အိမ်ပြန်ဖို့ မလွယ်တော့ဘူးဆိုတာ သိလိုက်ရတယ်။

ကားဘရိတ်ဆောင့်နင်းပြီး တုံ့ခနဲရပ်လိုက်လို့ ကိုအောင်သာ လန့်သွားရင်းက . . .

"ဘာ . . . ဘာဖြစ်လို့လဲဟင် နှမလေး"

နှင်းဦးခင်က ကားထဲကနေ သူ့အိမ်ရှေ့မှာ ရစ်ဝဲရစ်ဝဲလုပ် နေကြတဲ့ လူတွေဆီ မေးဆတ်ပြပြီး . . .

"ဟိုမှာလေ . . . ကျွန်မခြံရှေ့မှာ လူတွေအများကြီးပဲ သတင်းထောက်တွေလည်း ပါမယ်ထင်တယ်၊ ဒီအတိုင်းဆိုရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ထဲဝင်ဖို့ မဖြစ်နိုင်တော့ဘူး ကိုအောင်သာ၊ သတင်းတွေက ပွနေပြီ"

ကိုအောင်သာလည်း စိတ်ရှုပ်တဲ့ပုံစံနဲ့ ခေါင်းကုတ်လိုက်ရင်း-

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲဗျာ၊ ကျုပ်အတွက်နဲ့ နှမလေးလည်း အလုပ်တွေ ရှုပ်နေရပြီ"

နှင်းဦးခင်ကတော့ လတ်တလော ရင်ဆိုင်နေရတဲ့ အခက်အခဲကို ဂိမ်းတစ်ခုလို ခံစားလာရတာမို့ . . .

"ကိစ္စမရှိပါဘူးရှင် . . . ကိုအောင်သာကို ကူညီရတာ ကျွန်မ ပျော်ပါတယ်၊ ကဲ . . . အိမ်ထဲဝင်လို့မရဘူးဆိုတော့ တခြားအဆင်ပြေမယ့် တစ်နေရာကို ထပ်သွားကြတာပေါ့"

ကိုအောင်သာအဖို့ နှင်းဦးခင်စကားကို လက်ခံရုံမှအပ ဘာမှစောဒကတက်စရာ မလိုတော့ဘူး။ သူရောက်နေတဲ့ ဒီခေတ်ကာလကြီးက သူ့အဖို့ တောကြီးမျက်မည်းလိုပဲလေ။

နှင်းဦးခင်က ကားကိုပြန်ကွေ့လိုက်ရင်း ဖေ့စဘုတ်ပေါ်ကို ပုံတင်လိုက်တဲ့ အသုတ်သည်မိန်းမကြီးကိုပဲ ကျိန်ဆဲလိုက်မိတော့တယ်။

ကာလနာမကြီး။ ဒင်းကတော့ လိုက်ခ် (Like) တွေ ရာချီရလို့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

ဇာတ်ကောင်အောင်သာကို လိုက်ရှာခိုင်းတဲ့ လူတွေဆီက လည်း ဘာဖုန်းမှ ဝင်မလာတာမို့ ဦးမိုးအောင်နဲ့ မင်းထက်တို့ ရုံးခန်း ထဲမှာ ချွေးပြန်နေကြပြီ။ ရုပ်ရှင်ရုံထဲက ပရိသတ်တွေက ရုံပြင်မထွက် ပြနေတဲ့ ရုပ်ရှင်ကလည်း တန်းလန်းကြီးဆိုတော့ အခြေအနေကို ထိန်းဖို့ ဦးမိုးအောင် အကြံထုတ်နေတယ်။

တအောင့်ကြာတော့ ဦးမိုးအောင်မျက်နှာ ဝင်းခနဲဖြစ်သွား ရင်း . . .

"ကျုပ် အကြံတစ်ခုရပြီ ကိုမင်းထက်"

မင်းထက်က ဆတ်ခနဲ ကြည့်လိုက်တယ်။ ကြည့်တယ်ဆိုရုံ လေး ကြည့်လိုက်တာ။ လက်နှစ်ဖက်က မအားဘူး။ ဟန်းဖုန်းနဲ့ စီအိုစီ (COC) ဆော့နေရသေးတယ်။ ဝါး (war) ရှုံးသွားရင် မလွယ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးအောင်က ဆက်ပြောတယ်။

"ဇာတ်ကောင်အောင်သာကို ရှာတာလည်း ရှာတာပေါ့ဗျာ၊ လောလောဆယ် ရုပ်ရှင်ရုံထဲမှာ အခြေအနေလေး ငြိမ်သွားအောင် ရုပ်ရှင်ဇာတ်ကားရဲ့ နောက်ဆုံးပိုင်းလေးကို ကျော်ပြီးပြရင် ကောင်းမလားလို့"

"မိုက်ရိုင်းလိုက်တာဗျာ၊ ဒီခွေးသားတော့ . . ."

"ဟာ"

မင်းထက်ပါးစပ်က ဆဲသံထွက်လာလို့ ဦးမိုးအောင် လန့်သွားတယ်။ ငါပြောတာ ဘာအမှားပါလို့ ဆဲတာပါလိမ့်ဆိုပြီး အူတူတူ စဉ်းစားတုန်းမှာပဲ မင်းထက်က . . .

"ဆောရီးဗျာ . . . ဒီမှာ လာတိုက်တဲ့ကောင်တွေကို ဆဲနေတာ၊ ဦးမိုးအောင် စိတ်ဆိုးစိတ်ဆော့ကြည့်ပါလား၊ ဒီဂိမ်းက လန်းတယ်ဗျ၊ လန်းလွန်းလို့ အလုပ်ပြုတ်တဲ့သူတွေ ပြုတ်ဆိုပဲ၊ ဂိမ်းပဲ ဆော့နေကြလို့လေ"

ဘယ့်နှယ်စကားပြောနေရင်းက စိတ်ဆိုတာကြီးပါလာပါလိမ့်။ ဦးမိုးအောင်က ပြီးပြီးရော ပြောလိုက်တယ်။

"လန်းရင်လည်း ဇာပျာနဲ့ ကူးထားလိုက်မယ်ဗျာ၊ ဒါနဲ့ ခုနက ကျွန်တော်ပြောတာကော ကြားရဲ့လား"

မင်းထက်က ခေါင်းညိတ်ပြီး . . .

"ကြားပါတယ်ဗျာ . . . ဒါပေမယ့် အဲဒီကိစ္စကိုတော့ ကျွန်တော်သဘောမတူနိုင်ဘူး ဦးမိုးအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘာ . . . ဘာဖြစ်လို့လဲ ကိုမင်းထက်"

ဈေးကွက်ရှိနေတဲ့ မင်းသားဆိုတော့ ဦးမိုးအောင်လေသံ သိပ်မရဲဘူး။ လေပြေလေးနဲ့ မေးလိုက်တာ။ မင်းထက်ကလည်း ခပ်အေးအေးပဲ ပြန်ပြောတယ်။

"မဖြစ်ဘူးဆိုတာက ဒီလိုဗျ၊ ဒီရုပ်ရှင်ကို ပြီးပြီးရောဆိုပြီး ကျော်ပြတာက ပရိသတ်ကို စော်ကားသလိုဖြစ်နေတယ်၊ ရုံထဲမှာ ပရိသတ်တစ်ယောက်ပဲ ရှိနေရင်တောင် အဲလိုမလုပ်သင့်ဘူးဗျာ၊ ကျွန်တော်တို့ အနုပညာသမားဆိုတာ ပရိသတ်ကျွေးတဲ့ထမင်းကို စားနေရတာဗျ"

ဦးမိုးအောင်က လက်ကာပြရင်း စောဒကတက်လိုက်သေးတယ်။ ရလိုရငြားဆိုပြီး . . .

"ခဏလေး ကိုမင်းထက် . . . ကျွန်တော် ပြောချင်တာက အဲဒီသဘောမဟုတ်ပါဘူး၊ ဒီတစ်ပွဲလောက်ပဲ ကျော်ပြချင်တာပါ၊ နောက်ပွဲစဉ်တွေကို အချိန်ကမောက်ကမ မဖြစ်စေချင်တဲ့ စိတ်ကူးနဲ့ပါ ကိုမင်းထက်"

မင်းထက်က လေးလေးနက်နက် ပြန်ပြောချင်တဲ့အတွက် ဖုန်းထဲက ဆော့နေတဲ့ (COC) ကိုတောင် ခဏပိတ်လိုက်တယ်၊ ပြီးမှ ထုတ်လုပ်သူ ဦးမိုးအောင်ကို ကြည့်ရင်း . . .

"ကျွန်တော်ပြောမယ် ဦးမိုးအောင် . . . ခင်ဗျားလည်း ကုမ္ပဏီ ပိုင်ရှင်သားတစ်ယောက်ပဲဗျာ၊ ဒီကိစ္စကိုတော့ ရုံပိုင်ရှင်နဲ့ အကျိုး အကြောင်းပြောပြီး ညှိလိုက်ပေါ့၊ ရုပ်ရှင်လောကမှာ စီးပွားရေးတစ်



www.burmeseclassic.com

www.burmeseclassic.com



တည်းကိုပဲ ကြည့်နေရင် ဒီလောကကြီးလည်း ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူး၊ လက်ချိုးရေလို့ရတဲ့ ရုပ်ရှင်ရုံပိုင်ရှင်တွေဘက်ကလည်း ကျွန်တော်တို့ဘက်ကို ပြန်ကြည့်ပေးဖို့ လိုတယ်၊ ကျွန်တော့်ဆုံးဖြတ်ချက်ကတော့ ဇာတ်ကောင်အောင်သာကို ရှာမတွေ့မချင်း ရုပ်ရှင်ကို ဒီအတိုင်း ရပ်ထားမယ်ဗျာ၊ သူ့ကို ရအောင်ရှာပြီး ရုပ်ရှင်ထဲ ပြန်ထည့်ရမယ်၊ ဒါမှလည်း ကျွန်တော်ရိုက်ခဲ့တဲ့ ဒီဇာတ်ကားအတွက် လိပ်ပြာလုံမယ် ဦးမိုးအောင်၊ ဒါမှမဟုတ်ဘဲ ခင်ဗျားသဘောနဲ့ခင်ဗျား ဇာတ်သိမ်းပိုင်းကို ကျော်ပြမယ်ဆိုရင်တော့ နောက်ထပ်ခင်ဗျားကုမ္ပဏီနဲ့ ကျွန်တော်လက်တွဲပြီး ရုပ်ရှင်ရိုက်ဖို့ ဖြစ်နိုင်မှာမဟုတ်ဘူး"

မင်းထက်ရဲ့ပြတ်သားတဲ့ စကားအဆုံးမှာတော့ ဦးမိုးအောင်သက်ပြင်းပဲ ကျိတ်ချလိုက်တယ်။ ခေါင်းထဲမှာလည်း တစ်နေ့တစ်လုံးပေးနေတဲ့ ရွှေဥကို ယူမလား၊ ငန်းကို သတ်မလားဆိုတဲ့ စကားပုံကိုပြေးသတိရမိလိုက်တယ်။ ဒါနဲ့ပဲ . . .

"ဟုတ်ပါပြီဗျာ . . . ဒါဆိုရင်လည်း ဇာတ်ကောင်အောင်သာပြန်ရှာတွေ့တဲ့အထိ စောင့်ကြတာပေါ့"

မင်းထက် လှစ်ခနဲ ပြုံးလိုက်တယ်။ ဒီလိုမှ မဖြရင် ထုတ်လုပ်သူဆိုတာမျိုးက ကျော်ခွသွားမှာလေ။ ဘယ်ရမလဲ။ ဟက် . . . ဟက်။

စိတ်ထဲက ကျိတ်ပြုံးရင်းနဲ့ သတိရလို့ ဟာခနဲတောင် ဖြစ်သွားရဲ့။ သတိရရချင်းပဲ ဖုန်းအမြန်ဖွင့်ပြီး စီအိုစီ အပလီကေးရှင်းလေးကို တပ်ခနဲ ထိလိုက်ပါတယ်။ ကျေးပြီသားမှတ်။ အိုင်းစ် . . .။

www.burmeseclassic.com

(၂၀)

ညဟာ တိတိကျကျကို မှောင်နေပါပြီ။ နာရီအားဖြင့်တော့ ခုနစ်နာရီခွဲလောက်ပဲ ရှိသေးတယ်ထင်ရဲ့။ နှင်းဦးခင်နဲ့ ကိုအောင်သာ ကတော့ ကားကို လမ်းဘေးမှာ ခဏရပ်ပြီး ဘာဆက်လုပ်ရင်ကောင်း မလဲ တိုင်ပင်နေကြတယ်။ တကယ်တော့ တိုင်ပင်တယ်ဆိုတာထက် နှင်းဦးခင်က အကြံထုတ်နေရတာ။ ကိုအောင်သာလည်း ညည်းလာပြီ

"အမှန်အတိုင်း ပြောရရင်တော့ ကျုပ် တော်တော်စိတ်ညစ် လာပြီ နှမလေး၊ နှမလေးကိုလည်း အားနာလာပြီ"

"ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ညစ်သွားတာလဲ ကိုအောင်သာ၊ ပြီးတော့ ကျွန်မကို အားနာတယ်ဆိုတာကရော"

ကိုအောင်သာ သက်ပြင်းထပ်ချတယ်။ ပြီး . . . ခပ်လေး လေး ပြောလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှမလေးပဲ စဉ်းစားကြည့်လေ . . . အကြိမ်ကြိမ် နာကျင်ခံစားနေရတဲ့ သပွတ်အူလိုဇာတ်လမ်းထဲမှာ မျောမနေချင်လို့ ထွက်လာတယ်ဆိုကာမှ ပိုဆိုးနေပြီ၊ ခုပဲကြည့်လေ . . . ဟိုနေရာ သွားလို့မရ၊ ဒီနေရာ လာလို့မရ၊ ဟိုလူ့ရှောင်ရ၊ ဒီလူ့ရှောင်ရနဲ့ ကျုပ်ဘဝက မလွတ်လပ်ဘဲ ပိုတောင်ကျဉ်းကျပ်လာသလိုပဲ"

ထောက်ခံတဲ့ပုံစံနဲ့ နှင်းဦးခင် အလိုက်သင့် ခေါင်းညိတ်လိုက်တယ်။

"အင်းနော် . . . ကိုအောင်သာ ညည်းရင်လည်း ညည်းစရာပဲ၊ ပြောရရင် ကိုအောင်သာရဲ့အဖြစ်က သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ ထူးဆန်းနေတော့ လူတိုင်းကလည်း စိတ်ဝင်တစား စောင့်ကြည့်နေကြတယ်၊ နောက်ပြီး ကိုအောင်သာဆိုတာက မင်းသားမင်းထက် သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်ဆိုတော့ ရုပ်ရည်ကလည်း မင်းထက်နဲ့ တစ်ပုံစံတည်းပဲလေ၊ ဒီတော့ အခြေအနေတွေ ပိုပြီး ရှုပ်ထွေးမလာခင် ကိုအောင်သာ ရုပ်ရှင်ထဲ ပြန်ဝင်သွားမလား"

စကားဆုံးဆုံးချင်းပဲ ကိုအောင်သာက ခပ်ပြင်းပြင်း ခေါင်းခါလိုက်တယ်။

"မဖြစ်ဘူး နှမလေး၊ ကျုပ် ရုပ်ရှင်ထဲ ပြန်မသွားချင်ဘူးဗျာ၊ အပြင်မှာလည်း ဖြစ်တဲ့နည်းနဲ့ ရအောင်နေမယ်"

နှင်းဦးခင် သက်ပြင်းကျိတ်ချလိုက်တယ်။ ကိုအောင်သာ့ပုံစံကြည့်ရတာ ရုပ်ရှင်ထဲ ပြန်ဝင်ဖို့ကို အတော်လေး ခါးသီးနေတယ်၊ ခုလိုအချိန်မှာ အတင်းကြီး မပြောတာကောင်းမယ်လို့ နှင်းဦးခင်



www.burmeseclassic.com

www.burmeseclassic.com



ထပ်တွေးမိတယ်။ အဲဒါကြောင့် စကားကို ဖော့လိုက်ပြီး . . .

"ကဲပါ . . . ကိုအောင်သာ စိတ်ရှုပ်ထွေးပြီး သွေးပူနေတဲ့ အချိန်မှာတော့ ကျွန်မလည်း သိပ်မတိုက်တွန်းချင်ပါဘူး၊ ဒါပေမယ့် လောလောဆယ် အနေအထားအရဆိုရင်တော့ ကိုအောင်သာ ရုပ်ဖျက်ထားမှ ကောင်းမယ်ထင်တယ်၊ ရှင့်ရုပ်က မင်းသားနဲ့တူနေတော့ လူတွေ ရုတ်တရက် မမှတ်မိအောင်ပါ၊ မျက်နှာဖုံးတစ်ခုလောက် စွပ်ထားရင် ကောင်းမလားပဲ"

"မသိတော့ပါဘူး နှမလေးရယ်၊ ကောင်းသလိုသာ စီစဉ်ပါတော့"

ပြောပြီး ကိုအောင်သာ လေပူကြီးကို အားရပါးရ မှုတ်ထုတ်လိုက်တယ်။ ကိုယ့်သဘောနဲ့ကိုယ် ရုပ်ရှင်ထဲက ထွက်လာခဲ့ပြီးမှ တိုင်ပတ်နေပြီလေ။ ကြိတ်မှိတ်ခံရုံပေါ့။ ရုပ်ရှင်ထဲမှ ပြန်မသွားချင်တာကိုး။

နှင်းဦးခင်က ခပ်တွေတွေ စဉ်းစားလိုက်ပြီးမှ ရပ်ထားတဲ့ကားကို စက်ပြန်နှိုးလိုက်တယ်။ ပြီး ကိုအောင်သာကို ပြုံးပြလိုက်ရင်း-

"ကဲပါ . . . အဲလောက်လည်း စိတ်ညစ်မနေပါနဲ့ဦး၊ ကိုအောင်သာ ရှေ့လျှောက်ဘယ်လိုစခန်းသွားရမယ်ဆိုတာ တစ်ထိုင်တည်း စဉ်းစားလို့မှ မရနိုင်တာ၊ ပြီးမှ အေးဆေးစဉ်းစားကြတာပေါ့၊ ခုတော့ ကိုအောင်သာ အပြင်ကို ရောက်တုန်းရောက်ခိုက် အမှတ်တရဖြစ်သွားအောင် စိတ်အပန်းပြေမယ့် နေရာတစ်နေရာကို လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နှင်းဦးခင် ကားမောင်းထွက်လိုက်တယ်။ ဘယ်နေရာလဲဆိုတာတော့ ကိုအောင်သာလည်း မေးမနေတော့ဘူး။ စိတ်ထဲမှ နှင်းဦးခင်ကို ပိုးစိုးပက်စက် ပစ်ယုံထားလိုက်တယ်။ ကျေးဇူးတင်စကားတောင် ထပ်ဆိုလိုက်သေးရဲ့။

"နှမလေး . . . ကျေးဇူးတွေကိုတော့ ကျုပ်တစ်သက် မေ့လို့ရမှာ မဟုတ်တော့ဘူးဗျို့"

ကားမောင်းနေတဲ့ နှင်းဦးခင်က ခပ်ပြုံးပြုံး လှည့်ကြည့်ပြီး ပခုံးပဲ အသာတွန့်လိုက်ပါတယ်။

နှင်းဦးခင်စိတ်ထဲ သူကြိုက်တဲ့ ရုပ်ရှင်ထဲက ဇာတ်ကောင်ကြီးနဲ့ နှစ်ပါးသွားနေရတာကို ပျော်တော့ ပျော်နေမိသား။ ပြောရရင် ရည်းစားဖြစ်တဲ့ သူရကိုတောင် မေ့ပြီး စိတ်လှုပ်ရှားကြည်နူးမိနေသေးတယ်။

သူရသာ နှင်းဦးခင်ရဲ့စိတ်အခြေအနေကိုသိရင် ဘယ်လောက်တောင် သောက်သဲပေါက်လိုက်မလဲ မသိဘူး။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

ကိုအောင်သာ့ရုပ်ရည်က မင်းသားမင်းထက်နဲ့ တူနေလို့ လူတွေက မှတ်မိနိုင်တယ်ဆိုကာမှ နှင်းဦးခင်က နိုက်ကလပ်ကို ခေါ်ချ လာတယ်။ ဒါပေမယ့် . . . ဒီအတိုင်းကြီး ခေါ်လာတာတော့ မဟုတ် ဘူး။ သရဲမျက်နှာဖုံးတစ်ခုဝယ်ပြီး ကိုအောင်သာ့မျက်နှာပေါ်မှာ တပ် ပေးထားတယ်။ ဒီလောက်ဆိုရင်တော့ ဘယ်သူမှ မှတ်မိနိုင်စရာ အကြောင်း မရှိတော့ဘူး။

တကယ်တော့ နှင်းဦးခင်က ကိုအောင်သာ အပြင်လောက ကို ရောက်တုန်းရောက်ခိုက်ဆိုပြီး ရောက်ဖူးသွားအောင် ကလပ်ထဲ ခေါ်လာတာပါ။ နောက်တစ်ချက်က လျှောက်သွားနေတာထက်စာ ရင် ကလပ်ထဲမှာက ပိုလုံခြုံတယ်ထင်လို့။

ကလပ်ထဲက မီးရောင်စုံတွေအောက်မှာ မြူးကြွတဲ့ဂီတနဲ့



www.burmeseclassic.com

www.burmeseclassic.com



စီးမျှောကခုန်နေကြတဲ့ လူတွေကို ကိုအောင်သာ ရပ်ငေးနေမိတယ်။ စိတ်ထဲမှာလည်း ကိုယ့်ကိုယ်ကို ဘာကောင်ဆိုတာ မေ့ပြီး မြူးကြွလာသလိုပဲ။ ကနေတဲ့ လူတွေကိုကြည့်ပြီး မက,တတ် က,တတ်နဲ့ လိုက်ဒွန့်နေတယ်။

နှင်းဦးခင်ကတော့ ကိုအောင်သာ စိတ်ပေ့ါပါးပြီး ခဏပျော်နေတာကို ခပ်လှမ်းလှမ်းမှာ အအေးသောက်ရင်း ပြုံးပြီး ကြည့်နေမိတယ်။ ပထမတော့ ကိုအောင်သာ့ကို ဘီယာတိုက်ဖို့ စဉ်းစားမိသေးတယ်။ ပြီးမှ ဘဲကြီးမူးပြီး ပေါက်ကရတွေ လျှောက်လုပ်နေမှာစိုးလို့ အဲဒီအကြံကို လက်လျှော့လိုက်တာ။

ကိုအောင်သာကိုကြည့်ပြီး စဉ်းစားနေချိန်မှာပဲ နှင်းဦးခင် အနားကို ရွယ်တူလောက်ရှိမယ့် မိန်းကလေးတစ်ယောက်ရောက်လာတယ်။ ဒီဗိုင်းကတော့ လုံးဝအလန်းပဲ။ စကတ်က တိုနေတာက နိုင်းလောက်ရှိတယ်။

အဲဒီကောင်မလေးက ကိုအောင်သာကို တစ်ချက်ကြည့်လိုက်ပြီးမှ နှင်းဦးခင်ကို တီးတိုးလှမ်းပြောတယ်။

"ရှင့်အဖော်ကြည့်ရတာ တော်တော်ပျော်နေတဲ့ပုံပဲနော်၊ သူ့ဘဝသူမေ့ပြီး စိတ်လွတ်ကိုယ်လွတ်တောင် က,နေသေးတယ်"

အဲဒီစကားကြောင့် နှင်းဦးခင်စိတ်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်။ ဒီကောင်မ ဘာအထာနဲ့ လာပွားတာလဲ။ ခပ်တည်တည်ပဲ ပြန်မေးလိုက်တယ်။

"ဒီမှာ . . . ရှင် ဘယ်သူ့ကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မခိုးမခန့်ပြုံးရင်း ပခုံးတွန့်လိုက်တယ်။ ကိုအောင်သာရှိရာကို မေးဆတ်ပြပြီး . . .

"ဟိုမှာ မျက်နှာဖုံးစွပ်ပြီး ကနေတဲ့ ရုပ်ရှင်ထဲက ဇာတ်ကောင်ကို ပြောတာလေ၊ ရှင့်တို့အကြောင်းတွေက အွန်လိုင်း (Online) မှာတင် ပြန့်ရုံမဟုတ်ဘူး၊ ဂျာနယ်သတင်းစာတွေမှာလည်း ပါနေပြီ"

"ရှင်"

ဒီသတင်းပွနေတာ သိပေမယ့် ခုလိုကြီး ဒဲ့လာပြောတော့ နည်းနည်းပိုပြီး လန့်သွားတယ်။ အဲဒီကောင်မလေးကပဲ . . .

"ခုလည်း ရှင့်အဖော်ဆီက လက်စွပ်ဆိုလား၊ အဲဒါကို လိုချင်လို့ လူတစ်စုက လိုက်ရှာနေကြတယ်၊ ခု အဲဒီလူတွေက ဒီကလပ်ထဲ ရောက်နေပြီ"

"ရှင်"

ပိုပြီး လန့်လာတယ်။ ပတ်ဝန်းကျင်ကိုလည်း ကိုးကန်းတောင်းမှောက် ဝေ့ကြည့်မိတယ်။ ဒီဟာမ လာဖောနေတာ မဟုတ်ဘူးဆိုတာလည်း သေချာသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခန်းထောင့်တစ်နေရာက အနက်ရောက်အကျီတွေနဲ့ ရုပ်ကြမ်းကြမ်းလူသုံးယောက်ဟာ ကိုအောင်သာကို လက်ညှိုးထိုးပြီး တီးတိုးတိုင်ပင်နေကြလို့ပဲ။

နှင်းဦးခင် ကိုအောင်သာဆီသွားဖို့ ဟန်ပြင်လိုက်ချိန်မှာပဲ ဘေးနားက ကောင်မလေးက . . .

"သတင်းပေးတာကို ကျေးဇူးတင်ရင်တော့ ကျေးဇူးကြေးလေး မ,စခဲ့ပါဦး"

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆိုလိုချင်တယ်ဆိုတာ ချက်ချင်းသဘောပေါက်လိုက်လို့ နှင်းဦးခင်လည်း အိတ်ကပ်ထဲက တစ်သောင်းတန်နှစ်ရွက်ကို ခပ်သွက်သွက်ပဲ ကောင်မလေးရဲ့ရှေ့မှာ ချပေးလိုက်တယ်။ ပြီးတာနဲ့ ကိုအောင်သာကို လူအုပ်ကြားထဲကနေ ဆွဲခေါ်ပြီး ကလပ်ထဲက ထွက်လာခဲ့လိုက်တယ်။

ကိုအောင်သာ ယက်ကန်ယက်ကန်နဲ့သာ ပါလာပြီး ပြန်တော့မလို့လား နှမလေးရဲ့တောင် လုပ်လာသေးတယ်။ ပုံစံကြည့်တာ ကလပ်ကို သဘောကျသွားပုံပဲ။

ဒါပေမယ့် . . . အခြေအနေမဟန်လို့ လစ်ရပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၂)

ကလပ်ကနေ ခပ်လှမ်းလှမ်းရောက်တဲ့အထိ ကားမောင်းလာရင်း ဘာကြောင့် ခုလို အမြန်ထွက်လာခဲ့ရတာလဲဆိုတာကို နှင်းဦးခင် ရှင်းပြလိုက်တယ်။ အဓိက,က လက်စွပ်ကိစ္စပေါ့။

စကားအဆုံးမှာ ကိုအောင်သာ သူ့လက်မှာ ဝတ်ထားတဲ့ လက်စွပ်ကိုကြည့်ပြီး စိတ်မသက်မသာဖြစ်သွားပုံနဲ့ ရေရွတ်တယ်။

"ဟာ . . . ဒါဆိုရင် ဒီလက်စွပ်ကြောင့် ကျုပ် ထပ်ပြေးနေရဦးမှာပေါ့ . . . အဲလိုလား"

"ဟုတ်တယ် ကိုအောင်သာ၊ အဲဒီလူစုက ကိုအောင်သာရဲ့ လက်စွပ်မှာ အစွမ်းရှိတယ်ဆိုတာ သိထားပုံပေါ်တယ်၊ အဲဒါကြောင့် အသည်းအသန် လိုက်ရှာနေကြပုံပဲ"

ကိုအောင်သာက လေပူကြီး မှုတ်ထုတ်လိုက်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ တစ်ညလုံးဖွင့်တဲ့ လမ်းဘေးစတိုးဆိုင်လေးတစ်ဆိုင် တွေ့လိုက်ရလို့ နှင်းဦးခင် ကားကို ရပ်လိုက်တယ်။

"ကိုအောင်သာ ခဏနေဦး"

ဆိုင်ထဲဝင်ပြီး ကော်ဖီနှစ်ခွက်နဲ့ မုန့်ထုပ်အချို့ ဝင်ဝယ်လိုက် ယ်။ ဆိုင်ထဲကအထွက်မှာ ဘာများထူးမလဲမသိဘူးလို့ စဉ်းစားမိ မို့ ဖုန်းပါဝါဖွင့်ပြီး ဖေ့စဘုတ်ထဲ ဝင်ကြည့်လိုက်တယ်။ ထင်တဲ့ တိုင်းပဲ။ မင်းသားမင်းထက်နဲ့ ရုပ်ရှင်ကုမ္ပဏီက လူတွေလည်း အောင်သာ ရုပ်ရှင်ထဲပြန်ဝင်ဖို့အတွက် လိုက်ရှာနေကြကြောင်း တင်းတွေ တက်နေပြီ။ နှင်းဦးခင် ကိုအောင်သာဆီကိုသွားပြီး ာ်ဖီခွက်ပေးလိုက်တယ်။

"ရော့ ကိုအောင်သာ . . . အမောပြေ ကော်ဖီသောက်လိုက် ဦး"

ကိုအောင်သာ ကော်ဖီသောက်နေချိန်မှာပဲ နှင်းဦးခင် လှမ်း ပြောလိုက်ပါတယ်။

"အခြေအနေတွေက ပိုပြီးရှုပ်ထွေးလာပြီ ကိုအောင်သာ၊ ဆိုရင် ကိုအောင်သာဆီက လက်စွပ်ယူဖို့ လူတစ်စုက လိုက်နေကြ လို၊ မင်းသားမင်းထက်တို့ကလည်း ကိုအောင်သာ ရုပ်ရှင်ထဲ ပြန် င်ဖို့အတွက် လိုက်ရှာနေကြပြီ၊ အခြေအနေတွေ ပိုဆိုးမလာခင် င်ရုပ်ရှင်ထဲ ပြန်ဝင်လိုက်ပါလား ကိုအောင်သာ"

သောက်နေတဲ့ ကော်ဖီ နှင်သွားပုံပေါ်တယ်။ ကိုအောင်သာ တ်ခနဲ လှည့်ကြည့်လာပြီး ခပ်တင်းတင်း ပြန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်ထဲ ပြန်ဝင်ဖို့တော့ မတိုက်တွန်းပါနဲ့ပ နှမလေး
ကျုပ်အဲဒီဘဝကြီးကို တကယ်မလိုချင်တော့လို့ပါ။ နှမလေး ကျုပ်ကို
မကူညီချင်တော့ဘူးဆိုရင်လည်း ဒီနေရာမှာပဲ ထားခဲ့ဗျာ၊ ဖြစ်ချင်
တာဖြစ် ကျုပ်နေခဲ့တော့မယ်

ပြောပြီး ကိုအောင်သာ ကားပေါ်က ဆင်းလိုက်တယ်
ရုပ်ရှင်ထဲပြန်ဝင်ဖို့ ပြောလိုက်တိုင်း ကိုအောင်သာဟာ ခါးခါးသီးသီး
ငြင်းစမြဲပဲ။ နှင်းဦးခင်လည်း စကားကို ပြန်လျှော့ချလိုက်ရတယ်
ကိုအောင်သာ တစ်ခုခုဖြစ်သွားမှာကို မလိုလားလို့ပါ။

"စိတ်လိုက်မာန်ပါတွေ လျှောက်မလုပ်နဲ့ဦး ကိုအောင်သာ
ကျွန်မက ရှင်အဆင်ပြေအောင် ကူညီနေတာပါရှင်၊ ခုလည်း ရှင့်
နောက်က လိုက်တဲ့သူတွေ များလာပြီဆိုတော့ ရှင့်အတွက် သွားစရာ
နယ်မြေက တဖြည်းဖြည်း ကျဉ်းလာပြီလေ၊ ဒီတော့ ခဏနေဦး၊ ကျွန်မ
ကောင်လေးနဲ့ ရှင့်ကိစ္စကို ဖုန်းဆက်ပြီး တိုင်ပင်ကြည့်လိုက်ဦးမယ်

နှင်းဦးခင်လည်း ခုမှပဲ ရည်းစားသူရကို သတိရတော်မူတယ်
သူရတစ်ယောက် သူမ ပျောက်သွားလို့ ပဒ္မာမြေလူးဖြစ်နေပြီဆိုတာ
မသိဘူး။ နည်းနည်းတော့ ချော့ရမှာပဲလို့တွေးရင်း ခပ်လှမ်းလှမ်းကို
သွားပြီး သူရဆီ ဖုန်းခေါ်လိုက်တယ်။

ကျောပေးပြီး ခပ်လှမ်းလှမ်းမှာ ဖုန်းပြောနေတဲ့ နှင်းဦးခင်
ကိုကြည့်ရင်း ကိုအောင်သာ စဉ်းစားမိတယ်။ ဒီကောင်မလေး သူ့ကို
လိုက်ကူညီတာ များလှပြီ။ သူ့အနေနဲ့ သူတစ်ပါးကို အနှောင့်အယှက်
ပေးသလိုလည်း ဖြစ်နေပြီ။ နှင်းဦးအပေါ် အားနာစိတ်နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သာ စိတ်တွေလည်း ရှုပ်ထွေးလာတယ်။

တော်ပြီ . . . ဘယ်သူ့ကိုမှ ဒုက္ခမပေးတော့ဘူး။ ဖြစ်လာသမျှ ရင်ဆိုင်လိုက်တော့မယ်လို့ ဆုံးဖြတ်ချက်ချရင်း လက်မှာစွပ်ထားတဲ့ လက်စွပ်ကို ချွတ်လိုက်တယ်။ ပြီး . . . ကော်ဖီခွက်အခွံထဲထည့်ပြီး လမ်းဘေးမှာ အသာချထားလိုက်တယ်။ ဒီလက်စွပ်မရှိရင် သူ ရှုပ်ရှင်ထဲ ပြန်ဝင်စရာအကြောင်းလည်း မရှိတော့ဘူး။ ပြီးရောပဲ။ လက်စွပ်ကတော့ ရတဲ့လူ ကံပေါ့လို့ပဲ တွေးလိုက်တယ်။ ပြီးမှ နှင်းဦးခင်ကို တစ်ချက်လှမ်းကြည့်ရင်း ကျုပ်ကျေးဇူးတင်နေမှာပါ နှမလေးရယ်လို့ ခပ်တိုးတိုး ရေရွတ်လိုက်တယ်။

ဖုန်းပြောနေတဲ့ နှင်းဦးခင်ကို ခဏစိုက်ကြည့်လိုက်ပြီးမှ ကိုအောင်သာ ဆတ်ခနဲ လှည့်ထွက်လာခဲ့တယ်။

ရောက်ချင်တဲ့နေရာရောက်ပြီး ဖြစ်ချင်တာ ဖြစ်ရောပဲ။ ရှုပ်ရှင်ထဲက ဘဝထက်တော့ သာဦးမယ် ထင်တာပဲလေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၃)

ကားမီးရောင်နဲ့ ရှေ့ခပ်လှမ်းလှမ်းက လျှောက်လာတဲ့လူ တစ်ယောက်ကို တွေ့လိုက်ရလို့ ကားမောင်းလာတဲ့ ဂျပန်ကြီး ဘရိတ် ဆောင့်နင်းလိုက်တယ်။ အောင်သိန်းက ဘေးကနေ လန့်သွားတဲ့ ပုံစံနဲ့ . . .

"ဘာဖြစ်တာလဲကွာ . . . ဘရိတ်ဖြည်းဖြည်းနင်းလည်း ကားရပ်ရပါတယ်ကွ၊ ငါလန့်သွားမှပဲ"

ဂျပန်ကြီး တင်းသွားတယ်။ နဂိုထဲကမှ ဆေးထိုးထားတဲ့ အောင်သိန်းကို သိပ်ကြည်တာ မဟုတ်ဘူး။ ခပ်တင်းတင်းပဲ ပြန်ပြော လိုက်တယ်။

"မင်းသောက်လုံးက မမြင်ဘူးလား အောင်သိန်း၊ ဟိုရှေ့ ဒီဘက်လာနေတာ ငါတို့ လိုက်ရှာနေတဲ့ ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သိန်း ဘာမှပြန်မပြောနိုင်သေးဘဲ ပြုံးပြုံးကြည့်လိုက်တယ်။ ပြီး အားရဝမ်းသာအသံနဲ့ . . .

"ဟာ . . . ဟုတ်တယ်ကွ . . . အဲဒီဇာတ်ကောင် အောင်သာဆိုတဲ့ ကောင်ပဲ၊ ခဏလေး ဂျပန်ကြီး . . . ငါတို့တွေ မင်းသားမင်းထက်နဲ့တော့ လူမမှားလောက်ပါဘူးနော်"

ဂျပန်ကြီးက . . .

"မှားစရာလားကွ၊ မင်းသားမင်းထက်ဆိုရင် ဒီလိုအဝတ်အစားတွေ ဝတ်ပါ့မလား၊ ဒါ ဇာတ်ကောင်အောင်သာပဲ ဖြစ်မယ်"

သူတို့တွေအားလုံးက 'အချစ်ချင်းမတူ' ရုပ်ရှင်ဇာတ်ကားကို ကြည့်ဖူးကြတာ မဟုတ်ဘူး။ အဲဒီရုပ်ရှင်ထဲမှာ ကိုအောင်သာ ဘာဝတ်စားထားမှန်းလည်း မသိဘူး။ ခုလည်း ကိုအောင်သာက ခေတ်ပေါ်အဝတ်အစားနဲ့မဟုတ်လို့ ဇာတ်ကောင်အောင်သာလို့ တစ်ထစ်ချယူဆလိုက်တာ။

"ပြောနေရင် ကြာတယ်ကွာ . . . ဒီကောင်ဇာတ်ကောင်အောင်သာဆိုရင်လည်း လုပ်စရာရှိတာ လုပ်လိုက်ရအောင်"

ကားနောက်ခန်းမှာပါလာတဲ့ ကျော်ကြီးက ဆော်ဩလိုက်တယ်။ ဒါနဲ့ပဲ ဂျပန်ကြီးတို့သုံးယောက် ကားပေါ်ကဆင်းပြီး ရုပ်ရှင်ထဲက လူဆိုးတွေလို ကိုအောင်သာ လာနေတဲ့လမ်းကိုပိတ်ပြီး ရပ်နေလိုက်ကြတယ်။

ကိုအောင်သာဟာ လျှောက်လာရင်းနဲ့ ရှေ့မှာ ပိတ်ရပ်နေတဲ့ လူသုံးယောက်ကြောင့် ခြေလှမ်းရပ်သွားတယ်။ မျက်နှာထားတွေ



www.burmeseclassic.com

www.burmeseclassic.com



က ပြုံးစိစိတွေနဲ့မို့ ခေတ်သစ်လူရွှင်တော်တွေလားလို့တောင် ထင်လိုက်မိသေးတယ်။ ဒါပေမယ့် အသားဖြူဖြူ မျက်နှာဖောသွပ်သွပ်နဲ့ လူ ပြောလာတဲ့စကားကြောင့် သူ့အထင် လွဲပြီဆိုတာ သိလိုက်ရရဲ့။

"ဟေ့ကောင် . . . ညကြီးအချိန်မတော် ရှည်ရှည်ဝေးဝေး မပြောချင်ဘူးကွာ၊ မင်း ဘယ်သူဆိုတာ ငါတို့သိတယ်၊ အဲ . . . ငါတို့ ဘယ်သူဆိုတာ မင်းသိစရာမလိုဘူး၊ ရှင်းရှင်းပြောရရင် ဆိုလိုချင်တာ ကကွာ . . . ငါတို့ မင်းနောက်ကို လိုက်နေကြတယ်၊ ခုတော့ တွေ့ပြီ၊ တွေ့မှာပေါ့ကွ ငါတို့က လိုက်နေတာကိုး၊ ဘာကြောင့် လိုက်တာလဲ . . . ဒါကို မင်းသိစရာမလိုဘူး၊ မင်းသိထားရမှာ တစ်ခုပဲရှိတယ်၊ အဲဒါကို ပြောမယ်"

"ဟာ . . . ဂျပန်ကြီးရာ ဘာတွေလျှောက်ပြောနေတာလဲ၊ ရှည်ရှည်ဝေးဝေးမဟုတ်လို့ပဲ တော်တော့မယ်၊ မင်းကမ္ဘဝါဖတ်နေတာနဲ့ ဒီကောင်ထွက်ပြေးတော့မယ်ကွ"

ဂျပန်ကြီးကို စိတ်မရှည်နိုင်လို့ အောင်သိန်းက ဝင်ပြောလိုက်တာ။ ဒါပေမယ့် . . . ကိုအောင်သာက မပြောဘူး။ ကြောင်ပြီး ရပ်နေတယ်။ ရှေ့က ဒီသောက်ရူးနှစ်ကောင် ပြောနေတာတွေကို လည်း သူနားမလည်ဘူး။

အဲဒီအချိန်မှာပဲ နောက်နားမှာရပ်နေတဲ့ ကျော်ကြီးက ခါးကြားမှာထိုးလာတဲ့ ဓားမြှောင်ကို သူ့ခါးကို ပြန်မရှအောင် သတိထား ထုတ်လိုက်ပြီးမှ . . .

"မင်းတို့ကောင်တွေကလည်းကွာ . . . ပစ္စည်းရပြီမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



မှ လျှာရှည်နေသေးတယ်၊ ဟော့ကောင် မင်းဆီက လက်စွပ်ကို ငါတို့ လာယူတာ၊ ပေးတော့ . . . ဒီမှာ ခါးတွေ့လား"

ကိုအောင်သာက ကြောင်တောင်တောင် ပြန်ကြည့်လိုက်ပြီး-

"ဘာ . . . လက်စွပ်ဟုတ်လား"

ဂျပန်ကြီးက ဟက်ခနဲ ရယ်လိုက်ရင်း . . .

"အေး . . . ဟုတ်တယ်၊ မင်းလက်မှာ စွပ်ထားတဲ့ လက်စွပ် ကို ပြောတာကွ၊ ပေးကွာ . . . မြန်မြန်"

ကိုအောင်သာက ကားမီးရောင်နဲ့ သူ့လက်နှစ်ဖက်ကို မြင် သာအောင် ထောင်ပြလိုက်တယ်။

"ဘာလက်စွပ်လဲဗျ . . . ကျုပ်ဆီမှာ ဘာလက်စွပ်မှမရှိဘူး၊ ခင်ဗျားတို့ လူမှားနေပြီ ထင်တယ်"

သုံးယောက်သား ကိုအောင်သာ ထောင်ပြတဲ့ လက်နှစ်ဖက် ကို ကြည့်လိုက်ကြတယ်။ တကယ်ပဲ ဘာလက်စွပ်မှမရှိလို့ ကြောင် သွားတယ်။

"ဟာ . . . ဟော့ကောင်တွေ ဘာလက်စွပ်မှ မရှိပါလားကွ"

အဲဒီအချိန်မှာပဲ သူတို့တွေအနီးကို ကားတစ်စီး ထိုးရပ်လာ တယ်။ ကားပေါ်က နှင်းဦးခင် ဆင်းလိုက်ပြီး အခြေအနေကို တစ် ချက်အကဲခတ်လိုက်တယ်။ ပြီး . . . အရေးကြီးဟန်နဲ့ ကိုအောင်သာ ရှိရာကို သွားလိုက်ပြီး . . .

"မင်းသားရယ် . . . ကားရိုက်နေတယ်ဆိုကာမှ ဘယ်ထွက် သွားတာလဲ၊ ဟိုမှာ ရိုက်ဖို့ ဒါရိုက်တာ စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဦးခင်စကားကြောင့် ကိုအောင်သာ ကြောင်သွားတယ်

"ဩော် . . . အင်း . . . နှမလေး . . . ဟိုလေ"

နှင်းဦးခင်ကပဲ စကားကိုဖြတ်လို့ ဂျပန်ကြီးတို့ဆီကြည့်ပြီး ထပ်ပြောလိုက်ပြန်တယ်။

"ဒါနဲ့ ရှင်တို့က ဘယ်သူတွေလဲ၊ ဩော် . . . သိပြီ သိပြီ . . . ကိုမင်းထက်ကိုတွေ့လို့ မိတ်ဆက်နေကြတာ ထင်တယ်"

စကားအဆုံးမှာ ဂျပန်ကြီးက ကြောင်အမ်းအမ်းပုံစံနဲ့ . . .

"ဩော် . . . အင်း . . . ဒါနဲ့ ဒီလူက ရုပ်ရှင်မင်းသားမင်းထက်လား"

နှင်းဦးခင်က စိတ်တိုသွားတဲ့ပုံစံနဲ့ . . .

"ရှင်တို့ကလည်း ဒီမှာ ရုပ်ကိုကြည့်လေ၊ မင်းသားနဲ့ တည်တည့်တိုးနေတာကို မင်းသားလားလို့ လာမေးနေသေးတယ်"

အဲဒီအချိန်မှာပဲ ကျော်ကြီးက သူ့ဓားမြှောင်ကို မြင်မှာစိုးလို့ ခါးကြားပြန်ထိုးလိုက်တယ်။ အမြန်ထိုးလိုက်ရတာမို့ ဓားက ရှသွားလားမသိဘူး။ ပူစပ်စပ်ဖြစ်သွားသေးတယ်။

အောင်သိန်းက စကားရော ဖောရောနဲ့ ပြုံးလိုက်ပြီး . . .

"ဆောရီးပဲဗျာ . . . ကျွန်တော်တို့က ညဘက်ဆိုတော့ သိပ်မမြင်လို့ပါ၊ ကိုမင်းထက်ကလည်း ရုပ်ရှင်ရိုက်နေတဲ့ အဝတ်အစားကြီးနဲ့ကိုးဗျ၊ ကိုမင်းထက် ကျွန်တော်က ခင်ဗျားပရိသတ်ပါ ခင်ဗျာ"

ပြောရင်း အောင်သိန်းက မင်းထက်ကို လက်ဆွဲနှုတ်ဆက်လိုက်သေးတယ်။ အောင်သိန်းပြီးတော့ ဂျပန်ကြီးက ထပ်နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုအောင်သာမှာ ကြောင်တောင်တောင်နဲ့ ပြန်နှုတ်ဆက်နေရသေးရဲ့။

"ကဲကဲ . . . ကိုမင်းထက် သွားရအောင်၊ ဟိုမှာ ရှုတင်အဖွဲ့သားတွေ စောင့်နေကြတယ် . . . ရှင့်"

နှင်းဦးခင်က ကိုအောင်သာလက်ကိုဆွဲပြီး ခေါ်သွားတယ်။ နှစ်ယောက်သား ကားပေါ်တက်ပြီး မောင်းထွက်သွားတော့မှ အောင်သိန်းက သက်ပြင်းချရင်း ပြောလိုက်တယ်။

"တော်သေးတာပေါ့ကွာ . . . လူများတော့မလို့၊ ကျော်ကြီးမင်းကလည်း မသေချာသေးရင် လက်နက်မသုံးနဲ့ကွ၊ သောက်မှုတွေတက်ကုန်မယ်"

ကျော်ကြီးမှာ ခါးကို ဓားရှသွားလို့ နာနေရတဲ့ကြားထဲ ပြောခံလိုက်ရသေးတယ်။ ကိုယ့်ဓားနဲ့ကိုယ် ဖြစ်တာက ရှက်ဖွယ်မို့ ကျိတ်ခံနေရတဲ့ကြားထဲ။

ဂျပန်ကြီးကတော့ မောင်းထွက်သွားတဲ့ နှင်းဦးခင်ရဲ့ကားကို မျက်စိတဆုံး ကြည့်နေပြီးမှ မချင့်မရဲ ရေရွတ်လိုက်သေးရဲ့။

"ဟာကွာ . . . မင်းသားနဲ့ ဓာတ်ပုံတွဲရိုက်ထားဖို့ မေ့သွားတာ နာတာပဲ၊ ဓာတ်ပုံရိုက်ပြီး ဖေ့စဘုတ်ပေါ် တင်ရင် လိုက်ခ် မနည်းဘူးရမှာကွ၊ လူလည်း ရှိန်မှာအသေချာပဲ"

သောက်ရေးထဲ . . .။

* * * *

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

ခုနက ကော်ဖီဝယ်သောက်တဲ့ စတိုးဆိုင်ရှေ့ကို ကားပြန်မောင်းလာခဲ့တယ်။ ဆိုင်ရှေ့ရောက်တော့ ကားရပ်လိုက်ပြီး နှင်းဦးခင်က စိတ်ပူဟန်လေးနဲ့ ပြောလိုက်တယ်။

"ကိုအောင်သာ . . . ရှင် အဲဒီလို လျှောက်ထွက်သွားလို့ မရဘူးနော်၊ အားလုံး ပိုရှုပ်ကုန်လိမ့်မယ်၊ အဲဒီလက်စွပ်ကြောင့် ရှင့်အသက်တောင် အန္တရာယ်ရှိနိုင်တာ ရှင်သိရဲ့လား"

လက်စွပ်ကို ချွတ်ထားလိုက်ပြီဆိုတာ နှင်းဦးခင် မသိသေးဘူး။ ကိုအောင်သာက ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်။

"အဲဒီကောင်တွေလောက်တော့ ကျုပ်မမှုပါဘူးဗျာ၊ ကျုပ်က တော်လှန်ရေးတိုက်ပွဲဝင်နေတဲ့ ကောင်ပါဗျ"

ကိုအောင်သာ စိတ်ခုသွားတယ်ဆိုတာ ရိပ်စားမိလိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



နှင်းဦးခင်လည်း လေသံကို ဖျော့ပြီး ပြန်ပြောလိုက်တယ်။

"ကျွန်မ ပြောတာကို စိတ်မဆိုးပါနဲ့ ကိုအောင်သာရယ်၊ ကျွန်မက ရှင်တစ်ခုခုဖြစ်မှာစိုးလို့ စေတနာနဲ့ သတိပေးပါတယ်၊ ကျွန်မ နဲ့အတူတူ ရှိနေချိန်မှာတော့ . . . ရှင့်အပေါ် တစ်ခုခုထိခိုက်တာမျိုး မဖြစ်စေချင်ဘူးလေ၊ အခက်အခဲရှိတာကို အတူတူစဉ်းစားပြီး ဖြေရှင်း လို့ရတာပဲ မဟုတ်လား"

နှင်းဦးခင်အပြောကြောင့် ကိုအောင်သာ ပြန်အားနာသွား တယ်။ စိတ်မကောင်းဖြစ်သွားရပြီး . . .

"ကျုပ်ပြောတာ ရိုင်းသွားရင် တောင်းပန်ပါတယ် နှမလေး၊ ကျုပ်လည်း နှမလေးကို ဒုက္ခမပေးချင်တော့တာနဲ့ ထွက်သွားတာပါ။ ရုပ်ရှင်ထဲက ထွက်လာလို့ ကျုပ်ဘဝကြီး လွတ်လပ်ပြီဆိုပြီး ထင်နေ ကာမှ ပိုကျဉ်းကျပ်လာလို့ စိတ်ကုန်လာတာလည်း ပါ,ပါတယ်"

နှင်းဦးခင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း . . .

"ဟုတ်ပါပြီရှင် . . . ခုဖြစ်နေတဲ့ ကိုအောင်သာ့ခံစားချက် ကို ကျွန်မနားလည်ပါတယ်၊ ခုနကတော့ ကျွန်မကောင်လေးကို ဖုန်း ဆက်ပြီး ဒီနေရာမှာ ချိန်းလိုက်တာ ရှင့်၊ ခုတော့ . . . ဒီမှာ ဆက် စောင့်နေလို့ မဖြစ်တော့ဘူး၊ ဒီနေရာက သွားရအောင်၊ တော်ကြာ . . . ဟိုလူတွေက ရှင်ဟာ မင်းသားမဟုတ်မှန်း သိသွားရင် လိုက်လာ ကြဦးမယ်"

ကားကို ပြန်မောင်းထွက်လိုက်ရင်း သူရဆီ ဖုန်းပြန်ခေါ် လိုက်တယ်။ ဒီကော်ဖီဆိုင်ရှေ့ကို မလာနဲ့တော့လို့ ပြောမလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဖုန်းက ခေါ်မရပြန်ဘူး။ လူကြီးမင်းနဲ့ချည်း တိုးနေလို့ နှင်းဦးခင် စိတ်ပေါက်ပေါက်နဲ့ ရေရွတ်လိုက်လေရဲ့။

"ပြောတော့ ရှေ့သို့ လှမ်းချီတဲ့ . . . ဟွန်း"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

တကယ်လည်း ဖုန်းအဆက်အသွယ်မရလို့ နှင်းဦးခင်တို့နဲ့ သူရ လွဲသွားခဲ့တာ။ နှင်းဦးခင် ကားမောင်းထွက်ပြီး မရှေးမနှောင်း မှာပဲ သူရ တက်စီနဲ့ ကော်ဖီဆိုင်ရှေ့ ရောက်ချလာတယ်။ ဆိုင်ရှေ့မှ နှင်းဦးခင်ရဲ့ကားကို မတွေ့တာနဲ့ ဆိုင်ထဲဝင်မေးကြည့်တယ်။

ဆိုင်ရှင်ကို ဖုန်းထဲက နှင်းဦးခင်ရဲ့ဓာတ်ပုံပြပြီး မေးကြည့် တော့ လာသွားတယ်ဆိုတာ သိလိုက်ရတယ်။ ဒါပေမယ့် . . . ဘယ် ပြန်ထွက်သွားမှန်း မသိတော့ဘူး။

ဆိုင်ရှေ့ပြန်ထွက်လာပြီး လမ်းဘေးမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း နှင်းဦးခင်ဆီ ဖုန်းခေါ်လိုက်တယ်။ သောက်ရေးထဲကျမှ ဖုန်းက ခေါ်မရဘူး။ ဆက်သွယ်မှုပြင်ပဆိုတာချည်းပဲ။

ဘာဆက်လုပ်ရမှန်းမသိဘဲ လမ်းလျှောက်နေရင်းကနေ



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမှာ ကိုအောင်သာ ချထားခဲ့တဲ့ ကော်ဖီခွက်ကို သူရ ခလုတ်ဝင်တိုက်မိလိုက်တယ်။ အတိုက်ကောင်းပဲ။

ဂလောက်ကနဲမြည်သံကြောင့် သူရ ငုံ့ကြည့်လိုက်တော့ ကိုအောင်သာ ရုပ်ရှင်ထဲက ထွက်သွားလို့ရအောင် အစွမ်းရှိတယ်ဆိုတဲ့ လက်စွပ်။ လူတစ်စု သဲကြီးမဲကြီး လိုက်ရှာနေကြတယ်ဆိုတဲ့ လက်စွပ်။

အဲဒီ ကာလယန္တရားလက်စွပ်လေးက သူရကို သောက်ခွက်ပြောင်ပြနေလေရဲ့။

လက်စွပ်ကို ငုံ့ကောက်လိုက်တယ်။ ခဏနေတော့ မောင်းလာတဲ့ တက်စီတစ်စီးကို သူရ လှမ်းတားလိုက်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

သူကောက်ရတဲ့ လက်စွပ်ဟာ ကာလယန္တရားလက်စွပ် ဆိုတာ သူရ သိထားတယ်။

အဲဒီလက်စွပ်နဲ့ သူရ ဘာလုပ်မှာလဲ။

(သေချာတာကတော့ စာရေးဆရာ ခိုင်းတဲ့အတိုင်း သူရ လုပ်ရလိမ့်မယ်။ ဟက် . . . ဟက်)



www.burmeseclassic.com

www.burmeseclassic.com

(၂၆)

ဘာဆက်လုပ်ရမှန်း မသိတဲ့အဆုံးမှာ နှင်းဦးခင်က ကိုအောင်သာကို နားချကြည့်တယ်။ နားရင်းကို ပိတ်ချတာ မဟုတ်ဘူး။ နားဝင်အောင် ချော့မော့ပြောကြည့်တာ။

"ကိုအောင်သာ . . . ကျွန်မတို့ ဒီအတိုင်း လျှောက်ပြေးနေတာထက်စာရင် တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ရတော့မယ်၊ ကိုအောင်သာအနေနဲ့ ရုပ်ရှင်ထဲ ပြန်ဝင်မလား၊ ဒါမှမဟုတ် ဖြစ်ချင်တာဖြစ်ဆိုပြီး ထွက်သွားမလား ဆိုတာပဲ"

ကိုအောင်သာ သက်ပြင်းချတယ်။ သူ့အနေနဲ့ ငရဲလို ရုပ်ထွေးပွေလီပူလောင်တဲ့ကာလမှာ လျှောက်သွားနေရင် ဒီထက်ခက်ခဲတဲ့ အခြေအနေကို ရင်ဆိုင်ရမယ်ဆိုတာ နားလည်လာတယ်။ နှင်းဦးခင်အနေနဲ့ကလည်း သူ့ထမင်း သူစားပြီး တစ်သက်လုံး ဗိုက်ကူညီ



www.burmeseclassic.com

www.burmeseclassic.com



နေမှာ မဟုတ်ဘူး။ ခုလောက်ထိ ကူညီနေတာတောင် အားနာလွန်းလှပြီ။ သက်ပြင်းငွေ့ငွေ့ချလိုက်ရင်း ကိုအောင်သာ ပြောလိုက်တယ်။

"ဒါဆိုရင် နှမလေးရဲ့ သဘောထားကတော့ ကျုပ်ကို ရုပ်ရှင်ထဲ ပြန်ဝင်စေချင်တာပေါ့ . . . ဟုတ်လား နှမလေး"

"ပြန်ဝင်ပါလို့ အတင်းကြီး တိုက်တွန်းနေတာ မဟုတ်ဘူး ကိုအောင်သာ၊ ကျွန်မ စဉ်းစားမိတာကို ပြောပြမယ်၊ အခုက ဘာဖြစ်နေလဲဆိုတော့ ကိုအောင်သာက ဒီရုပ်ရှင်ကို ရိုက်ခဲ့တဲ့ မင်းသား မင်းထက်ရဲ့ ဇာတ်ကောင်ဖြစ်နေတယ်၊ ဒီတော့ ကိုမင်းထက်အနေနဲ့ လည်း သူ့ဟာသူ တာဝန်ရှိတယ်လို့ ယူဆလို့ ကိုအောင်သာကို လိုက်ရှာနေတာပါ၊ အကြံပေးရရင် ကိုအောင်သာ့အနေနဲ့ ကိုမင်းထက်နဲ့ စကားပြောကြည့်ပါလား၊ အဲဒီလို ဆွေးနွေးပြီးမှ ကိုအောင်သာ ဘာ လုပ်ရမယ်ဆိုတာ ဆုံးဖြတ်ပေါ့၊ ကျွန်မပြောတာ မှားတပါတယ်နော်"

ကိုအောင်သာတစ်ယောက် အတော်ကြာအောင် ငြိမ်ပြီး စဉ်းစားနေသေးတယ်။ ပြီးတော့မှ ဆုံးဖြတ်လိုက်တဲ့ပုံစံနဲ့ . . .

"ကောင်းပြီလေ . . . ကျုပ် အဲဒီမင်းသားနဲ့ စကားပြော ကြည့်မယ်၊ နှမလေးပြောတာက သဘာဝကျပါတယ်၊ ကျုပ်ကသာ သဘာဝထက် ကျော်လွန်နေတဲ့ကောင်ပါ"

စကားအဆုံးမှာ နှင်းဦးခင် စိတ်မကောင်းဖြစ်မိသွားသေး တယ်။ ကိုအောင်သာ့ကြည့်ရတာ သူ့ဘဝဟာ အစစ်အမှန် မဟုတ် ဘူးဆိုတာ ရိပ်စားမိလာပုံပဲ။

လောလောဆယ် ကိုအောင်သာနဲ့ မင်းသားမင်းထက် အမြန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမျက်နှာချင်းစကားပြောဖြစ်ဖို့အတွက် အလွယ်ဆုံးနဲ့ အကောင်းဆုံးကို စဉ်းစားလိုက်တယ်။

အကောင်းဆုံးကတော့ Viber နဲ့ ပြောနိုင်းဖို့ပါပဲ။ အဲဒီအတွက် တစ်နေရာကို သွားမှဖြစ်မယ်။ ဆုံးဖြတ်ပြီးချိန်မှာပဲ ရပ်ထားတဲ့ကားကို နှင်းဦးခင် စက်ပြန်နှိုးလိုက်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၇)

သုံးလွှာပေါ်က တိုက်ခန်းတံခါးကိုဖွင့်ရင်း နှင်းဦးခင်က ကိုအောင်သာကို လှည့်ပြောလိုက်တယ်။

"ဒါ ကျွန်မကောင်လေး သူရ တစ်ယောက်တည်းနေတဲ့ တိုက်ခန်းပဲ ကိုအောင်သာ၊ ကျွန်မဆီမှာ သော့တစ်ချောင်းရှိတာ သတိရတာနဲ့ ဒီကိုလာခဲ့တာ၊ ဒီမှာက လုံခြုံတယ်လေ၊ ပြီးတော့ ကိုအောင်သာနဲ့ ကိုမင်းထက်တို့ မျက်နှာချင်းဆိုင် စကားပြောဖို့ အတွက် အဆင်ပြေလို့"

"ဗျာ . . . ဒါဆို အဲဒီမင်းထက်က ဒီကို လာမှာလားဗျ"

နှင်းဦးခင် ရယ်လိုက်မိတယ်။

"ဒီကိုတော့ မလာဘူးလေ . . . အင်း . . . ကိုအောင်သာ ားလည်အောင် ပြောရရင် ကိုအောင်သာနဲ့ ကိုမင်းထက်တို့ ...ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီး စကားပြောလို့ရတဲ့ပုံစံမျိုးထိ ကျွန်မ စီစဉ်ပေးမယ်၊ ရှင်းပြရင် ရှုပ်ကုန်မှာစိုးလို့"

နဂိုကတည်းကမှ နှင်းဦးခင်ကို ယုံပြီးသားဆိုတော့ ကိုအောင်သာလည်း စောဒကတက်မနေတော့ဘူး။ ကိုယ်ကမှ ဒီဘက်ခေတ်အကြောင်း ဘာမှမသိတာလေ။ နှင်းဦးခင်က ကောင်းတယ်ဆိုရင် လက်ခံလိုက်ရုံပဲ။

တိုက်ခန်းထဲရောက်တော့ ကိုအောင်သာကို ဧည့်ခန်းထဲမှာ ခဏထိုင်ခိုင်းထားပြီး နှင်းဦးခင်က မင်းသားမင်းထက်ဆီကို ဖုန်းဆက်လိုက်တယ်။ (ဒီနေရာမှာ နှင်းဦးခင်က မင်းထက်ရဲ့ဖုန်းနံပါတ် ဘယ်ကဘယ်လိုရတာလဲလို့ မမေးကြပါနဲ့။ နှင်းဦးခင်ဟာ ဇာတ်ညွှန်းရေးဖို့ ကြိုးစားနေသူတစ်ယောက်ဆိုတာ သတိရကြပါ။ သူ့ဆီမှာ ဆယ်လီတွေရဲ့ဖုန်းနံပါတ်တွေ တော်တော်များများရှိတယ်။ အိုင်းစ် . . . ။)

နှင်းဦးခင်က မင်းသားမင်းထက်ကို Viber ကတစ်ဆင့် ကိုအောင်သာနဲ့ စကားပြောမလားလို့ မေးလိုက်တော့ မင်းထက်က ဝမ်းသာအဲလဲပဲ ပြောမယ်ဆိုပြီး ပြန်ပြောတယ်။ နှင်းဦးခင်က မင်းသားကို ကြုံတုန်းလေး မိတ်ဆက်ပြီး သူမဟာ ဇာတ်ညွှန်းတွေရေးနေကြောင်း ကြော်ငြာဝင်ထိုးလိုက်သေးတယ်။ လျင်ပ။

မင်းထက်နဲ့ Online ပေါ်မှာတွေ့ဖို့ ချိန်းလိုက်ပြီး နှင်းဦးခင်က သူရဲ့လက်တော့ပ် (Laptop) ကိုယူပြီး ကိုအောင်သာရှေ့မှာ ချပေးလိုက်တယ်။ လက်တော့ပ်နဲ့ ဖုန်းကို အင်တာနက်လိုင်းချိတ်ပြီး Viber ဖွင့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါဘူး Online ပေါ်မှာ အသင့်စောင့်နေတဲ့ မင်းသားမင်းထက်ရဲ့မျက်နှာကြီးက Laptop မျက်နှာပြင်ပေါ်မှာ ပေါ်လာလေရဲ့။

နှင်းဦးခင်က Laptop ရှေ့ကနေ . . . ဟိုင်း ကိုမင်းထက် ဆိုပြီး နှုတ်ဆက်လိုက်သေးတယ်။ ပြီးမှ Laptop ရှေ့ကို ကိုအောင်သာကို တိုးခိုင်းလိုက်ပြီး မျက်နှာချင်းဆိုင်ပေးလိုက်တယ်။

"ကိုမင်းထက် . . . ဒီမှာ ကိုအောင်သာပါ။ ကိုအောင်သာ . . . အဲဒါ ကိုမင်းထက်ပဲ"

Laptop ထဲက မင်းထက်က ကိုအောင်သာကို ကြောင်ပြီး ကြည့်နေမိသေးသလို ကိုအောင်သာကလည်း ပါးစပ်ကြီး ဟောင်းလောင်းနဲ့ ပြန်ကြည့်နေတယ်။

"စကားပြောလို့ ရပြီနော် . . . နှစ်ယောက်စလုံး"

နှင်းဦးခင် ဝင်ပြောလိုက်တော့မှ တစ်ဖက်က မင်းထက်က စတင်နှုတ်ဆက်လိုက်ပါတယ်။

"မင်္ဂလာပါ . . . ကိုအောင်သာ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၈)

"အိုင်းစ် . . . ခင်ဗျား တကယ်ပဲ အပြင်ရောက်နေတာပဲ ကိုအောင်သာ၊ ခုလို မျက်နှာချင်းဆိုင်တွေ့ရတော့ ပိုပြီး ကျွန်တော် အံ့သြမိတယ်"

မင်းထက်ရဲ့စကားအဆုံးမှာ ကိုအောင်သာကလည်း ပြန်ပြောလိုက်တယ်။

"ကျုပ်လည်း အံ့သြတာပဲဗျာ၊ အံ့သြတယ်ဆိုတာထက် ခု ကျုပ်အခက်အခဲဖြစ်နေတဲ့ကိစ္စကို ခင်ဗျား ဘယ်လိုဖြေရှင်းချင်လဲဆိုတာ ပိုသိချင်မိတယ်"

မင်းထက် သက်ပြင်းချလိုက်တာကို ကိုအောင်သာ မြင်လိုက်ရတယ်။ ပြောလာမယ့်စကားကိုလည်း နားစွင့်ထားလိုက်တယ်။

"ဖြေရှင်းတယ်ဆိုတာထက် ကျွန်တော် ခင်ဗျားကို နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လောက် အရင်ရှင်းပြပါရစေ ကိုအောင်သာ၊ ကျွန်တော်တို့လို သရုပ်ဆောင်မင်းသားတွေဆိုတာက ဇာတ်လမ်းပေါ် မူတည်ပြီး ကျရာဇာတ်ရုပ်ကို သရုပ်ဆောင်ရတာပါ။ ကိုအောင်သာဆိုတာကလည်း ကျွန်တော် သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင်တစ်ယောက်ပဲလေ၊ ဒါပေမယ့် . . . ခုလို ကိုအောင်သာ အပြင်ရောက်လာတော့ တာဝန်အရှိဆုံးလူဟာ ကျွန်တော် ဖြစ်နေတယ်၊ ထပ်ပြောချင်တာက ရုပ်ရှင်ဆိုတာ တကယ့်ဘဝမဟုတ်ဘူးဗျ၊ ပြည်သူလူထုကို ဖျော်ဖြေပေး၊ ပညာပေးရတဲ့ အနုပညာလုပ်ငန်းတစ်ခုပါ။ ဒီတော့ ကိုအောင်သာအနေနဲ့ သဘာဝမကျတဲ့ အပြင်လောကမှာ လျှောက်သွားမနေဘဲ ရုပ်ရှင်ထဲ ပြန်ဝင်လာစေချင်တယ်"

စကားအဆုံးမှာ ကိုအောင်သာ ခေါင်းမညိတ် ခေါင်းမခါဘဲ ငြိမ်ပြီး စဉ်းစားနေသေးတယ်။ ပြီးမှ Laptop ထဲမှာ ပေါ်နေတဲ့ မင်းထက်ရဲ့မျက်နှာကိုကြည့်ပြီး ပြန်ပြောလိုက်တယ်။

"ခင်ဗျား ပြောတာတွေက ခင်ဗျားဘက်က ကြည့်ရင်တော့ အမှန်တွေပေါ့ဗျာ၊ ဒါပေမယ့် . . . ကျုပ်ဘက်ကိုလည်း စဉ်းစားကြည့်ဦးလေ၊ ဒီရုပ်ရှင်တစ်ကြိမ်ပြတိုင်း ကျုပ်မှာ နာကျင်ရတယ်၊ ကျုပ်ချစ်သူလည်း အကြိမ်ကြိမ်မျက်ရည်တွေ ကျရတယ်၊ ရုပ်ရှင်ထဲက တော်လှန်ရေးကြီးကလည်း ဒီရုပ်ရှင်ပြနေသရွေ့ ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး၊ ဒီတော့ဗျာ . . . ဒီဇာတ်လမ်းတွေကို အဆုံးသတ်ချင်လို့ ကျုပ်ဖြစ်ချင်ရာဖြစ်ဆိုပြီး ရုပ်ရှင်ထဲက ထွက်လာခဲ့တာပဲ"

ကိုအောင်သာစကားအဆုံးမှာ မင်းထက် အတော်ကြာအောင်

www.burmeseclassic.com



စဉ်းစားသွားတယ်။ ရုပ်ရှင်ထဲက ဘဝတွေအကြောင်းကိုလည်း ပြန်တွေးမိသွားတယ်။ မင်းထက် ငြိမ်ဆိတ်ပြီး စဉ်းစားနေပုံက လေးနက်လွန်းတယ်။

အတော်ကြာအောင် စဉ်းစားနေပြီးမှ သက်ပြင်းကို ဆွဲဆွဲငင်ငင် ချလိုက်ရင်း . . .

"အေးဗျာ . . . ခင်ဗျား ခုလိုပြောတော့ ရုပ်ရှင်ထဲက ဇာတ်ကောင်တွေရဲ့ဘဝကို ပိုစာနာမိပါတယ်၊ ပျော်ရွှင်စွာ ဇာတ်သိမ်းခဲ့ရတဲ့ ရုပ်ရှင်ထဲက ဇာတ်ကောင်အဖို့ ပြဿနာမရှိပေမယ့် ခင်ဗျားတို့လို ဇာတ်ကောင်တွေကျတော့ နာကျင်ခံစားရမှာပဲလေ၊ ကျွန်တော့်လို သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဇာတ်ကောင်တွေအပေါ် လေးစားတန်ဖိုးထားရမယ်ဆိုတာ ပိုသိလာတယ်ဗျ၊ ဒါကြောင့်ပဲ ရုပ်ရှင်ထဲမှာ ရှင်သ[illegible]ကဲ့ ခင်ဗျားလို ဇာတ်ကောင်တစ်ကောင်ကို အပြင်လောကမှာ ဒုက္ခမရောက်စေချင်တာပါ၊ အပြင်လောကဟာ ခင်ဗျား ခုကြုံနေရတာထက် ပိုပြီး ရှုပ်ထွေးတယ်၊ ပိုပြီး ပူလောင်တယ် ကိုအောင်သာ"

ကိုအောင်သာက မပွင့်တပွင့်ပြုံးရင်း ပြောလိုက်တယ်။

"နောက်ဆုံးတော့လည်း ခင်ဗျားပြောနေတာက ကျုပ် ရုပ်ရှင်ထဲ ပြန်ဝင်ဖို့ပါလား ကိုမင်းထက်"

Laptop ထဲက လှမ်းကြည့်နေတဲ့ မင်းထက်က ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်တယ်။

"အဲဒီလိုမတွေးပါနဲ့ ကိုအောင်သာ၊ ခင်ဗျားကို ရုပ်ရှင်ထဲ ပြန်ဝင်ဖို့ တိုက်တွန်းတာ ကျွန်တော့်တစ်ယောက်တည်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ဒီရုပ်ရှင်ကို ထုတ်လုပ်ဖန်တီးခဲ့တဲ့ အနုပညာရှင်တွေ အားလုံးအတွက်ပါ၊ ကြည့်ခဲ့ကြတဲ့ ပရိသတ်တွေအတွက်လည်း ပါတယ်၊ ပြောချင်တာကတော့ဗျာ အဲဒီလက်စွပ်ကြောင့် ခင်ဗျား ထူးထူးဆန်းဆန်း အပြင်ရောက်လာပြီး ရုပ်ရှင်လောကတစ်ခုလုံး ကမောက်ကမ မဖြစ်စေချင်လို့ပါ၊ နောက် အရေးကြီးတာတစ်ခုက ခင်ဗျား ဘယ်အချိန်ထိ အပြင်မှာ ဆက်လက်ရှင်သန်နိုင်မှာလဲ၊ ဘယ်လောက်ထိ ပြေးနိုင်မလဲ ကိုအောင်သာ၊ ခင်ဗျားမှာ လူသားစစ်စစ်တစ်ယောက်ရဲ့ အခွင့်အရေးတွေ ပြည့်ပြည့်စုံစုံ မရှိသေးဘူးလေ၊ ဒီတော့ ဘာလုပ်သင့်တယ်ဆိုတာကို စဉ်းစားဆုံးဖြတ်ပါ ကိုအောင်သာ"

ဒီတစ်ခါတော့ ကိုအောင်သာ တကယ်ပဲ စဉ်းစားသွားတယ်။ ဆုံးဖြတ်ချက်ချဖို့ကို စိတ်ထဲမှာ ရှုပ်ထွေးလာတာနဲ့ . . .

"ခဏလေးဗျာ . . . ကိုမင်းထက်"

ပြောပြီး ကိုအောင်သာ Laptop ရှေ့က ခဏခွာလိုက်တယ်။ ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ပြတင်းပေါက်ရှေ့ဆီ သွားလိုက်ပြီး အသက်ဝဝရှူသွင်းလိုက်တယ်။ နှင်းဦးခင်က ကိုအောင်သာအနားကို လျှောက်လာပြီး . . .

"ကိုအောင်သာ့စိတ်ထဲ ဝေခွဲမရဖြစ်နေမယ်ဆိုတာ ကျွန်မနားလည်ပါတယ်၊ ခုနက ကိုမင်းထက်ပြောတာတွေကလည်း သူ့တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး အစ်ကို၊ ရုပ်ရှင်လောကသားတွေအားလုံးအတွက် သူပြောနေတာပါ၊ ကိုအောင်သာ သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သာက နှင်းဦးခင်ကို လှည့်ကြည့်လိုက်တယ်။

"ကျုပ် နားလည်ပါတယ် နှမလေးရယ်၊ ကျုပ်တစ်ယောက်တည်းအတွက်ကြောင့်လည်း ရုပ်ရှင်လောကကြီးတစ်ခုလုံး ကမောက်ကမဖြစ်ပြီး ရုပ်ရှင်လောကသားတွေ စိတ်အနှောင့်အယှက်ဖြစ်မှာကို မလိုလားပါဘူးလေ၊ ကျုပ်ကိုယ်တိုင်က လူအများနဲ့ စုစည်းပြီး တော်လှန်ရေးလုပ်နေတဲ့လူဆိုတော့ တစ်ယောက်ဖောက်ရင် စည်းလုံးခြင်းပြိုကွဲမယ်ဆိုတာကိုလည်း သိထားပါတယ်၊ ဒါပေမယ့်ဗျာ . . . ကျုပ်တော်လှန်ရေးလုပ်နေတာကို နားမလည်တဲ့ ကျုပ်ယောက္ခမလောင်းအရေးပိုင်မင်းနဲ့လည်း မျက်နှာချင်းမဆိုင်ချင်တော့ဘူး၊ ပိုဆိုးတာက သိပ်ချစ်ရတဲ့ ချစ်သူရဲ့မျက်ရည်တွေကို ခဏခဏ ကျောခိုင်းထွက်ခဲ့ရတဲ့ ဒီရုပ်ရှင်ဇာတ်သိမ်းကို သိပ်မုန်းနေပြီဗျာ၊ ဒါကြောင့်လည်း ရုပ်ရှင်ထဲက ထွက်လာခဲ့မိတာပါ"

နှင်းဦးခင်က အလိုက်သင့် ခေါင်းညိတ်လိုက်တယ်။

"ဟုတ်ပါတယ်လေ . . . ဒီရုပ်ရှင်ကားကို တစ်ကြိမ်မက ကြည့်ဖူးတဲ့ ကျွန်မတောင် ကိုအောင်သာချစ်သူ သူဇာတင်ကို ကိုယ်ချင်းစာကြည့်လို့ ရပါတယ်၊ တစ်ခုတော့ရှိတယ် ကိုအောင်သာ၊ သူဇာတင်က မိသားစုသံယောဇဉ်ကြောင့်သာ တော်လှန်ရေးလုပ်ဖို့ မလိုက်ရဲပေမယ့် ကိုအောင်သာကို လေးစားချစ်ခင်ပြီးသားပါ၊ တော်လှန်ရေးသမားတစ်ယောက်ရဲ့ ချစ်သူဖြစ်ရတာကိုလည်း ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး၊ တစ်ခုရှိတာကတော့ ချစ်ခြင်းတရားနဲ့ပတ်သက်ပြီး ကိုအောင်သာ့အပေါ်မှာ ထပ်ပြီး ဂုဏ်ယူချင်ဦးမှာကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးစကားကြောင့် ကိုအောင်သာ မျက်မှောင်ကြုတ်ပြီး ပြန်မေးလိုက်တယ်။

"ဘယ်လို နှမလေး . . . သူဇာက ချစ်ခြင်းတရားနဲ့ပတ်သက်ပြီး ကျုပ်အပေါ် ဂုဏ်ယူချင်ဦးမယ်ဆိုတာက . . ."

နှင်းဦးခင် ပြုံးလိုက်တယ်။ စကားက ပြောလာရင်း လိုချင်တဲ့နေရာ ရောက်လာလို့ အပီအပြင် သိပ်ထည့်လိုက်တယ်။

"ရှင်းရှင်းလေးပါ ကိုအောင်သာ၊ မိန်းကလေးတွေဆိုတာက သူ့ချစ်သူအပေါ်မှာ တစ်ဘဝလုံးစာ အားကိုးယုံကြည်စိတ်နဲ့ ချစ်တတ်ကြတာမျိုးပါ။ ခုလို သူ့အချစ်တွေ၊ သစ္စာတွေကို ကျော်ခိုင်းပြီး အတ္တတစ်ခုနဲ့ ကိုယ်လွတ်ရုန်းသွားတဲ့ ယောကျ်ားတစ်ယောက်ကို သူ ဘယ်လိုသတ်မှတ်မလဲ၊ အဲဒီတစ်ချက်တည်းနဲ့တင် ကိုအောင်သာ့ အပေါ် အထင်ကြီးလေးစားတာတွေ လျော့သွားလိမ့်မယ်၊ ယောကျ်ားကောင်းဆိုတာ မှန်မှန်တတ စဉ်းစားတတ်ရမယ် ကိုအောင်သာ၊ သူဇာ တင်အမြင်မှာ ကိုအောင်သာကို တော်လှန်ရေးနဲ့ပတ်သက်ပြီး သတ္တိရှိသူတစ်ယောက်လို့ မြင်ခဲ့ပေမယ့် အချစ်ရေးမှာ သူရဲဘောကြောင်သူတစ်ယောက်အဖြစ် မြင်သွားစေချင်လို့လား"

စကားက တော်တော်ထိရောက်တယ်၊ ဝတ္ထုဇာတ်ညွှန်းဆရာတစ်ယောက် ဖြစ်ချင်နေတဲ့ နှင်းဦးခင်က သူ့အတတ်ပညာကို ဒီနေရာမှာ အကွက်ကျကျ ထုတ်သုံးလိုက်တာပဲ။ သောက်ကောင်မလေး တော်လိုက်တာ။ ကိုအောင်သာဟာ မျက်နှာတည်သွားတယ်။ မျက်စိကို စုံမှိတ်ပြီး အံတောင်ကြိတ်လိုက်သေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ နှင်းဦးခင်က သူလိုချင်တဲ့ ပွိုင့်ကို ထိဖို့အတွက် စကားနဲ့တဆုံး ထည့်တော့တယ်။

"ကျွန်မ ပြောတာကို ကိုအောင်သာ နားလည်မှာပါ၊ ခုဆို ကိုအောင်သာမှာ ရွေးစရာနှစ်လမ်းပဲ ရှိတော့တယ်၊ တစ်လမ်းက တော်လှန်ရေးကိုလည်း ကျောခိုင်းမယ်၊ သူဇာတင်ရဲ့အထင်သေးမှုတွေ၊ အမုန်းတွေကို လက်ခံပြီး အပြင်လောကမှာ ဖြစ်သလိုနေမလား၊ ဒါမှမဟုတ် နောက်တစ်လမ်းက အချစ်က အရာရာကို အကောင်းဆုံးဖြစ်စေမှာပဲဆိုတဲ့ စိတ်နဲ့ ရုပ်ရှင်ထဲကို ပြန်ဝင်ပြီး အခက်အခဲအားလုံးကို ယောက်ျားပီသစွာ သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းမလား၊ ကြိုက်ရာရွေးတော့ ကိုအောင်သာ"

နှင်းဦးခင်ကတော့ နောက်ဆုံး ကျည်ဆံကို ထုတ်သုံးလိုက်ပါပြီ။ ကိုအောင်သာ့ရင်ဘတ်ကို တည့်တည့်ထိသွားပုံပေါ်တယ်။ ကိုအောင်သာဟာ ဆုံးဖြတ်ချက်ကျသွားတဲ့ပုံစံနဲ့ လေးလေးနက်နက် ပြန်ပြောလာပါတယ်။

"ကျုပ် . . . ကျုပ် ရုပ်ရှင်ထဲ ပြန်ဝင်တော့မယ် နှမလေး၊ ဒါပေမယ့် . . . မင်းသားမင်းထက်ဆီမှာ ကတိတစ်ခုတော့ တောင်းရလိမ့်မယ်"

ပြောပြီး ကိုအောင်သာက Laptop ရှေ့ကို ပြန်သွားလိုက်ပြီး တစ်ဖက်က စောင့်နေသေးတဲ့ မင်းထက်ကို စေ့စေ့ကြည့်လိုက်တယ်။

"ကျုပ် ရုပ်ရှင်ထဲ ပြန်ဝင်ဖို့ ဆုံးဖြတ်လိုက်ပြီ ကိုမင်းထက်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . ကျုပ် ရုပ်ရှင်ထဲ ပြန်ဝင်ပြီးတာနဲ့ ခင်ဗျား တစ်ခုခု လုပ်ပေးရလိမ့်မယ်၊ အဲဒီကတိပဲ လိုချင်တယ်"

မင်းထက်က ခေါင်းညိတ်ပြလိုက်ရင်း . . .

"ခင်ဗျားဖြစ်ချင်တာ ဖြစ်စေရမယ် ကိုအောင်သာ၊ ကျုပ် ကတိပေးတယ်၊ ဘာလုပ်ပေးရမှာလဲသာ ပြော"

ကိုအောင်သာဟာ သူဖြစ်ချင်တဲ့ကိစ္စကို ပြောဖို့ အသက် ဝဝရှူသွင်းပြီး အားယူလိုက်ပါတယ်။

"ဒီလို . . . ဗျ . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၉)

အဲဒီအချိန်မှာ ရုပ်ရှင်ရုံထဲမှာ ထိုင်စောင့်ရင်း ဖေ့စဘုတ်ကြည့်နေတဲ့ ငွေမိုးဟာ မင်းထက်ရဲ့ ပေ့ချ် (Page) က ဇာတ်ကောင်အောင်သာ ရုပ်ရှင်ထဲ ပြန်ဝင်ဖို့အတွက် သဘောတူညီမှုရပြီဆိုတဲ့သတင်း တက်လာတာကို ဖတ်လိုက်ရတယ်။

ငွေမိုး ထိုင်နေရာက ချက်ချင်းထရပ်လိုက်ပြီး ဝမ်းသာအားရအသံပြဲကြီးနဲ့ အော်လိုက်တယ်။

"အားလုံးပဲ နားထောင်ကြဗျို့၊ ရုပ်ရှင်ထဲက ဇာတ်ကောင်အောင်သာ ရုပ်ရှင်ထဲ ပြန်ဝင်လာတော့မယ်တဲ့၊ မင်းသားမင်းထက်နဲ့ သဘောတူညီမှုရသွားပြီ၊ ခုပဲ ဖေ့စဘုတ်မှာ တက်လာတာ"

တစ်ရုံလုံးက ပရိသတ်တွေ ထရပ်ပြီး လက်ခုပ်လက်ဝါးတီးလိုက်ကြတယ်။ ရုံထဲမှာ သောသောညံရောပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေမိုးဟာ ရှပ်ရှင်ပိတ်ကားဆီ လှမ်းကြည့်လိုက်တယ်။ အရေးပိုင်မင်းနဲ့ သူ့မိန်းမရဲ့မျက်နှာတွေပေါ်မှာလည်း ဝမ်းသာ ရိပ်တွေက လက်လက်ထနေကြတယ်။

ဝမ်းသာမျက်ရည်တွေ တသွင်သွင်စီးကျနေတဲ့ သူဇာတင် ကိုကြည့်ရင်း ငွေမိုးရင်ထဲ ဝမ်းနည်းဝမ်းသာဖြစ်သွားပြီး ဆို့ဆို့ကျင် ကျင် ခံစားလိုက်ရသေးရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃၀)

Facebook ပေါ်က မင်းသားမင်းထက် တင်ထားတဲ့ ပေ့ချ် (Page) ကို ရုပ်ရှင်ထဲက လူတွေတင် မဟုတ်ဘူး။ တစ်တိုင်းတစ်ပြည်လုံး သိကုန်ကြပြီ။ ဒါကြောင့် တချို့က ဖေ့ဘုတ်ကို ဖွဘုတ်လို့ သောက်ခွက်ပြောင်ပြီး ကင်ပွန်းတပ်ကြတာ။

တစ်တိုင်းပြည်လုံးသိမှတော့ ဂျပန်ကြီးတို့အဖွဲ့လည်း သိပြီပေါ့။ သိသိချင်းပဲ ဂျပန်ကြီးနဲ့ အောင်သိန်းဟာ အရေးပေါ် အစည်းအဝေးကို အရက်ဖြူဆိုင်မှာ အချိန်နဲ့တပြေးညီ ကျင်းပလိုက်တယ်။ ဖြစ်စဉ်အားလုံးကို သုံးသပ်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ နှီးနှော တိုင်ပင်ကြတယ်။ သံချေးတက်နေတဲ့ ဦးနှောက်တွေနဲ့။ အိုင်းစ် . . . ။

နောက်ဆုံးရတဲ့အဖြေကတော့ သူတို့သုံးယောက် ရုပ်ရှင်ရုံ ရှေ့နားမှာ သွားစောင့်နေမယ်။ ဇာတ်ကောင် ရုပ်ရှင်ထဲပြန်ဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရင် စောင့်ဖမ်းမယ် . . . ဒါပဲ။ ကောင်းလိုက်တဲ့ အကြံ။ ရွှေဉာဏ်တော်စူးရောက်ပုံက အဲလို။

အရက်ဖြူဆိုင်မှာ သုံးယောက်သား ကန့်ကွက်မဲမရှိ ခိုင်လုံမဲသုံးမဲနဲ့ ဆုံးဖြတ်ပြီးချိန်မှာတော့ အရက်ဖြူတစ်လုံး ပါဆယ်ဆွဲပြီး ရုပ်ရှင်ရုံရှေ့ကို ကားနဲ့ ထွက်လာခဲ့ကြတယ်။

သူတို့သုံးယောက် ရုပ်ရှင်ရုံရှေ့ရောက်တော့ ရုံအနီးမှာလည်း လူတွေ ရုံးစုရုံးစု ဖြစ်နေကြပြီ။ ဂျပန်ကြီးက ကားထဲကနေ အခြေအနေကို ဝေ့ကြည့်လိုက်တယ်။ ပြီး . . . အရက်ဖြူဆိုင်ကနေ ခိုးလာတဲ့ သစ်သားတုတ်သုံးချောင်းကို ဝေခွဲယူလိုက်တယ်။ ပြီးတာနဲ့ ဂျပန်ကြီးက ခပ်တည်တည်ပဲ အမိန့်ပေးလိုက်တယ်။

"ဟော့ကောင်တွေ . . . ဟိုကောင် ပြန်ခုခံရင်တော့ ရိုက်သာရိုက်နော်၊ ခေါင်းထိ ခေါင်းပဲ၊ ခါးထိ ခါးပဲ၊ ခြေထောက်ထိ ခြေထောက်ပဲ"

အမှန်တော့ ဒီစကားက ဂျပန်ကြီးရဲ့ ကိုယ်ပိုင်အတွေးစကား မဟုတ်ဘူး။ Online မှာ ပြန့်နေတဲ့ ဗီဒီယိုဖိုင်ထဲက သင်တန်းပေးနေတဲ့စကားကို အတုယူခိုးချယူသုံးလိုက်တာ။ ဟက် . . . ဟက်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃၁)

မင်းသားမင်းထက်နဲ့ အပေးအယူ ကတိတွေပေးပြီး သွားမယ်ဆိုကာမှ သောက်ပြဿနာက ပေါ်လာပြန်တယ်။ ကိုအောင်သာဆီမှာ ရုပ်ရှင်ထဲပြန်ဝင်ဖို့ လက်စွပ်က မရှိတော့ဘူးလေ။ စိတ်ရှုပ်ရှုပ်နဲ့ စတိုးဆိုင်ရှေ့မှာ ပစ်ထားခဲ့ပြီ။

ကိုအောင်သာ ဇောချွေးတွေ ပြန်လာပြီး အဲဒီအကြောင်း နှင်းဦးခင်ကို ပြောပြလိုက်တယ်။ စကားအဆုံးမှာ နှင်းဦးခင်တစ်ယောက် ငယ်ထိပ်ကို မြွေပေါက်ခံရသလို ခံစားလိုက်ရပြီး . . .

"ဒုက္ခပါပဲ ကိုအောင်သာရယ်၊ အဲဒီလက်စွပ်မရှိတော့ ဘယ်လိုလုပ် ရုပ်ရှင်ထဲ ပြန်ဝင်လို့ ရတော့မှာလဲ"

ကိုအောင်သာက ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ရင်း-

"ကျုပ်လည်း စိတ်ရှုပ်လာတာနဲ့ ထားခဲ့တာပဲ နှမလေး၊



www.burmeseclassic.com

www.burmeseclassic.com



...လိုကြီး လွှင့်ပစ်ခဲ့တာတော့ မဟုတ်ဘူး၊ ကော်ဖီဘူးခွံထဲမှာ ထည့် ...း လမ်းဘေးချထားခဲ့တာ"

နှင်းဦးခင် စဉ်းစားလိုက်တယ်။

"အင်း . . . အဲဒီလိုဆိုရင်တော့ အဲဒီနေရာမှာ ရှိနိုင်သေး ...ယ် ကိုအောင်သာ၊ ကျွန်မတို့ ပြန်သွားရှာကြတာပေါ့၊ ကံကိုပဲ ...ားကိုးရတော့မှာပဲ"

"ဘာကံမှ အားကိုးမနေနဲ့နေတော့ နှင်းဦး၊ လက်စွပ်ကို ...ယူလာခဲ့ပြီ"

"ဟင်"

"ဟာ"

အသံကြောင့် တံခါးဝဆီကို လှမ်းကြည့်လိုက်ကြတယ်။ သူရ ...း လက်စွပ်ကလေး လက်ထဲကိုင်ထားရင်း တွေ့လိုက်ရတယ်။

နှင်းဦးခင်ခမျာ ပျော်လွန်းလို့ သူရဆီ ပြေးသွားပြီး အာဖွား ...မိတဲ့အထိပဲ။

"နင် အရမ်းတော်တာပဲ သူရ"

သူရ ပီတိတွေ ဖြာသွားရတယ်။ ပြန်ပြီး ပလီပလာ လုပ်ချင် ...မယ့် အချိန်က မရတော့ဘူး။ နှင်းဦးခင်က လုပ်ရမယ့် လုပ်ငန်း ...ကို ရှင်းပြလိုက်တယ်။ တစ်ဆက်တည်းပဲ သူရဆီက လက်စွပ်ကို ...း ကိုအောင်သာကို လှမ်းပေးလိုက်တယ်။

"ကဲ . . . ကျွန်မတို့ သွားရအောင် ကိုအောင်သာ၊ သူရ ...လေ . . . နင်လည်း လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



အပြင်ပြန်သွားရဦးမယ်ဆိုတာနဲ့ သူရဟာ အခန်းထဲမှာရှိတဲ့ ဦးထုပ်တစ်လုံးကို မဆီမဆိုင် ယူဆောင်းလိုက်သေးရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၃၂)

အခက်အခဲကတော့ တစ်ခုပြီးတစ်ခု ဆိုသလိုပဲ။ နှင်းဦးခင်တို့သုံးယောက် ရုပ်ရှင်ရုံအနီးရောက်တော့ ရုံအနီးမှာ မယောင်မလည် စောင့်နေကြတဲ့ ဂျပန်ကြီးတို့သုံးယောက်ကို တွေ့လိုက်ရတယ်။

နှင်းဦးခင်က အဲဒီမသာသုံးကောင်ကို မြင်လိုက်တာနဲ့ အခြေအနေမကောင်းဘူးဆိုတာ သိလိုက်တယ်။ ကိုအောင်သာကတော့ မကြောက်ဘူး။

"ဒီကောင်တွေလောက်တော့ ကျုပ် မမှုပါဘူးဗျာ၊ ရင်ဆိုင်ရဲပါတယ်၊ ကျုပ်လက်ကို ဖြတ်ယူနိုင်မှ သူတို့ ဒီလက်စွပ်ကို ရမယ်"

ကိုအောင်သာက ရဲရဲဝံ့ဝံ့ပဲ ပြောလာတယ်။ ဒါပေမယ့် . . နှင်းဦးခင် စဉ်းစားတာက တစ်မျိုး။

"ခဏလေး ကိုအောင်သာ၊ ကျွန်မက ဇာတ်ညွှန်းရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ့် မိန်းမပါ၊ ဒီထက်လှတဲ့အကွက်ကို သိပြီ”

“ပြောပါဦး . . . ဘယ်လိုလုပ်မှာလဲ”

သူရက ဝင်မေးလိုက်တော့ နှင်းဦးခင်က ဝင့်ခနဲ ပြုံးရင်း ပြန်ဖြေလိုက်တယ်။

“ကိုမင်းထက်ဆီ ဖုန်းဆက်လိုက်မယ်”

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

“ဟာ . . . ဟိုမှာ ဇာတ်ကောင်အောင်သာ ပြန်လာပြီ”

“ဟုတ်ရဲ့လားကွာ . . . အဲဒါ မင်းသားမင်းထက် မဟုတ်ဘူးလား”

“မင်းတို့ကလည်း ဇာတ်ကောင်အောင်သာမို့လို့ ရုပ်ရှင်ထဲက အဝတ်အစားတွေနဲ့ တွေ့တာပေါ့”

ရုံအနီးမှာ အဲဒီစကားသံတွေ ကြားလိုက်ရတာမို့ ဂျပန်ကြီးတို့သုံးယောက် လှမ်းကြည့်လိုက်ကြတယ်။ ရုပ်ရှင်ရိုက်တုန်းက အဝတ်အစားကို ပြန်ဝတ်ထားတဲ့ မင်းထက်ကိုလည်း ဇာတ်ကောင်အောင်သာလို့ပဲ ထင်လိုက်ကြတယ်။ အဲဒါကလည်း နှင်းဦးခင်က မင်းထက်ဆီ ဖုန်းဆက်ပြီး လူမှားအောင် လုပ်ခိုင်းလိုက်တာ။ ဟိုသောက်ရှူးသုံးကောင်တော့ သိမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com





သုံးယောက်စလုံးက ရှည်ရှည်ဝေးဝေး မစဉ်းစားတတ်တဲ့ ငတုံးတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အချက်ပြလိုက်ပြီး မင်းထက်ဆီ ပြေးဝင်သွားကြတယ်။

ဒါပေမယ့် . . . ငမိုက်သားတွေ ကံဆိုးရှာတယ်လေ။ မင်းသားမင်းထက် ခေါ်လာတဲ့ အရပ်ဝတ်စုံနဲ့ရဲအချို့က ဂျပန်ကြီးတို့ သုံးယောက်ကို ကွင်းခနဲ ဖမ်းလိုက်တာပေါ့။

အဲဒီအချိန်မှာပဲ နှင်းဦးခင်က ကိုအောင်သာကို ကြည့်လိုက်ပြီး . . .

"ကဲ . . . သွားပေတော့ ကိုအောင်သာ၊ ဒီအချိန်ဟာ ရုပ်ရှင်ထဲ ပြန်ဝင်ဖို့ အချိန်ကောင်းပဲ"

သူရကလည်း ဆောင်းထားတဲ့ဦးထုပ်ကို ချွတ်ပြီး လှမ်းပေးလိုက်တယ်။

"ရော့ဗျာ . . . ခင်ဗျားကို ရုတ်တရက် မမှတ်မိအောင် ဒီဦးထုပ်လေး ဆောင်းသွားလိုက်"

ကိုအောင်သာက သူရဆီက ဦးထုပ်ကိုယူပြီး ဆောင်းလိုက်တယ်။ ပြီး နှင်းဦးခင်ကို ရီဝေဝေလေးကြည့်ရင်း . . .

"ဒီက နှမလေးကိုရော ကိုသူရကိုပါ ကျေးဇူးတင်ပါတယ်ဗျာ၊ ခုလို ဘဝတစ်ကွေ့မှာ ကြုံခဲ့ရတဲ့အဖြစ်ကို ကျုပ်အမြဲတမ်း သတိရနေမှာပါ၊ ကျုပ် သွားတော့မယ်နော်"

ကိုအောင်သာ စကားအဆုံးမှာပဲ နှင်းဦးခင်က မျက်ရည်လေးဝဲပြီး ကိုအောင်သာကို ဖက်ပြီး နှုတ်ဆက်လိုက်တယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ဟင်ခနဲ ဖြစ်သွားပေမယ့် မချိပြုံးလေး ပြုံးနေလိုက်ရတယ်။

"ကျွန်မလည်း အမြဲအမှတ်ရနေမှာပါ ကိုအောင်သာ"

လှချင်းခွာလိုက်တော့ ကိုအောင်သာ သူ့အိတ်ကပ်ထဲက ငွေဒင်္ဂါးပြားလေး နှစ်ပြားကိုထုတ်ပြီး နှင်းဦးခင်နဲ့ သူရတို့ကို တစ်ပြားစီ ပေးလိုက်တယ်။

"တန်ဖိုးမရှိပေမယ့် အမှတ်တရပေါ့ဗျာ၊ ကျုပ် သွားတော့မယ်"

ကိုအောင်သာ လှည့်အထွက်မှာ နှင်းဦးခင်ရဲ့ မျက်ရည်စက်က ပါးပြင်ဆီ ပေါက်ခနဲ လိမ့်စီးသွားပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃၄)

ရုတ်တရက်ဆိုသလို ရုပ်ရှင်ပိတ်ကားထဲဆီ ပြန်ရောက်လာတဲ့ ကိုအောင်သာကိုကြည့်ပြီး ရုံထဲက ပရိသတ်တွေ ဝုန်းခနဲ ထပြီး လက်ခုပ်တီးလိုက်ကြတယ်။

ရုံထဲမှာ လက်ခုပ်သံတွေ ညံလို့။ မန်နေဂျာကြီးကလည်း ရုံထောင့်တစ်နေရာက ကြည့်ပြီး ဝမ်းသာမျက်ရည်တွေ ဝဲရှာနေတယ်။ တတ်လည်း တတ်နိုင်ပ။

ရုပ်ရှင်ထဲက အရေးပိုင်မင်းတို့လင်မယားဟာလည်း ပျော်လို့ရွှင်လို့။

အရေးပိုင်မင်းက . . .

"အောင်သာ . . . မင်း တော်လှန်ရေး ဆက်လုပ်ကွာ၊ ငါ့သမီးနဲ့ ပေးစားမယ်၊ ငါလည်း ဒီကုလားဖြူတွေရဲ့ ဘော 'မ' မနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ မင်းနဲ့အတူ တော်လှန်ရေးလုပ်မယ်"

ကိုအောင်သာမျက်နှာကြီးက မှိုရသလို ဝင်းပနေတယ်။ နံဘေးမှာ ပင်နီရင်ဖုံးအင်္ကျီလေးဝတ်ထားတဲ့ ချစ်သူ သူဇာတင်လည်း ရှိနေပြီလေ။

ကိုအောင်သာနဲ့ သူဇာတင်ဟာ အရေးပိုင်မင်း လင်မယား ကို ထိုင်ကန်တော့လိုက်ကြတယ်။

အဲဒီအချိန်မှာပဲ နှင်းဦးခင်နဲ့သူရဟာ ရုံထဲ ပြန်ဝင်လာကြ တယ်။ ရုပ်ရှင်ပိတ်ကားကိုကြည့်ပြီး သူတို့နှစ်ယောက်လည်း အပျော် တွေ ကူးစက်ကုန်တယ်။

ကိုအောင်သာဟာ ရုံထဲက ပရိသတ်တွေဆီ မျက်နှာမူလိုက် ပြီး ဦးညွှတ်အလေးပြုလိုက်တယ်။

လက်ခုပ်သံတွေဟာ ထပ်ဆူညံ။ ကိုအောင်သာကပဲ ပရိသတ် တွေဆီ ဝေ့ကြည့်ပြီး ဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်ပြီး ဝှေ့ယမ်းပြ လိုက်တယ်။

"ဟာ . . . အဲဒါ ငါ့ဦးထုပ်"

နှင်းဦးခင်က သူရပါးစပ်ကို လက်နဲ့ လှမ်းပိတ်လိုက်ရင်း လက်တစ်ဖက်က ငွေဒင်္ဂါးပြားလေးကို ထောင်ပြလိုက်တယ်။

ကိုအောင်သာနဲ့ နှင်းဦးခင်တို့ အကြည့်ချင်းဆုံလိုက်ကြတာ ကို ရုံထဲကလူတွေ ဘယ်သူမှ သတိမထားမိလိုက်ကြပါဘူးလေ။

ဒီလိုပါပဲ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃၅)

သာယာတဲ့ နေ့တစ်နေ့ပါပဲ။ ကောင်းကင်ဟာ ပြာစင်စင် ကြည်လင်နေတယ်။ မနက်ခင်း ဆယ်နာရီလောက်ဆိုတော့ အပူချိန်က သိသိသာသာ မပြင်းသေးဘူး။

ရန်ကုန်ရဲ့မြို့စွန်မှာရှိတဲ့ တံတားတစ်စင်းဆီကို ကားလေးတစ်စီး မောင်းလာတယ်။ ကားလေးက တံတားပေါ်အရောက်မှာ ရပ်သွားပါတယ်။

ကားပေါ်က ဆင်းလာသူတွေကတော့ မင်းသားမင်းထက်နဲ့ ထုတ်လုပ်သူ ဦးမိုးအောင်တို့ပါ။

မင်းထက်က လက်ထဲမှာ အိတ်တစ်အိတ်ကို ကိုင်ထားရင်း တံတားလက်ရမ်းနားဆီ ကပ်လိုက်တယ်။ ဦးမိုးအောင်ကတော့ မင်းထက်ရဲ့လက်ထဲက အထုပ်ကို နှမြောသလို ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်က တံတားလက်ရမ်းကနေ မြစ်ရေပြင်ကို ငုံ့ကြည့်လိုက်ရင်း . . .

"ကိုအောင်သာ . . . ခင်ဗျား ကတိတောင်းခဲ့တဲ့အတိုင်း 'အချစ်ချင်းမတူ' ရုပ်ရှင်ကားရဲ့ဖလင်တွေကို ကျွန်တော် လွှင့်ပစ်လိုက်တော့မယ်၊ ခင်ဗျား ရုပ်ရှင်ထဲမှာ ဘယ်တော့မှ ထပ်ကာတလဲလဲ မနာကျင်ရတော့ပါဘူးဗျာ၊ ဒီရုပ်ရှင်ဟာ လောကထဲက ပျောက်ကွယ်သွားပါပြီ"

ပြောပြီး လက်ထဲက အိတ်ကို ဖွင့်လို့ ဖလင်ထုပ်တွေကို နှိုက်ယူပြီး မြစ်ထဲပစ်ချလိုက်ပါတော့တယ်။ မြစ်ရေထဲ နစ်မြုပ်သွားတဲ့ ဖလင်တွေကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ဦးမိုးအောင်ဘက် လှည့်ပြီး မင်းထက်ပြောလိုက်ပါတယ်။

"ဦးမိုးအောင် . . . ကျွန်တော် နှင်းဦးခင်ဆိုတဲ့ ကောင်မလေးရဲ့ ဖုန်းနံပါတ်ပေးမယ်၊ သူ့ကို ဇာတ်လမ်း၊ ဇာတ်ညွှန်းတစ်ပုဒ်လောက် အပ်လိုက်ပါဗျာ၊ ကျွန်တော် သူ့ဝတ္ထုဇာတ်ညွှန်းကို ရိုက်ချင်လို့"

လေးစားစွာ

မိုးဟိန်း

၁၉၇၆ ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ ဗုဒ္ဓဟူးနေ့
ညနေ ၃ နာရီ ၁၅ မိနစ်။

ကြယ်ပွင့်စာပေ

www.burmeseclassic.com